
www.burmeseclassic.com



www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆)
ပျော်စာပေ၊ အမှတ်-၅၂၀(က)၊ အင်းဝ(၄)လမ်း၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျော်ရင် (မြ-၁၀၀၉၈)
(ရွှေခြေသံပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်ခြင်း - ၂၀၀၅ ခုနှစ်၊ ဇွန်လ။
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၀၀ ကျပ်
ဖြန့်ချိရေး - ဗိုးလပြည့်စာပေ
အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၀၉၀၉၄

၈၉၅-၈၃
ရှင်မြတ်နိုး
ဟောင်နဲ့ကျွန်မ/ရှင်မြတ်နိုး။ ရန်ကုန်။
ပျော်စာပေ၊ ၂၀၀၅။
(၂၅၆)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ
(၁) ဟောင်နဲ့ကျွန်မ

BURMESE CLASSIC

## အခန်း ( ၁ )

ဘိုင်ဘာမှတစ်ဆင့် သူနှင့် ခင်မင်ရင်းနှီးကျွမ်းဝင်ခဲ့ရသော ကောင်မလေး သင်းရန့်ကြိုင် (သို့မဟုတ်) သူမကိုယ်သူမ ကြိုင်ဟု ချစ်စနိုးခေါ်ဝေါ်သုံးစွဲတတ်သော ကြိုင်ရဲ့ခန္ဓာကိုယ် အလှအပရိုက်ဖို ကြီးငယ်အသွယ်သွယ် ထင်ရှားစွာ ရှုမြင်ခံစားနိုင်သည့် ဓာတ်ပုံလေး အား သူ့ရဲ့ဖုန်းမှ ကူးယူ၍ အသေအချာ စူးစမ်းကြည့်ရှုနေမိလေ သည်။ ရှည်လျားနက်မှောင်လျှက် ဆံပင်ဖြောင့်စင်းစင်းလေးက သူမ ရဲ့နောက်ကျောပြင်ပေါ်မှာ ဖြန့်ချထား၏။ လုံးဝပြင်ဆင်ချယ်သ ထားခြင်းမရှိ။ သဘာဝအလှစစ်စစ် ပိုင်ရှင်မလေးတစ်ယောက်ပဲဟု သူတွေးထင်မိနေသည်။ နှာတံချွန်မြမြလေး မျက်တောင်ကော့လေး တွေ ဝိုင်းရဲထားသော မျက်ဝန်းကျယ်ကျယ်ဝိုင်းဝိုင်းစက်စက် နှုတ် ခမ်းအစုံလေးက နှင်းဆီဖူးငုံလေးလို ထူထူအမ်းအမ်းလေး ကြိုင် အရမ်းလှတယ်ကွာဟု ပြောမိရင်း သူ့ရင်ဘတ်ထဲမှ နှလုံးသားအစုံက



www.burmeseclassic.com

www.burmeseclassic.com



တဆက်ဆက်လှုပ်ခါတုန်ယင်တာ အချစ်ရဲ့သင်္ကေတလား ... သူ တွေးမိနေခဲ့သည်။

"ကိုယ့်နာမည်က စိုးသံသာပါ ... ခင်မင်ရင်းနှီးတဲ့သူတွေက တော့ သံသာလို့ပဲ ခေါ်ကြတယ်"

"ကြိုင့်နာမည်က သင်းရနံ့ကြိုင်ပါ ... ကျွန်မကိုယ်တိုင်လည်း သဘောကျတယ် ... ကျွန်မကိုခင်မင်ရင်းနှီးတဲ့သူတွေကလည်း ချစ်စနိုးနဲ့ ကြိုင်လို့ပဲခေါ်ကြပါတယ် ... သံသာကတော့ နှစ်သက် သလို ခေါ်ပါနော်"

သူ ဘိုင်ဘာမှတစ်ဆင့် ယင်းနှင့်သင်းရနံ့ကြိုင်ဆိုသော ကောင်မလေးတစ်ယောက်နှင့် ခင်မင်ရင်းနှီးကျွမ်းဝင်ခဲ့ရာမှ ကြိုင့်ရဲ့ အသံချိုချိုအီအီလေးကို ကြားမိတိုင်း သံသာ့နှလုံးသားတွေ တဒိန်း ဒိန်းတုန်ခါနှစ်သက်သဘောကျရတဲ့အထိ ခံစားခဲ့ရတာ သူမက သူ့ရဲ့ ဖူးစာရှင်ချစ်သူဖြစ်ရမယ့် ချစ်သူလောင်းလျာလေးအဖြစ် သတ်မှတ် လိုက်ရတဲ့အထိ ဖြစ်လာခဲ့သည်။

"ကြိုင် ... ကိုယ့်ကို မင်းဓာတ်ပုံပို့ပေးပါ၊ ကိုယ်တောင်းဆို ချင်တာက မင်းရဲ့အလှအပတွေ ပြင်ဆင်မထားတဲ့သဘာဝဓာတ်ပုံ လေးတစ်ပုံလောက် ပို့ပေးပါ ... ကိုယ့်ဓာတ်ပုံလည်း ပို့ပေးမယ်နော်၊ အိုကေ ... "





"အိုကေ ... "

သံသာနှင့်ကြိုင်တို့ ခင်မင်ရင်းနှီးလာခဲ့တာ တစ်နှစ်လောက် တောင်ရှိနေသည်။ ဖုန်းတွေလည်းပြောဖြစ်သည်။ သူမက မိဘတွေ မရှိတော့ဘူး။ ဦးလေးမိသားစုနဲ့နေရတာ ပိုတဲ့ငွေကြေးကြွယ်ဝ ချမ်းသာမှုမရှိပေမယ့် အလယ်အလတ်မိသားစုကနေ မွေးဖွားလာခဲ့ ရပြီး ဦးလေးရဲ့စည်းကမ်းတွေ ဓိုင်းကောင်းကျောက်ဖိ ကြီးပြင်းလာ ခဲ့ရသည်တဲ့။ သူမနှင့် ဘွဲ့ရပြီးမှ လွတ်လပ်ခွင့်တစ်ချို့တလေ ရရှိလာ သူပါတဲ့။

"သံသာနဲ့ကျွန်မတို့က အသက်အတူတူပဲနော် ... ဒါပေမဲ့ သံသာက ပညာပိုတတ်တယ်၊ ပိုချမ်းသာတယ်၊ ရေကြောင်း တက္ကသိုလ်မှာတက်နေတာဆိုတော့လေ ... "

"ကိုယ်က ကြိုင့်ဘာဝအမှန်တွေကိုပဲ သိချင်တယ်၊ ကိုယ်ရိုး သားဖြူစင်မှုကို သဘောကျတယ်၊ ကိုယ့်ကိုမလိမ်ညာနဲ့နော်"

"အင်း ... "

"ဒါဆိုရင် ... မင်းရဲ့ဓာတ်ပုံလေး ကိုယ်လုံးပေါ်လေးနော်၊ ရိုးစင်းတဲ့ကောင်မလေးတစ်ယောက်ရဲ့အလှ ဓာတ်ပုံချင်း ဖလှယ် ကြမယ်လေ ... "

"အင်း ... "



www.burmeseclassic.com

www.burmeseclassic.com



တလလောက်နီးပါး ကြာမြင့်အောင် တကျိုကျိုတောင်းဆိုမှ သူမဓာတ်ပုံလေး ပို့ပေးခဲ့သည်။

"ကြိုင်ရယ် ... သင်းရနံ့ကြိုင်ရယ် ... မင်းအရမ်းကိုလှတယ်ကွာ၊ ချစ်စရာကောင်းတယ်၊ သံသာ့နှလုံးသားတွေကို စွဲကိုင်လှုပ်ခတ်စေတယ် ... ကိုယ့်ရင်တွေ တဒိန်းဒိန်းခုန်နေတာ ကိုယ်ပြန်ကြားနေရတယ် ... ကြိုင့်ကိုအရမ်းချစ်မိသွားပြီ ထင်တယ်ကွာ"

တကယ်တော့ သံသာ ဘိုင်ဘာမှတစ်ဆင့် ကောင်မလေးတွေ တော်တော်များများနှင့် ခင်မင်ရင်းနှီးပြီး ဖုန်းအဆက်အသွယ်တွေရခဲ့ပေမယ့်လည်း သူ့နှလုံးသားတွေ တုန်လှုပ်မှုလုံးဝမရှိခဲ့။ သံသာ့အတွေးစိတ်ကူးထဲမှာ သူအလွန်အမင်း ရင်ခုန်ရသော ချစ်သူမိန်းကလေးတစ်ယောက်ကို ရှာဖွေလိုနေခဲ့သည်။ သူ့နှလုံးသားအထဲထိ လုံးဝငြိတွယ်လှုပ်ခတ်နိုင်တဲ့ မိန်းကလေးအချစ်စစ်စစ်နဲ့ ချစ်နိုင်မည့်သူ ... ဒါပေမဲ့လည်း ဘယ်လောက်ပဲချောမောလှပနေပါစေ ငွေကြေးမနှဥစ္စာတွေ ကြွယ်ဝချမ်းသာနေပါစေ ပြည့်စုံနေတဲ့မိန်းကလေးဖြစ်နေတာတောင် သူ့နှလုံးသားတွေက ငြိမ်သက် မာကျောမှုတွေနှင့်လက်မခံနိုင်တဲ့အထိ ဖြစ်နေခဲ့ရ၏။ နောက်ဆုံး သူနှင့်ဆုံတွေ့ခဲ့ရတဲ့ ကောင်မလေး ကြိုင်နှင့်ရင်းနှီးကျွမ်းဝင်စမှာပင် သူ့နှလုံးသားတွေအထိ စွဲငြိရင်ခုန်လိုက်မောရတာ တဖြည်းဖြည်းနှင့် ခိုင်မာသော အချစ်တွေနှင့် ချစ်မိနေခဲ့သည်။



"ဓာတ်ပုံလေးတွေ့တော့ ကိုယ်မနေနိုင် မထိုင်နိုင်လောက်အောင် ချစ်မိသွားရပြီကြိုင် ... ရင်တွေခုန်လိုက်တာ"

သံသာ နှလုံးသားတွေ အချစ်တွေနှင့်ပြည့်နှက်ဖိတ်လျှံလျှက်။ ဟန်ပန်တွေလည်း မလုပ်နိုင်။ မာနတွေလည်း ပြိုကျယိုင်နဲ့စွာ ကြိုင့်ကိုတွေ့ချင်ကြောင်း အကြိမ်တစ်သိန်းမက တောင်းဆိုမှတွေ့ခွင့်ရခဲ့သည်။

"ကျွန်မ သံသာ့ကို မိတ်ဆွေတစ်ယောက်အနေနဲ့ပဲတွေ့ဆုံတာပါနော် အထင်တော့မသေးပါနဲ့ ... ကျွန်မမှာ ပိုက်ဆံမချမ်းသာပေမယ့် မာနတော့ချမ်းသာတယ်"

"ကိုယ်က မာနရှိတဲ့ မိန်းမကိုပဲနှစ်သက်တာပါ ... ကိုယ်က အစွမ်းအစရှိတဲ့ယောက်ျားပဲ ငွေကြေးချမ်းသာဖို့ မလိုပါဘူးကြိုင်"

"အိုကေ ... ကျွန်မတို့နှစ်ယောက် တွေ့ကြမယ်လေ၊ ကျွန်မချိန်းတဲ့နေရာကို သံသာ လာခဲ့ပါ"

"လာမယ်လေ ..."

ကြိုင်က ကြည့်ဦးလေ ... ချိန်းတဲ့နေရာ ... ရွှေတိဂုံစေတီတော်မြတ်ကြီးရဲ့ ရင်ပြင်တော် တနင်္ဂနွေထောင့်။ သံသာရင်တွေ တဒိန်းဒိန်းခုန်လျှက်။ တွေ့မြင်တဲ့ဆန္ဒတွေ ပြင်းပြစွာ ကြိုင်နှင့်ကြို



www.burmeseclassic.com

www.burmeseclassic.com



တင်ပြောဆိုထားသော မြန်မာဆန်ဆန်ဝတ်စုံနှင့် ရင်ပြင်တော်ပေါ် တနင်္ဂနွေထောင့်မှာ ယောင်ချာချာရပ်နေမိသည်။

"ရှင်က တေးသံသာလား"

"ဗျာ"

"ကျွန်မက ကြိုင်ပါ ... သင်းရနံ့ကြိုင် ... "

သံသာ သံသယတွေဖြင့် ကောင်းကင်ကြီးပေါ် မော့ကြည့်မိသွားရလေသည်။ မိုးပေါ်ကနေ နတ်သမီးလေးတစ်ပါးများ ပြုတ်ကျလာလားလို့ပါ။ သင်းရနံ့ကြိုင်က ဓာတ်ပုံထဲမှာထက်ပင် ပိုမိုချောမောလှပနေထွက်နေသေး၏။ သူမက ဒီမှာ အူကြောင်ကြောင်နဲ့ ဘာလဲဟုအသံပေးမှ အသိတွေ ဖြတ်ခနဲပြန်ဝင်လာကာ သူမထံသို့ အကြည့်တွေ ပြန်ရောက်သွားသည်။

"ဘုရားဝတ်ပြုမယ်"

"ဟင် ... "

"ဘာဟင်လဲ"

"ဟို ... ဟို ကောင်းပါတယ်ကြိုင် ... ဘုရားဝတ်ပြုကြမယ် ကိုယ်တို့နှစ်ယောက်ရဲ့ ပထမဆုံး တွေ့ဆုံခင်မင်ကြတဲ့နေ့လေးမှာ ကုသိုလ်တွေနဲ့ စတင်ကြမယ်လေ"

"အဲဒါကြောင့် ပြောတာပေါ့"





တေးသံသာဆိုတဲ့လူက ယောကျ်ားပီသစွာ ချောမောသူဟု ကြိုင် အမှတ်တော့ပေးမိထားသည်။ ဓာတ်ပုံနှင့်အပြင် မတူကွဲပြားနေမှာ ကြိုင်စိတ်အပူဆုံးပင်။ တချို့က မဟုတ်မဟတ်တွေ မိန်းကလေးတွေအပေါ် အကောက်ကြံစည်တတ်ကြ၏။ တေးသံသာနှင့် တွေ့ဆုံဖို့ ကြိုင် အသေအချာ စဉ်းစားနေခဲ့ရသည်။

"သူ့ပုံစံက မဆိုးပါဘူး ... ကြိုင် တွေ့ကြည့်လိုက်ပါ ... ယောကျ်ားပီသပါတယ်ဟ ချောခန့်နေတာပဲ"

သူငယ်ချင်း မေကြောင့်ပဲ ကြိုင်နှင့်တေးသံသာတို့ တွေ့ဆုံခင်မင်ခွင့်ရခဲ့ကြတာဆိုတော့ မေ့အကြံအတိုင်းပဲ ကြိုင်တွေ့ဆုံဖို့ ဆုံးဖြတ်မိသည်။ ပြီးတော့လည်း ကြိုင်ကိုယ်တိုင်က တေးသံသာရဲ့ ဓာတ်ပုံကိုတွေ့ပြီးထဲက ရင်တွေတုန်ပြီး သူနှင့်တွေ့ချင်တဲ့ဆန္ဒတွေ အလွန်အမင်းဖြစ်ပေါ်လာခဲ့၍ဖြစ်၏။ ကြိုင့်ရင်ထဲမှ ဆန္ဒတွေကို အမူအယာပျက်ယွင်းမသွားစေရန် ထိန်းချုပ်၍ ဘုရားကိုဝတ်ပြုသည်။

"အရှင်မြတ်စွာဘုရား ... ဘုန်းတန်ခိုးကြီးမြတ်တော်မူသော ရွှေတိဂုံဆံတော်ရှင်စေတီမြတ်ကြီးထံမှာ တပည့်တော်မ ဆုတောင်းပါသည် ... တေးသံသာဆိုတဲ့လူကို မြင်မြင်ချင်းမှာပဲ ချစ်ခင်နှစ်သက်ခဲ့မိပါသည်ဘုရား ... ချစ်သူအဖြစ် အသက်ထက်မက ချစ်မြတ်နိုးလျှက် အတူတူမခွဲမခွာ လက်ထပ်ပေါင်းသင်း နေထိုင်ခွင့်ရချင်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်ဘုရား … ဤမွန်သော သစ္စာစကားကြောင့် တေးသံသာနှင့် ပေါင်းဖက်ခွင့်ပေးတော်မူပါဘုရား"

ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်အုပ်လေးချီမိုးရှိခိုး မိရင်း ကြိတ်၍ ကြိုင်ဆုတောင်းမိပြီးမှ ရှက်စိတ်တွေကြောင့် သူမ ခန္ဓာကိုယ်လေး ပူလောင်နွေးထွေးသွားသည်။ တေးသံသာကတော့ ဘာတွေများ ဆုတောင်းနေသည်မသိ။ ကြိုင်ကဲ့သို့ပင် ဆုတောင်း နေခဲ့၏။ ကြိုင်က မိဘမဲ့ပါ ဆွေမျိုးတွေအိမ်မှာကပ်နေခဲ့ရပြီး မပြည့် မစုံဘဝကြီးပြင်းလာခဲ့ရသည်။ တေးသံသာကတော့ ငွေကြေးချမ်း သာပုံပဲ။ ကြိုင် မတန်မရာနှင့် မိန်းကလေးတစ်ယောက်ရဲ့တန်ဖိုး လည်း အကျမခံနိုင်ပါဘူး။ ယောကျ်ားလေးတယောက်ကို ဘယ်လို အကြောင်းပြချက်မျိုးနှင့်ပဲဖြစ်ဖြစ်လေ မိန်းကလေးဘက်ကနေ စတင်ချစ်ကြောင်း ရေလာမြောင်းပေး ဖြားယောင်းသွေးဆောင်ရန် ကြိုင် လုံးဝလက်မခံနိုင်။ ယောကျ်ားလေးတွေနှင့် အဝေးဆုံးအကင်း ရှင်းဆုံးနေထိုင်လာခဲ့တဲ့ ကြိုင်ပါ။ တေးသံသာနှင့်ခတ်ပုံခြင်းဖလှယ် ခဲ့ပြီးမှသာ အချစ်ဆိုတာတွေ ကြိုင့်နှလုံးသားတွေထဲ တားဆီးမရ တိုးဝင်ခံစားခဲ့ရကြောင်း ဝန်ခံရမည်ဖြစ်သည်။

"ကြိုင် …"

"အမလေး … အို … လန့်သွားတာပဲ တေးသံသာရာ၊ အနီး





ကပ်ရှိနေတာပါ ဘာဖြစ်လို့များ အသံကျယ်ကြီးနဲ့အော်လိုက်ရတာ လဲ"

"ကိုယ် တိုးတိုးလေးခေါ်လိုက်တာပါ … ဘုရားပေါ်မှာ လူ တွေ ဒီလောက်များနေတာ၊ အသံကြီးနဲ့အော်ပါ့မလား … ကြိုင် အတွေးလွန်နေလို့ပဲဖြစ်လိမ့်မယ် … ဟုတ်တယ်မဟုတ်လားကြိုင်"

"ဟင်"

"ဘာတွေစဉ်းစားနေတာလဲ တေးသံသာက လူကောင်းမှ ဟုတ်ရဲ့လား … လူလိမ်လူကောက်လား ကြိုင့်ကို ဘာလုပ်မလဲ၊ မင်းတွေးနေတာ ကိုယ့်အကြောင်းတွေပဲ မဟုတ်လား"

"ဟုတ်တယ် … ကြိုင် လာတွေ့မိတာ မှားများမှားနေပြီ လားလို့လေ …"

"ကိုယ်က လူကောင်းပါ … လူတော် လူရိုး … "

"သွားစမ်းပါ … ကိုယ့်ကိုယ်ကိုဖေါ်ရင် မသူတော်ပဲနော်"

တေးသံသာရဲ့ ဖော်ရွှေသောအပြုံးတွေနှင့် အပြောချိုချိုတွေ ကြောင့်ပဲထင်သည်။ ကြိုင် ကြောက်စိတ်တွေကတော့ လွင့်စင် ပျောက်ပျက်သွားရ၏။ ဘုရားကို တပတ်ပတ်ပြီး တေးသံသာက တခုခုလိုက်ကျွေးပါရစေဟု တောင်းဆိုပြီး သူ့ကားရပ်ထားတဲ့နေရာ ကို ခေါ်ဆောင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … တေးသံသာက အရမ်းချမ်းသာတာပဲ၊ မဖြစ်ဘူးထင်တယ် ကြိုင်ရယ် … မတန်မရာ သူ့ကိုထပ်ပြီးပတ်သက်ဖို့ လုံးဝမဖြစ်ဘူးထင်တယ် … "

တေးသံသာဆိုတဲ့ယောကျ်ားတယောက်ဆီမှာ အချစ်စစ်အချစ်မှန်တွေရှိနေနိုင်ပါ့မလား။ ကြိုင့်အသိတရားတွေဆီ သံသယတွေက အလုံးအရင်းနှင့်ဝင်ရောက်လာသည်။ ကျောရအောင်ကြိုတာတို့ ခြေတော်တင်ခံရတာတို့ အဖြစ်မခံနိုင်ဘူး။ ကြိုင်ထင်ထားတာထက်တောင် တေးသံသာက ချမ်းသာကြွယ်ဝနေပုံရ၏။ အဆက်ဖြတ်ပြစ်ရမယ်။ ယောကျ်ားတစ်ယောက်ဆီက အထင်သေးစော်ကားမှု မခံနိုင်၍ဖြစ်သည်။

"တက်လေ"

"ကျွန်မ ပြန်တော့မယ်"

"ဘာဖြစ်လို့လဲကြိုင် … ကိုယ့်ကိုမယုံကြည်တာလား"

မင်းကိုယ်မင်း ဈေးတင်နေတာလားကြိုင်ဟု မေးခွန်းတစ်ခုကိုတော့ ကြိုင်က အဲဒီလိုကောင်မလေးတစ်ယောက် မဖြစ်နိုင်ဟု အတွေးကြောင့် ဆက်မမေးရဲတော့။

"ကြိုင်တို့လူချင်းတွေ့ပြီးကြပြီပဲ ပြန်မယ်လေ … "

"ကိုယ် လိုက်ပို့ပေးမယ် ကြိုင် ဘယ်မှာနေတာလဲ"





"နေပါစေ သံသာ"

"ကြိုင်"

"ကြိုင်က သံသာ့ကိုဒီလောက်အထိ ချမ်းသာနေမှန်း မသိလို့လာတွေ့တာပါ … ကြိုင် ထပ်ပြီးမပတ်သက်ချင်တော့ဘူး ပြန်မယ်၊ ကျွန်မ အငှားကားနဲ့ပဲ ပြန်ချင်တယ် … ခွင့်ပြုပါဦး … "

"သင်းရနံ့ကြိုင် … "

"ဟင် … "

ကြိုင်ရဲ့အေးစက်စက် ရေခဲတုံးပမာဖြစ်နေတဲ့ လက်လေးကိုဆွဲယူ၍ သူ့ကားထဲအတင်းအကျပ် ဝင်ထိုင်စေသည်။

"ရှင် ဘာလုပ်တာလဲ … ကြိုင့်ကို အထင်မသေးနဲ့နော်၊ သံသာ ထင်ထားသလို အပေါစားမိန်းကလေးမဟုတ်ဘူး ဖယ်"

"ကြိုင် … မင်းအေးအေးဆေးဆေးနဲ့ သံသာခေါ်တဲ့နောက်ကို မလိုက်ရင် ကိုယ်ဖက်နမ်းပြစ်မှာ … မင်း ရဲကိုတိုင်ချင်တိုင်"

"ရှင် … ရှင် … "

သံသာ ကားလော့ခ်ကိုချပစ်လိုက်ပြီး မောင်းထွက်လာခဲ့သည်။ မင်း ငြင်းဆန်နေရင် ပြဿနာပိုတက်သွားမှာနော် ကြိုင်ဟု ခြိမ်းခြောက်လိုက်တော့လည်း မျက်ဝန်းလေးတွေ တလယ်လယ်နှင့် ငြိမ်သက်နေခဲ့၏။ မင်း ရိုးသားဖြူစင်တာ ကိုယ်သိပါတယ်ကြိုင်။



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားချင်းထိတွေ့ဆက်စပ်နေခဲ့တာပဲ ကိုယ့်နှလုံးသားက အတိုင်းအဆမရှိအောင် တုန်နေခဲ့တယ်လေ။ မင်းရောပဲမဟုတ်လား မင်းရဲ့ပန်းသွေးရောင်ထနေတဲ့ နှင်းဆီဖူးငုံနှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်နေတယ်။ ကြိုင်နဲ့သံသာတို့က အတိတ်ဘဝတွေထဲက ဖူးစာရေစက်ရှိခဲ့ကြတဲ့ ချစ်သူတွေပါကွာ။ မြင်မြင်ချင်းမှာပဲ ကြိုင့်ကို သံသာချစ်မိသွားပြီဖြစ်သည်။

အခန်း ( ၂ )

ညစဉ်တိုင်းပဲ ကြိုင်နှင့်သံသာ စကားတွေပြောဖြစ်ကြသည်။ ဆုံးဖြတ်ချက်တွေ ခိုင်ခိုင်မာမာနှင့်ကြိုင့်ကို ရည်းစားစကားပြောပစ်လိုက်၏။ ကြိုင့်ဘက်မှ ချက်ချင်းပဲ မချစ်နိုင်ဘူးဟု တုန့်ပြန်ခဲ့သည်။

"ကြိုင် မာယာများပြနေတာ မဟုတ်ဘူးနော် သံသာ … ကျွန်မက မိဘမဲ့ … ဦးလေးအိမ်မှာကပ်နေရတယ်၊ ပညာကလဲ သာမန်ပဲ … ကျွန်မ မျှော်မှန်းသင့်တဲ့အဆင့်ထက် မြင့်လွန်းနေတဲ့ သံသာ့ကို မချစ်နိုင်ပါဘူး … ကျွန်မကိုထပ်ပြီး မဆက်သွယ်ပါနဲ့တော့"

"ကိုယ်တို့မိသားစုက ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ်ပဲ ဆုံးဖြတ်လုပ်ဆောင်ခွင့်ရှိပါတယ် ကြိုင် … ကိုယ်ချစ်မြတ်နိုးဖို့ပဲ အမိကထားတယ် … ကြိုင်မယုံရင် ကိုယ်မာမိနဲ့တွေ့ပေးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ပါဘူး ... လုံးဝမဖြစ်နိုင်တာပါ။ ဝမ်းနည်းပါတယ်"

ကြိုင်က တကယ်ပဲအဆက်အသွယ် ဖြတ်တောက်ပစ်ခဲ့သည်။ သံသာ ဆက်သွယ်လည်း ကြိုင်ဘက်က လက်မခံခဲ့။ ကြိုင်နေတဲ့ လိပ်စာကိုမရမက ရှာဖွေရန် ကြိုင့်ကိုအတင်းအကျပ်ကြီးပဲ ပတ်သက်ခဲ့၏။ ကြိုင့်ဦးလေးထံတွင်လည်း ဒူးထောက်လျက် ကြိုင့်ကိုလက်ထပ်ခွင့်ရရန် တောင်းဆိုခဲ့သည်။

"မင်းမိဘတွေက လက်ခံသဘောတူပြီး ဦးလေးတို့ဆီမှာ လာတောင်းရမ်းမယ်ဆိုရင်တော့ လက်ခံပေးပါ့မယ်လေ"

"စိတ်ချပါ ... မာမီ့ကိုပြောပါ့မယ် ... ကျွန်တော်ကသာ ကြိုင့်ကို ဘယ်လိုမှလက်လွှတ်အဆုံးရှုံးမခံနိုင်တော့အောင် ချစ်မြတ်နိုးတာ ... မာမီသိရင် ဝမ်းမြောက်ဝမ်းသာ လာတောင်းရမ်းမှာပါ"

ကြိုင့်ရဲ့သဘောထားကို မေးသည်။ သံသာ ကတိစကားတွေ အကြိမ်ထောင်သောင်းမက တတွတ်တွတ်ပြောမှ သံသာ့ကို ကြိုင်လည်း စတွေ့တွေ့ချင်းပဲ ရင်တွေတဒိတ်ဒိတ်တုန်ယင်သွားရပြီး ချစ်မိနေခဲ့တာပါတဲ့လေ။ ဒါပေမဲ့ ... ကြိုင် ကိုယ်နဲ့မတန်မရာကို မမှန်းချင်ဘူးတဲ့။ သံသာတို့ အသိုင်းအဝိုင်းထဲ ဝင်ဆန့်နိုင်မှာမဟုတ်သလို သံသာလည်းဂုဏ်ငယ်ရမယ်တဲ့။ သံသာကတော့ ကြိုင့်ကို မစွန့်လွှတ်နိုင်ဘူး။ မိသားစုကိုပဲ စွန့်လွှတ်မယ်ဆိုတော့လည်း အင်း





လေ ... သံသာ့မာမီက သဘောတူလက်ခံမယ်ဆိုရင် ကြိုင် မငြင်းပယ်တော့ပါဘူးတဲ့။

"ကြိုင် လိုက်ခဲ့ပါ ... ကိုယ့်မာမီက ကြိုင့်ကိုခေါ်လာခဲ့တဲ့ သားချစ်မြတ်နိုးတဲ့ မိန်းကလေးဖြစ်လို့ မာမီလက်ခံတယ်တဲ့"

"ဟုတ်လို့လား သံသာရယ် ... ကြိုင် ခုထိယုံကြည်မှုမရှိသေးဘူး ... အိပ်မက်တစ်ခုလားလို့တောင် ထင်နေတယ် ... ကြိုင်ကြောက်လည်းကြောက်နေတယ်"

"ကိုယ်ရှိပါတယ် ကြိုင်ရယ် ... မာမီကအဆင့်အတန်းမခွဲခြားတတ်ပါဘူး ... ပြီးတော့လေ ... ကြိုင့်လို ရိုးသားဖြူစင်တဲ့ကောင်မလေးတစ်ယောက်နဲ့ပဲ သားကိုလက်ထပ်စေချင်တယ်၊ မောက်မာထောင်လွှားတဲ့ ချွေးမတွေကို မာမီက လုံးဝမနှစ်သက်ဘူးတဲ့ကြိုင်"

"ဟုတ်လား"

ကြိုင် ခုထိတကယ့်ကို ကယောင်ကတမ်းနှင့် လုံးဝမဖြစ်နိုင်တဲ့ကိစ္စတစ်ခုက ဖြစ်လာခဲ့တာဆိုတော့လည်း အိပ်မက်မက်နေတာလား ဘာလား ဇဝေဇဝါ အိပ်မက်ကနေ လန့်နိုးသွားမလားလို့ တထိတ်ထိတ်။ သံသာကတော့ ကြိုင့်ကိုချစ်လွန်းသည်။ ကြိုင့်ဦးလေးမိသားစုကိုလည်း လေးစားပြီး တရင်းတနှီးဆက်ဆံသည်။

"မာမီ့ကို ပြောပြထားပါတယ်၊ ကြိုင်လုံးဝစိတ်မပူနဲ့ ... တွေ့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်လေ ... ဒီရပ်ကွက်လေးအထိ မာမီလိုက်တောင်းပေးပါ့မယ်တဲ့ ... "

ကြိုင် သဘောတူလိုက်သည်။ သံသာ့ကိုမှ ကြိုင်မခွဲနိုင်တော့တာပဲ။ ဖြစ်ချင်ရာဖြစ်လေ ကြိုင်ရင်ဆိုင်မယ်။ သံသာ မာမီထားရာနေစရာသွားပါ့မယ်။ ကြိုင့်လိုမိန်းကလေးတစ်ယောက်ကို ချွေးမအဖြစ် လက်ခံပေးတာကိုပဲ ကျေးဇူးတင်မိသည်။

"သံသာ့သဘောပါပဲ ... ကြိုင်အားလုံးနာခံပါ့မယ်၊ သံသာနဲ့ကြိုင်လည်း မခွဲနိုင်တော့ပါဘူးနော်"

"ကြိုင်ရယ် ... "

သံသာ အပျော်ကြီးပျော်သွားသည်။ ကြိုင့်ပါးပြင်လေးအားဖွဖွလေးနမ်းရှိုက်လျှက် နှုတ်ဆက်ခဲ့ပြီး မာမီ့ဆီပြန်လာခဲ့၏။ မာမီကိုအကျိုးအကြောင်းတွေအားလုံး ပြောပြခဲ့လေသည်။

"သံသာ့ကို မာမီယုံကြည်ပါတယ်လေ ... သံသာရွေးချယ်ခဲ့တဲ့ မိန်းကလေးက မာမီလက်ခံနိုင်မယ့် ချွေးမလောင်းလေးဖြစ်မှာသေချာပါတယ် ... ဒါပေမဲ့လည်း သံသာ မင်းကိုကိုသံစဉ်အကြောင်းပြောပြမထားလို့ အခက်တွေ့နိုင်တယ်နော်"

သံသာမေ့နေခဲ့တာ သံစဉ်ပဲ။ သံသာနှင့်အမွှာအစ်ကိုတေးသံစဉ်ပါ။ သံသာနှင့် သုံးမိနစ်သာခြားပြီး မွေးခဲ့တဲ့ တေးသံစဉ်





က စိတ်ကစဉ့်ကလျား ရောဂါဝေဒနာကြောင့် မာမီက တိုက်ထဲမှာပဲထားခဲ့ပြီး လူသိမခံခဲ့ပေ။

"သားကြီးသံစဉ်အကြောင်း အသိပေးမှဖြစ်မယ်၊ မိသားစုဝင်တွေဖြစ်သွားပြီဆိုရင် အသိပေးရမယ်လေ ... ဒါကြောင့်လည်းမာမီက ရိုးသားဖြူစင်တဲ့မိန်းကလေးဖြစ်လို့ စိတ်ဝင်စားတာ"

သံစဉ့်ကို ငယ်ငယ်လေးထဲက ဆေးကုထားရတာပါ။ သံစဉ်သုံးနှစ်သားအရွယ်မှာ မာမီချိုးရင်း မာမီ့လက်ထဲကနေ ပြုတ်ကျသွားရာ ခေါင်းကိုထိသွားပြီး တဖြည်းဖြည်းနှင့်ယဉ်ယဉ်လေး စိတ်ဝေဒနာ ခံစားခဲ့ရသည်။ မာမီက သားကြီးအခုလိုဖြစ်ရတာ မာမီကြောင့်ဟု ထင်မှတ်ထား၍ သားကြီး စိတ်ချမ်းသာပျော်ရွှင်ရေးကိုပဲအမိက ဖြည့်စွမ်းပေးခဲ့သည်။

"မာမီ့ကြောင့်ပါ ... သားကြီးကို ပေါ့ပေါ့ဆဆ ထိန်းကျောင်းခဲ့လို့လေ ... ခေါင်းကိုထိသွားခဲ့တာ မာမီ့မှာ အပြစ်ရှိတယ် ... ကြည့်စမ်းပါဦး ... သားကြီးသံစဉ် ဘဝတစ်ခုလုံး ပျက်စီးခဲ့ရပြီ"

သားကြီးအား အရွှးဟုအခေါ်ခံရမှာ မိမိစိတ်အပူဆုံးပင်။ ဆေးကိုလည်း နိုင်ငံခြားအထိခေါ်ယူကုသပေးခဲ့သဖြင့် အရမ်းအဆိုးဝါးကြီးမဖြစ်ခဲ့။ ယဉ်ယဉ်လေးပဲ စိတ်ဝေဒနာကို ခံစားနေခဲ့ရသည်။

"သားငယ်ကိုလည်း မိသားစုဘဝလေးတစ်ခု ပျော်ရွှင်ချမ်း



www.burmeseclassic.com

www.burmeseclassic.com



မြေ့စွာ တည်ဆောက်စေချင်ပါတယ် ... မာမီနဲ့သားကြီးသံစဉ်ဘဝကိုပါ နားလည်ပေးနိုင်တဲ့ မိန်းကလေးမျိုး ဖြစ်စေချင်တာပါ”

“ကြိုင်က မာမီသဘောကျစေမယ့် ချွေးမလောင်းပါ၊ ကိုကို့အကြောင်းပြောပြလည်း ပြဿနာမရှိပါဘူး မာမီ ... အောက်ခြေဘဝကလာတဲ့သူပါ”

ဒေါ်ရီတာနွယ်ကတော့ သားကြီးသံစဉ်အတွက်ပဲ စိတ်ပူပန်ရသည်။ သံစဉ် ဆယ့်နှစ်နှစ်သားအရွယ်ထဲကနေ တိုက်ထဲမှာပဲထားခဲ့သည်။ ဉာဏ်ရည်ထက်မြက်ပေမယ့် တချက်တချက်မှာ စိတ်ဝေဒနာက ထ၍ဖောက်တတ်၏။ သားကြီးသံစဉ်အား စိတ်ချမ်းသာပျော်ရွှင်အောင် အမြဲတမ်းအလိုလိုက် အကြိုက်ဆောင်ပေးခဲ့သည်။

“မာမီနဲ့သားကြီးသံစဉ်ကိုတော့ သံသာခွဲသွားလို့ မဖြစ်ဘူးနော် ... ကိုကို့ကို သံသာအမြဲတမ်း စောင့်ရှောက်ထားရလိမ့်မယ်ကွယ်”

“စိတ်ချပါ မာမီ ... သံသာမခွဲပါဘူး၊ သံစဉ့်ကိုလည်း စောင့်ရှောက်ထားမှာပါ ... ကြိုင့်အတွက်လည်း ပူစရာမလိုပါဘူး၊ မာမီ့သဘောကျနေထိုင်မယ့် ချွေးမပါဗျာ”

“ကောင်းပြီလေ ... သင်းရန့်ကြိုင်ကို ခေါ်လာခဲ့၊ မာမီနဲ့တွေ့မယ် ... သားငယ်နဲ့လက်မထပ်ခင် သားကြီးအကြောင်း ပြော





ပြမယ်”

ဒေါ်ရီတာနွယ် အကြောက်ဆုံးက သားသံစဉ်အား အရူးတစ်ယောက်အဖြစ် ပတ်ဝန်းကျင်မှ သတ်မှတ်လိုက်မှာကိုပင်။

ထို့ကြောင့် တိုက်ထဲမှာပဲထားကာ ပတ်ဝန်းကျင်အား လုံးဝအသိမပေးခဲ့။ အမြဲတမ်းလည်း သားငယ်အတွက် ကြေကွဲထိခိုက်ရသည်။

“မာမီ ... သံသာနဲ့ဘာတွေဆွေးနွေးနေတာလဲ”

“သားသံစဉ် ... လာထိုင်လေ ... ”

သားကြီးသံစဉ် ရောက်လာသည်။ ရုတ်တရက် ကြည့်ရင်တော့ သားကြီးသံစဉ်က ဖြူနုချောမောခန့်ညားသူပါ။ သားငယ်သံသာနှင့် ခွဲမရအောင် ရုပ်ရည်တူနေပြီး တစ်ခါတရံ မိခင်ဒေါ်ရီတာနွယ်ကိုယ်တိုင်ပင် မှားတတ်သေး၏။ စိတ်ဝေဒနာရှင်ဟု မထင်ရ၊ ယဉ်ယဉ်လေးပါ။ သံစဉ့်စိတ်ဆန္ဒတွေ မပြည့်ဝတဲ့ ဒေါသထွက်မှ စိတ်ကစဉ့်ကလျား ဖြစ်သွားတတ်သည်။

“သံသာ့မှာ ချစ်သူရှိနေပြီ သားကြီး ... လက်ထပ်တော့မယ်လေ ... ”

“ဟုတ်လား ... ကောင်းတယ် ... သံစဉ့်ကြောင့် သံသာ့ဘဝကို အထီးမကျန်စေချင်ပါဘူး၊ မိသားစုဘဝလေး တည်ဆောက်တာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်"

သံစဉ်က စိတ်ဝေဒနာတွေ ထမဖောက်လျှင် တည်ငြိမ်အေးချမ်းပြီး ပြောဆိုနေထိုင်တာကအစ စတိုင်ကျသူပါပဲ။ သားကြီး စိတ်တွေအလိုမကျမှုတွေ မဖြစ်စေရန်လည်း မိမိအမြဲတမ်း ဂရုတစိုက် စောင့်ရှောက်နေခဲ့သည်။

"သံစဉ်ကိုလည်း မိတ်ဆက်ပေးမယ်နော် ... သံသာ့ချစ်သူနာမည်က သင်းရနံ့ကြိုင်တဲ့ ... ကြိုင်လို့ပဲတရင်းတနှီးခေါ်နော်"

"အိုကေ"

"သားကြီးရော ချစ်သူရှာပေးရမလား ... မာမီ့မှာ သူငယ်ချင်းသမီးလေးတွေရှိတယ် ဘယ်လိုလဲကွ ... "

"တော်ပါပြီ မာမီရာ ... "

သံစဉ် စိတ်မဝင်စားပါဘူး။ သံသာအတွက်ရှရင် တော်ပြီ။

"မာမီ သားကြီးကတော်လိုက်တာ ... မာမိနဲ့ပဲနေနော် ... လိမ္မာတယ် မိန်းကလေးတွေကို စိတ်မဝင်စားတာ အရမ်းကောင်းတယ်"

"သံစဉ်က မာမိနဲ့ပဲနေမှာ ... အပူတွေမရှာချင်ဘူး၊ သံစဉ်တစ်ယောက်ထဲ အေးချမ်းတဲ့ဘဝလေးကိုပဲ ကြိုက်တယ်မာမီ"

"ကောင်းတယ် ... ကောင်းတယ်"





"သံသာချစ်သူကို တွေ့ချင်နေပြီ ... အရမ်းချောလား ... သံသာအတွက်ပဲ သံစဉ်စိတ်အေးချင်တာပါ"

ညီအစ်ကိုချင်းလည်း တစ်ယောက်ကိုတစ်ယောက် အချစ်ကြီးကြသည်။ အထူးသဖြင့် သားကြီးသံစဉ် စိတ်ဆင်းရဲမည့်အလုပ်ဟူသမျှ သားငယ်သံသာက ရှောင်၏။ သံစဉ် ပျော်ရွှင်အောင်ပဲ လုပ်ဆောင်ပေးနေတတ်လေသည်။

"သံစဉ်"

"ဟင်"

"နောက်ဆို သံသာလက်ထပ်လိုက်လို့ အတွဲရသွားရင်လည်း သံစဉ်ကြည့်ပြီး စိတ်မကောင်းမဖြစ်ရဘူးနော် ... အတူတူပဲနေမှာ"

"အေးပါ ... သံသာပျော်ရွှင်မယ်ဆိုရင်လည်း သံစဉ်ကျေနပ်ပါပြီကွာ ... ဘာဖြစ်လို့ စိတ်မကောင်းဖြစ်ရမှာလဲ ... မိသားစုဝင်တစ်ယောက်တိုးတာလေ"

ဒေါ်ရီတာနှယ် ပျော်ရွှင်ရသည်။ သင်းရနံ့ကြိုင်ဆိုတဲ့ ချွေးမလောင်းလေးရဲ့ ဓာတ်ပုံလေးကိုလည်း မိမိကြည့်ရတာ စိတ်အေးချမ်းမိသည်။ ချောလွန်းပြီး ဖြူစင်မှုအပြည့်ရှိနေ၏။ သားငယ်သံသာကလည်း ချစ်လွန်းတော့ မိမိသဘောတူလက်ခံပေးဖို့ပဲ ရှိသည်။

"လောလောဆယ်တော့ သံစဉ်သားကြီးက [illegible]လေး



www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းထဲမှာပဲနေပေးဦးနော် ... သင်းရန့်ကြိုင်ရဲ့ အခြေအနေကို ကြည့်ရဦးမယ်လေ ... မာမီပြောတာ သားကြီးသဘောပေါက်ပါတယ်နော်"

"ဟုတ်ကဲ့ပါ မာမီ ... သံစဉ် မသိမသာလေးပဲကြည့်ပါ့မယ်၊ သံသာ အဆင်ပြေဖို့အတွက်ဆိုရင် သားကြီးဘာမဆိုလုပ်ပေးနိုင်ပါတယ်"

"လိမ္မာလိုက်တဲ့ သားကြီးရယ် ... "

အခုတလော သားကြီးသံစဉ့်စိတ်က ပုံမှန်အခြေအနေဖြစ်နေသည်။ မိမိဂရုတစိုက်ပြုစုစောင့်ရှောက်ထားပေးခဲ့၍ဖြစ်၏။ မျက်နှာလေးက ကြည်လင်သန့်စင်စွာ ထပြီးမဖောက်တာပင် နှစ်ချီနေသည်။

"သံသာလည်း ဘာမှစိတ်မပူနဲ့ မာမီ့ချွေးမလောင်းလေး ဓာတ်ပုံတွေ့ရတာတောင် မာမီအရမ်းပဲ သဘောကျနှစ်သက်မိတယ်လေ"

"သံသာ့ချစ်သူရဲ့ ဓာတ်ပုံရှိလို့လား မာမီ ... "

"ရှိတာပေါ့ သံစဉ်ရဲ့"

"သံစဉ် ကြည့်ချင်တယ်"

"ဒါကတော့ ထိပ်တန်းလျှို့ဝှက်ချက်အနေနဲ့ သံစဉ့်ကိုပြလို့





မဖြစ်ဘူး ... အရမ်းအံ့ဩသွားအောင် မနက်ဖြန်လူကိုယ်တိုင်ရောက်လာမှ ကြည့်ရမယ်"

"ကောင်းပါပြီ ... ကောင်းပါပြီ မနက်ဖြန်မှ ကြည့်ပါတော့မယ်"

"သားကြီးသံစဉ် အနားယူတော့ ... အားဆေးလေးသောက်ရမယ်နော် ... သံသာရဲ့ မင်္ဂလာဧည့်ခံပွဲတက်ဖို့ အားမွေးထားပါ"

သားကြီးသံစဉ် ခေါင်းလေးညိတ်ပြပြီး ထထွက်သွားသည်။ ရင်မောလိုက်ရတာ။ တစ်နေ့မှ စိတ်မအေးမိ။ သံစဉ့်ကြောင့်ပါ။ မိမိရဲ့ ပေါ့ဆမှုက သားကြီးသံစဉ့်ဘဝတစ်ခုလုံး အနာဂတ်မဲ့သွားခဲ့ရတာပဲဖြစ်၏။ အမြဲတမ်း ကြေကွဲဝမ်းနည်းနေခဲ့ရသည်။

"သံစဉ့်အခြေအနေက တော်တော်လေးကောင်းနေတယ်နော်မာမီ ... စိတ်မပူပါနဲ့ သံသာရှိပါတယ် ... သံစဉ့်ကို စောင့်ရှောက်ပေးဖို့လည်း ကတိပေးပါတယ်"

မာမီ့မျက်ဝန်းတွေထဲမှာ မျက်ရည်ကြည်တွေ ကာရံနေသည်။ သံစဉ်အတွက် စိတ်ပူပင်ရလွန်းလို့ သံသာအားပေးနှစ်သိမ့်ပေးနေခဲ့ရ၏။ ကြိုင်လည်း နားလည်ပေးနိုင်မှာပါ။ မာမီ့ကို သံသာ ချစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

မိန်းကလေးက ချောလိုက်တာ နှဖတ်ဝင်းမွတ်နေတာပါပဲ လား။ သားငယ် သံသာ ချစ်ခင်နှစ်သက်မယ်ဆိုရင်လည်း စွဲမက်စရာ လေး ရိုးသားဖြူစင်ပုံလည်းရသည်။ သင်းရနံ့ကြိုင်လို မိန်းကလေး မျိုးကိုသာ မိမိချွေးမအဖြစ် ရွေးချယ်လိုနေခဲ့၏။ သားကြီးတေးသံစဉ် အတွက်ပါ။ မိမိအမြဲတမ်း စိတ်သောကရောက်နေခဲ့တဲ့ကိစ္စတစ်ခု။ မိမိမျက်ကွယ်ပြုသွားလျှင် သားကြီးတေးသံစဉ်အား စောင့်ရှောက် ထားနိုင်မည့် အခြေအနေဖြစ်စေချင်နေသည်။

"ကြိုင် ... ဒါ ကိုယ့်မာမီပါ။ ဒေါ်ရီတာနွယ်တဲ့ ... "

"ဟုတ် ... "

"မာမီ သူပဲလေ ... သံသာ့ချစ်သူပါ ကြိုင် ... "

သံသာတို့က ချမ်းသာလွန်းသည်။ ဒါပေမဲ့လည်း သံသာ့မာမီ





ရဲ့ ဖော်ရွေချိုသာတဲ့ အပြုံးတွေဖြင့် ဆီးကြိုနေသဖြင့် ကြိုင့်ရင်ဝမှာ စို့တစ်နေတဲ့ အပူလုံးက ပြုတ်ကျသွားရ၏။ ဟူး ... တော်ပါသေးရဲ့။ ကြိုင့်ခြေဖျားလက်ဖျားလေးတွေ အေးစက်နေသည်။

"သမီးလေး ဘာမှရှက်ကြောက်နေစရာ မလိုပါဘူးကွယ်၊ မာမီ ကြိုဆိုပါတယ် ... ဆင်းရဲချမ်းသာတာက အရေးမကြီးပါဘူး၊ ရိုးသားဖြူစင်မှုရှိဖို့သာ အရေးအကြီးဆုံးလို့ မာမီသတ်မှတ်ထားပါ တယ်"

"ဟုတ်ကဲ့ ... ကျေးဇူးအရမ်းတင်ပါတယ် မာမီ ... ကြိုင့်မှာ လိုအပ်တာရှိရင်လည်း ဆုံးမနိုင်ပါတယ်"

သင်းရနံ့ကြိုင်ကို ဒေါ်ရီတာနွယ် နှစ်သက်သည်။ မိမိတို့ မိသားစုအား နားလည်မှုပေးနိုင်မည်ဟု ထင်မိ၏။ သားသံစဉ် အကြောင်း ပြောပြဖို့ အချိန်ယူရမည်ဖြစ်သည်။

"လက်ထပ်ဖို့ကိစ္စတွေကတော့ သားနဲ့သမီးတို့ ညှိနှိုင်း တိုင်ပင်ကြပါ ... မာမီစီစဉ်ပေးမယ်၊ သမီးကြိုင်ရဲ့ အုပ်ထိန်းသူတွေ ဆီမှာလည်း မိသားဖသားပီပီ တောင်းရမ်းပေးပါ့မယ်၊ စိတ်တိုင်းကျ ဖြစ်စေရပါ့မယ်ကွယ်"

သင်းရနံ့ကြိုင်လို မိန်းကလေးမျိုးတွေ့ဖို့ ခက်ခဲမည်ဖြစ် သည်။ အေးချမ်းတယ် ... သူမရဲ့ဆံပင်ရှည်ရှည်တွေကို မိမိအနှစ်



www.burmeseclassic.com

www.burmeseclassic.com



သက်ဆိုးပင်။ မျက်ဝန်းလေးတွေထဲမှာ အရောင်အညစ်အနွမ်း လုံးဝကင်းမဲ့လျက်။ အရုက်အကြောက်ကြီးသူလေး ဖြစ်နေ၏။ တဖြည်းဖြည်းနှင့် သံစဉ်အကြောင်းတွေကို အေးအေးဆေးဆေး သေသေချာချာ ပြောပြရမည် ဖြစ်သည်။

"သားနဲ့သမီးလေးတို့ လွတ်လပ်စွာနေထိုင်ကြနော် ... စီစဉ်စရာရှိတာတွေလည်း စီစဉ်ကြ၊ သားကလည်း သမီးလေး စိတ်ချမ်းသာစေဖို့ အစွမ်းကုန်ဖြည့်စွမ်းပေးပါ"

"ဟုတ်ကဲ့ပါ မာမီ ... ကိုယ်တို့အပြင်ထွက်ကြမယ် ... လာလေ ကြိုင် ... "

"ခွင့်ပြုပါဦး မာမီ ... "

"ကောင်းပါပြီကွယ်"

သံသာတို့စုံတွဲ ပြန်ထွက်သွားတော့မှ ဒေါ်ရီတာနွယ် ပူပန်သောကတွေ လျော့ကျသွားရပြီ။ စိတ်အေးချမ်းသွားရသည်။

"မာမီ ... "

"ဟင် ... သားသံစဉ် ... "

သားသံစဉ် မျက်နှာလေးပေါ်မှာ ညို့ညို့မှိုင်းမှိုင်းလေးဖြစ်နေ၍ ဒေါ်ရီတာနွယ် ထိတ်ထိတ်လန့်လန့်လေး ကြည့်မိသည်။ သံစဉ် ပျော်ရွှင်နေမှ မိမိစိတ်အေးရမှာပါ။





"သား သံစဉ်တွေ့လား ... စောစောက သံသာ့ချစ်သူ ဘယ်လိုပဲ အိုကေလား ... "

"မာမီ ... "

"ပြောလေ သံစဉ် ... "

"သံစဉ်လေ ... သံသာ့ချစ်သူကို လက်ထပ်ချင်တယ်"

"အမလေး ... ဘာ ... ဘာပြောတယ်သံစဉ် ... အဲဒါ မတောင်းဆိုသင့်ဘူးဆိုတာရော သားသိရဲ့လား"

"သံစဉ်လည်း ဘာမှမသိတော့ဘူး ... သင်းရနံ့ကြိုင်ကို တွေ့တွေ့ချင်းပဲ သံစဉ့်ရင်တွေ အရမ်းခုန်တတ်သွားတာပါ၊ အချစ်တွေကို ခံစားလိုက်ရတယ် ... ကြိုင့်ကို သံသာအဖြစ် သားဝင်ပြီးလက်ထပ်ချင်တယ်၊ ဒီတစ်ခါတော့ မာမီလိုက်လျောပေးပါဗျာ ... ကြိုင့်ကိုချစ်သွားပြီ ... သံစဉ့်ရင်ထဲမှာ ရူးမတတ်ပဲ မာမီ ... "

"ဟင်း ... "

သားသံစဉ့်စကားတွေကြောင့် ဒေါ်ရီတာနွယ် တုန်လှုပ်ရလွန်း၍ အသိတရားတွေ မှောင်ကျသွားသလိုလို ရပ်တည်နိုင်စွမ်းပင်မရှိတော့ ဆိုဖာနောက်မှီပေါ် ပြိုလဲကျသွားတော့မတတ်ဘဲ။

ဘုရားရေ ... သံစဉ့်ဆန္ဒတွေကို မိမိဘယ်လိုလုပ် ဖြည့်ဆည်းပေးရမလဲ။ လိုတာမရလျှင် ဒေါသတွေပေါက်ကွဲလွှင့်စင်ကာ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကစဥ့်ကလျားနှင့် သေကြောင်းပင် ကြံစည်တတ်တဲ့သူပါ။ ငယ်စဉ်က သံစဉ်လိုချင်တဲ့ စက်ရုပ်ကို သံသာကမပေး၍ လသာဆောင်လက်တန်းပေါ်တက်၍ သူ့ကိုယ်သူ သေကြောင်းကြံစည်ဖို့ ကြိုးစားခဲ့ဖူးသည်။

"သား သေပြစ်လိုက်တာမှကောင်းဦးမယ် မာမီ ... စိတ်ညစ်တယ် ... သံသာ့စက်ရုပ်မှမရရင် သား သေပြစ်မယ်"

စက်ရုပ်က နှစ်ရုပ်ပါ။ အရောင်ပဲ မတူတာ။ အတူတူပေးတာတောင် သံသာ့လက်ထဲမှာကိုင်ထားတဲ့ အရုပ်ကိုမှ ယူချင်ခဲ့၍ အတင်းအကျပ် တောင်းခဲ့ဖူးသည်။

"အတူတူချင်းပဲလေကွာ ... သံစဉ် အရမ်းအနိုင်ကျင့်တယ်၊ မပေးဘူးကွာ"

သံသာကလည်း ငယ်ရွယ်သူဖြစ်နေ၍ မပေးခဲ့ပေ။ လူကြီးတွေ ချော့မော့တောင်းတာကို မပေးဘဲ ကပ်သပ်နေ၍ သံစဉ်ဒေါသထွက်လာကာ လသာဆောင်ပေါ်ကနေ ခုန်ချဖို့လုပ်တာ လူကြီးတွေ အသိမြန်သွား၍ဖြစ်သည်။

"ရော့ သံစဉ် ... ယူ ... ယူပါ၊ မင်းကြိုက်တာယူနော်၊ သံသာပေးမယ် ... သေကြောင်းတော့ မကြံပါနဲ့၊ သံစဉ်သေရင် သံသာလည်း လိုက်သေပြစ်မှာနော်"





ထိုထဲက သံစဉ်တောင်းဆိုသမျှ သံသာလိုက်လျှောပေးခဲ့သည်။ သံစဉ် တစ်ခုခုဖြစ်သွားမှာ သံသာအကြောက်ဆုံးပဲ။ အမွှာညီအစ်ကိုဖြစ်နေ၍ တစ်ယောက်ကိုတစ်ယောက် သံယောဇဉ်ကြီးကြသည်။ ခက်တာက သံစဉ်တောင်းဆိုနေခဲ့တာက သံသာလိုက်လျှောပေးနိုင်မှာ မဟုတ်။ သံသာချစ်သူ ဖြစ်နေသည်။

"သားသံစဉ် အခုသားတောင်းဆိုနေတာက သံသာပိုင်တဲ့ စက်ရုပ်မဟုတ်ဘူးလေ ... သံသာ့ချစ်သူဖြစ်နေတယ် သားကြီးရယ်"

သံစဉ် ဘယ်လိုလုပ်ရမလဲ။ ကြိုင့်ကိုချစ်မိနေသည်။ မြင်မြင်ချင်းပဲ ဘာဖြစ်လို့ ရယူပိုင်ဆိုင်မှု ဆန္ဒတွေ ပြင်းပြလာရတာလဲ မသိဘူး။ သံစဉ် ဘာမှမစဉ်းစားချင်တော့ဘူး။ သံသာချစ်သူတွေ ဘာတွေမသိဘူး။ ကြိုင့်ကို သံစဉ်ပိုင်ဆိုင်ထားလိုနေခဲ့၏။ သံစဉ်ရင်တွေခုန်နေသည်။

"သံသာ ရောက်လာရင် သံစဉ်တောင်းမယ် ... မရဘူးမာမီ၊ သံစဉ် နှလုံးသားတွေထဲမှာ ကြိုင့်ကိုချစ်တယ်၊ ရင်တွေအရမ်းတုန်နေတယ် မာမီ ... အဲဒါ အချစ်လား ... ကြိုင့်ကို အရမ်းချစ်သွားပြီ၊ ချစ်တယ် ... ချစ်တယ် ... "

"သံစဉ် သတိထားပါဦးကွယ် ... သံစဉ်တောင်းတဲ့အခွင့်အရေးက သံသာ့အတွက် အခက်အခဲတွေဖြစ်နိုင်မယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မာမီ"

"သား‌ရယ် ... "

"ကြိုင့်ကို သံစဉ်လက်ထပ်မယ် ... ဘာပဲဖြစ်ဖြစ် သံသာ့ဆီကနေတောင်းမယ် ... မာမီပဲ သံစဉ်စိတ်တွေ ပျော်ရွှင်စေချင်တယ်ဆို ... ကြိုင့်ကိုပေးပါ ... "

ကြိုင်က သံသာရဲ့ချစ်သူတွေဘာတွေ မသိတော့ဘူး။ သံစဉ်ပိုင်ဆိုင်ထားချင်သည်။ သံစဉ့်နှလုံးသားတွေထဲမှ အချစ်တွေကဘယ်ကနေဘယ်လို ရောက်လာမှန်းမသိအောင် တိုးဝင်ငြိတွယ်နေ၏။ သံသာပေးကိုပေးရမယ်။

"ကြိုင့်ကိုမပေးရင် သံစဉ်အရမ်းကို ကြေကွဲဝမ်းနည်းရလိမ့်မယ် မာမီ ... ရင်တွေခုန်နေတယ်၊ မာမီ စမ်းကြည့်စမ်းပါဗျာ"

မာမီ့လက်ကိုဆွဲယူပြီး သူ့ရင်ဘတ်ပေါ်တင်ပေးလိုက်ရာ နှလုံးခုန်သံတွေ အတိုင်းအဆမရှိအောင် မြန်နေတာ မာမီသိသွားသည်။

"သားသံစဉ် ... စိတ်ကိုထိန်းစိမ်းပါ၊ မင်း အဲဒီလိုဖြစ်လို့ မရဘူးလေ ... သေသေချာချာ စိတ်တွေကို တည်ငြိမ်အောင်ထားပြီးမှ စဉ်းစားပါနော်"

"မစဉ်းစားဘူး မာမီ ... ဘယ်သူ့ကိုမှလည်း ငဲ့ညှာထောက်





ထားမနေနိုင်တော့ဘူး ... ကြိုင့်ကိုချစ်တယ်ဗျာ ... မာမီ တောင်းပေးရမယ် ... သံစဉ့်ကို ဒီလိုဘဝမျိုးရောက်အောင် မာမီလုပ်ခဲ့တာပဲ ... သံစဉ့်ဘဝ လူတောထဲတောင် မတိုးရဲဘူး"

"တော်ပါတော့ သားကြီးရယ် ဆက်မပြောပါနဲ့ ... အေးပါ အေးပါ ... မာမီ စီစဉ်မယ် ... "

"ကြိုင့်ကိုသာရမယ်ဆိုရင်လေ သံစဉ် ငြိမ်ငြိမ်လေးနေပါ့မယ်၊ မာမီ့စကားကိုလည်း နားထောင်ပါ့မယ်"

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ ... သံစဉ် ပျော်ရွှင်စေရမှာပါ၊ အနားယူလိုက်တော့နော် ... မာမီအားလုံး စီစဉ်ပေးပါ့မယ် သားရယ်"

သားသံစဉ်ကို စိတ်သောကအရောက်ခံလို့မဖြစ်ဘူး။ သွက်သွက်ခါ ရူးသွပ်သွားမှာရော သားကိုယ်သား သေကြောင်းကြံမှာရော ကြောက်မိသည်။ မာမီ့ကြောင့် သံစဉ့်ဘဝ လူတောထဲမတိုးရဲတာဟု ပြောလိုက်တဲ့စကားတွေကိုလည်း ဒေါ်ရီတာနွယ် မကြားရဲခဲ့။ နားကြင်ကြေကွဲနေရ၏။ မျက်ရည်တွေပြည့်ဝိုင်းစို့တက်လျှက် သံစဉ်ပျော်ရွှင်ကျေနပ်စေရန် လုပ်ဆောင်ပေးဖို့ပဲဖြစ်သည်။

"သွား ... သွား ... စိတ်ချပါ သားရယ်၊ မာမီ့တာဝန်ထားစမ်းပါ ... သားသံစဉ် ဆန္ဒပြည့်စေရမယ်၊ မာမီအမြဲတမ်း ဖြည့်ဆွမ်းပေး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ သံစဉ်သိပါတယ် ... ယုံပါနော် ... "

"ဒါမှ သံစဉ့်မာမီကွ ... သံစဉ်နဲ့သံသာက ရုပ်ချင်းဆင်တူ တယ်လေ မခက်ပါဘူး ... သံသာ့နေရာ သံစဉ်ဝင်လိုက်ရုံပဲ"

ဘုရားရေ ... ဒီလိုကျတော့လည်း အကြံဉာဏ်တွေထွက်ပြီး စီစဉ်တတ်တာပဲ။ သံစဉ်လည်း ရုပ်ရည်ခန့်ညားချောမောတဲ့ ယောကျ်ား၊ ဉာဏ်ပညာလည်း ထက်ပါတယ်။ သံစဉ် အလိုမကျမှု သာ လုပ်ချင်တာတွေ လုပ်ပြစ်တတ်သည်။ သံစဉ် ပျော်သွားရကာ မိမိပါးပြင်အား ဖက်၍နမ်းရှိုက်ထွက်သွား၏။ ဒေါ်ရီတာနွယ် ဟန် ဆောင်ပျော်ရွှင်ပြရတာတွေ ရုတ်ချည်းပျောက်ပျက်သွားရကာ သံသာဆီမှာ ဘယ်လိုတောင်းဆိုရမလဲဟု အပူမီးတောက်တွေ ရင်ဝ မှာ ထတောက်လာရသလိုပင်။ သံသာ ချစ်မြတ်နိုးရတဲ့ မိန်းက လေး။ ပြီးတော့ အချစ်ဦး စွဲမက်ဖွယ် အလှအပတွေ ပိုင်ဆိုင်ထားတဲ့ နူးညံ့သိမ်မွေ့ဖြူစင်တဲ့ သင်းရနံ့ကြိုင်။

"မာမီ ရှုံးတော့မယ် သားသံသာရယ် ... ဘယ်လိုပြောထွက် မှာလဲ ... မာမီ အရမ်းမတရားလုပ်သလို ဖြစ်ရမယ်"

သံသာ အမြဲတမ်းပဲ သံစဉ့်စိတ်တွေ ပျော်ရွှင်ကျေနပ်စေရန် သံစဉ်ဆန္ဒတွေမှန်သမျှ လိုက်လျောဖြည့်စွမ်းပေးခဲ့ပေမယ့် ဒီတစ်ခါ သံစဉ့်တောင်းဆိုမှုက သံသာနှင့်လက်ထပ်မည့်ချစ်သူကြိုင် ဖြစ်နေ





သည်။

"မာမီ ဘယ်လိုလုပ်ရမလဲဟင် သားသံသာရယ် ... လက်ခံ ခေါင်းညိတ်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်တာပါ၊ မာမီ နားလည်ပါတယ်၊ မာမီပဲ သေပြစ်လိုက်ချင်ပါတော့တယ်ကွယ် ... "

ဒေါ်ရီတာနွယ့်မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်တက် လာသလို သံသာထံ မတောင်းဆိုသင့်သောကိစ္စဟုလည်း အတွေး တွေဝင်လာရကာ ရင်တွေပန်းတွေ တဆတ်ဆတ်တုန်ယင်ခဲ့ရသည်။ ငယ်စဉ်က သံစဉ်အနိုင်ကျင့်ခံရရှာတဲ့ သံသာရဲ့ သည်းခံခွင့်လွှတ်နိုင် စွမ်းကြီးခဲ့တဲ့ အနစ်နာခံလိုက်လျောမှုတွေ အကြိမ်ကြိမ်။ အရွယ်နှင့် မမျှ သံစဉ်အပေါ် သံယောဇဉ်ကြီးရှာခဲ့တဲ့ ကလေး။ သံစဉ့်ကိုလည်း ဘယ်လိုလုပ်တားဆီးနိုင်မလဲ။ ဘဝတစ်ခုလုံး အရင်းပြု၍ ပေးဆပ် လာခဲ့ရသူ။ သံသာ့လို လူတစ်ယောက်ရဲ့ အခွင့်အရေး အပြည့်အဝ မရရှာသူလေးသံစဉ်။ သံစဉ်နှင့်သံသာ အမွှာညီအစ်ကိုအဖြစ် ကျန်းမာသန်စွမ်းစွာ မွေးဖွားလာခဲ့ကြပေမယ့် မိမိရဲ့ပေါ့လျော့မှု ကြောင့် ချိုင့်ပေ့ထားရာက ပြုတ်ကျပြီး ခေါင်းကိုထိသွားခဲ့ရှာတဲ့ သား သံစဉ်။ ဘယ်လိုလုပ်ပေးရမလဲ။ သားသံစဉ်စိတ်တွေ အလိုမကျ လျှင် အသက်ကိုပါ အန္တရာယ်ပြုသည်အထိ အကြောက်တရားတွေ အရှုက်တရားတွေ စဉ်းစားဆင်ခြင်တုံတွေ တဝက်လျော့ကျသွားရ



www.burmeseclassic.com

www.burmeseclassic.com



ရှာတဲ့ သားသံစဉ်အတွက်လည်း နာကျင်ကြေကွဲလှုံက်။

"ဒီလိုအဖြစ်မျိုးတွေနဲ့မှ ဘာဖြစ်လို့များ မာမီတို့သားအမိတွေ ရင်ဆိုင်တွေ့ကြုံခံစားရလဲ ... အတိတ်က အကုသိုလ်တွေကြောင့်ပဲ ထင်ပါတယ် ... ကြောက်စရာကြီးပါလား"

ချစ်ရသူနှင့် လက်ထပ်ခွင့်ကို မိခင်ဆီမှ ကြည်ကြည်ဖြူဖြူ ရရှိသွားလို့ သံသာ အရမ်းပျော်ရွှင်ပီတိတွေဖြစ်နေတော့မည် ဖြစ်လေသည်။ ညဉ့်နက်တဲ့အထိ သံသာက အိမ်သို့ပြန်မရောက်လာခဲ့။ သံစဉ် မကြာခဏဆိုသလိုပင် မိမိထံရောက်လာတတ်တာ သံသာ မလာသေးဘူးလား။ မာမီဖုန်းဆက်ခေါ်ပါဟု တောင်းဆိုနေခဲ့၏။ ဒီကိစ္စ မလုပ်လို့။ လုံးဝမဖြစ်နိုင်ဟု တွေးမိသည်။

"မနက်ဖြန်မှ မာမီအေးအေးဆေးဆေးပြောမယ်လေ သံစဉ် အိပ်ပါ ... မာမီ ဆေးတိုက်မယ်လေ"

သံစဉ့်စိတ်တွေ မတည်မငြိမ်နှင့် ဆောက်တည်ရာမရတာ ဒေါ်ရီတာနွယ် သတိထားမိလာရကာ ရင်မအေးချမ်းနိုင်တော့။ သံစဉ် မာမို့စကားကို နားထောင်မယ်ဆိုဟု ချော့မော့၍ အိပ်ဆေးတိုက်လိုက်ရသည်။

"သံစဉ် စိတ်အေးအေးထားမှဖြစ်မှာနော် ... သံသာအဖြစ် လက်ထပ်မယ်ဆိုရင် သံသာ့လိုစိတ်အေးတည်ငြိမ်မှ ဖြစ်မယ်လေ၊





မာမို့စကားကို နားထောင်ပါ့မယ်ဆို ... "

"နားထောင်မယ် ... သံစဉ် နားထောင်ပါ့မယ် ... မာမီဆေးတိုက်ပါ။ သံစဉ့်စိတ်တွေ အရမ်းလောနေတယ်၊ ကြိုင်နဲ့သံသာတို့ မဟုတ်တာတွေများ လုပ်နေကြလားဟင် ... သံစဉ့်ဖနီးလောင်းကို"

"ဘာတွေလျှောက်တွေးနေတာလဲ သားသံစဉ်ရယ် ... မင်းဘက်က လိမ်ညာဟန်ဆောင်နိုင်ရမှာလေ ... သံသာက ပြောချင်တာတွေပြော၊ လုပ်ချင်တာတွေမလုပ်ဘူး၊ လာပါ ... မာမီကိုယ်တိုင် ဆေးတိုက်ပြီး သံစဉ့်ကို သိပ်ရမယ် စိတ်တွေတင်းမထားပါနဲ့"

သံစဉ့်ဆန္ဒတွေကဖြစ်လာဖို့က ရာခိုင်နှုန်းအတော်နည်းနေသည်။ သားသံသာက မုန့်ကိုပဲဝေစားနိုင်မယ် ချစ်သူကိုပေးဆပ်ဖို့ ငြင်းပယ်ပြစ်ခွင့်ရှိနေ၏။ အကယ်၍ ငြင်းပယ်ဖြစ်ခဲ့ရင်ရော ... သား သံစဉ် ဆေးအရှိန်နှင့် အိပ်ပျော်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

"ဘာ ... ဘာပြောတယ် မာမီ ... သံစဉ်ကလား၊ ကြိုင့်ကို လက်ထပ်ချင်တယ် ဟုတ်လား ... "

သံသာ အလွန်အမင်းတုန်လှုပ်ခြောက်ခြားသွားရသလို သံစဉ့်ကို အပြစ်တင်ဖို့ကျတော့လည်း ခေါင်းကိုထိထားတဲ့ စိတ်က စဉ့်ကလျား ဝေဒနာရှင်ဖြစ်နေတာကတစ်ကြောင်း အလိုဆန္ဒမပြည့်ဝလျှင် သံစဉ့်အသက်အန္တရာယ်က ရှိနေသေး၍ ထိတ်လန့်တုန်လှုပ်လျက် သူ့လက်ချောင်းတွေဖြင့် သူ့ဆံပင်တွေထဲ ထိုးဖွပြီး ခေါင်းငိုက်စိုက်ကျသွားသည်။

"သားသံစဉ်ရဲ့ တောင်းဆိုမှုက သားသံသာ့အပေါ် ရက်စက်လွန်းရာ ကျနေတယ်ဆိုတာ မာမီသိပါတယ် ... ဘယ်လိုလူမျိုးမှ လက်ခံနိုင်မှာမဟုတ်ဘူးလေ ... သံသာ ဆုံးဖြတ်ပါ၊ မာမီလက်ခံ





မယ် ... သံစဉ်နဲ့မာမီတစ်နေ့ရာရာကို ထွက်သွားပေးရမလား"

မာမီ့မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်ဝိုင်းလျှက်။ သံစဉ်က သူ့တောင်းဆိုတာ မရလျှင် အသက်အန္တရာယ်ကြုံတဲ့အထိ ကြံစည်လုပ်ဆောင်တတ်သူပါ။ သံစဉ်စိတ်တွေ တည်ငြိမ်နေတာ ငါးနှစ်လောက်ရှိနေပြီ။ သံသာငြင်းရမလား လက်ခံလိုက်ရမှာလား။ မာမီကတော့ သံသာ့ကို အခွင့်အရေးပေးနေသည်။ သံသာ သဘောပဲတဲ့။

"သံသာ မတွေဝေပါနဲ့ ... ငယ်စဉ်လေးထဲကပဲ သံစဉ့်အလိုဆန္ဒတွေအတိုင်းသာ ဖြည့်စွမ်းပေးနေခဲ့တာပဲ မာမီသိပါတယ်"

"သံစဉ်ရော မာမီ ... "

"မာမီ အိပ်ဆေးတိုက်ထားတယ်၊ မာမီဘာဆက်လုပ်ရမလဲ၊ သံစဉ် ငြိမ်သက်နေတာတော့ အတော်ကြာပြီလေ ... "

သံစဉ် အသိတရားဝင်လာတဲ့အချိန်တွင် သံသာ့အပေါ်မှာရော မိခင်အပေါ်မှာပါ ချစ်ခင်ကြင်နာတတ်သည်။ သံသာ့ဆီကနေ ဘာမှလုမယူတော့ပါဘူးဟု သနားစဖွယ်ပြောတတ်တဲ့သူ ဖြစ်နေ၏။ ဒီလိုကိစ္စမျိုးမှာတော့ မိခင်တစ်ယောက်အနေနှင့် မတရားအတင်းအကျပ် မတောင်းဆိုသင့်ဟုထင်သည်။

"မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ သားသံသာရယ် ... "

"သံစဉ်ဆန္ဒအတိုင်းပဲ ဖြည့်စွမ်းပေးလိုက်တာ အကောင်းဆုံးပဲ ထင်တယ်"

"ဟင်"

သားသံသာရဲ့ဆုံးဖြတ်ချက်ကို ကြားလိုက်ရတဲ့ တစ်ခဏမှာပင် ဒေါ်ရီတာ့နှယ် ရင်ဝအား လက်နှင့်ဖိထားပြီး ရင်တွေတဆတ်ဆတ်တုန်ယင်လာသလို မိမိမျက်ဝန်းတွေထဲမှ မျက်ရည်တွေ ဝမ်းနည်းလွန်းသွားရတာ ဝမ်းသာလွန်းသွားရတာလားဟုပင် မဝေခွဲနိုင်အောင် ပါးပြင်တလျှောက် လိမ့်ဆင်းကျလာခဲ့လေသည်။

"သံသာ ... သားဘယ်လိုဆုံးဖြတ်လိုက်တာလဲ ... မာမီ အတင်းအကျပ် မတောင်းဆိုရက်ပါဘူးကွယ် ... သံသာ့အပေါ်ရက်စက်လွန်းနေလိမ့်မယ်ထင်တယ်"

"ဘာပဲဖြစ်ဖြစ် မာမီ သံစဉ်တောင်းဆိုမှုကို ငြင်းပြစ်လို့မရတာဘဲ ... သံသာ့အတွက်ထက် သံစဉ်တစ်ခုခုဖြစ်သွားရင် မာမီနဲ့ သံသာ အရှမ်းခံစားသွားရလိမ့်မယ်"

"သားသံသာရယ် ... "

မိမိကြောင့်ပါ။ မိမိရဲ့ပေါ့ဆမှုတွေကြောင့်ပဲ ... သားသံစဉ်ဘဝတစ်ခုလုံး ရေတိမ်မှာနစ်ခဲ့ရတာ။ ကံဆိုးမတစ်ယောက်ရဲ့





ရင်ဆိုင်ကြုံတွေ့ရသော ကံဆိုးမိုးမှောင်ကျမှုတစ်ခု။ သားသံသာရဲ့ အနစ်နာပေးဆပ်မှုကတော့ အံ့ဩတုန်လှုပ်ဖွယ်။ ထပ်စဉ်းစားပါဦးဟု မိမိထပ်၍ အခွင့်အရေးမပေးနိုင်။ သားသံသာ့သဘောပဲလေဟု အင်အားမဲ့စွာ အားနာပါးနာနှင့် ပြောလိုက်သည်။

"သံစဉ့်အစီအစဉ်က ကောင်းပါတယ် မာမီ ... ကြိုင်သိရင် ဘယ်လိုနည်းနဲ့မှ လက်ခံနိုင်မှာမဟုတ်ပါဘူး ... သံသာ့မှာ အမြွာညီအစ်ကိုနှစ်ယောက်ရှိနေတယ်ဆိုတာလည်း ကြိုင်မသိဘူး မာမီ၊ သံစဉ်နဲ့အစီအစဉ်တွေ ငြိကြရအောင်ပါမာမီ ... မထူးတော့ပါဘူးဗျာ အခြေအနေအရပဲလေ ... "

ကြိုင်ရယ် ... ကံကြမ္မာဆိုးတွေရဲ့ ကြမ်းတမ်းစွာ ထိုးနှက်ချက်တွေက ရက်စက်လွန်းပါတယ်။ ကိုယ် လူမဆန်တာမဟုတ်ဘူး မလွှဲမရှောင်တဲ့အခြေအနေတွေကြောင့်ပဲ ထင်တယ်။ မာမီနဲ့သံစဉ်ကို သံသာ လုံးဝဉပေက္ခာမပြုနိုင်ဘဲ ဖြစ်နေသည်။ ယောကျ်ားတန်မဲ့ အော်ဟစ်ငိုကြွေးပြစ်လို့နေခဲ့၏။ မငြင်းပယ်နိုင်သော တောင်းဆိုမှုတစ်ခုဖြစ်နေလေသည်။

"မာမီနဲ့သံစဉ် ညှိနှိုင်းပါ ... ကြိုင်ကိုယ်တိုင်က မင်္ဂလာပွဲကို ကြီးကြီးကျယ်ကျယ် မလုပ်ပါနဲ့လို့ သံသာဆီမှာ တောင်းဆိုထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုတော့ မဖြစ်သင့်ဘူးထင်တယ်သားရယ် ... မင်္ဂလာပွဲကိုတော့ စီစဉ်မယ်၊ သားသံသာနဲ့ ပွဲထုတ်မယ် ... ပြီးမှ ... "

ဒေါ်ရီတာနှယ် ဆက်မပြောရက်တော့ပေ။ မိမိဘာကိုဆိုလိုခဲ့သည်ကို သံသာသိနိုင်မည်ဖြစ်သည်။ သားသံစဉ်က လှိုင်ဝှက်စွာ တည်ဆောက်ထားတဲ့ အခန်းတစ်ခန်းမှာ နေထိုင်ခဲ့တာပါ။ သားသံသာတစ်ယောက်ကိုပဲ မိမိသားအဖြစ် ပတ်ဝန်းကျင်မှ သိစေခဲ့၏။ ပြီးတော့လည်း ... သားသံစဉ် စိတ်ဝေဒနာဖောက်ထဲက မိမိတို့သားအမိတွေ ရန်ကုန်မှာ ခြံကျယ်ကြီးတစ်ခြံ ဝယ်ယူပြီး ပြောင်းရွှေ့နေထိုင်ရင်း ပတ်ဝန်းကျင်နှင့်လည်း အဆက်အဆံ သိပ်မလုပ်ခဲ့။ အေးချမ်းစွာ နေထိုင်ခဲ့သည်။

"သားနိုင်ငံခြားကို အပြီးအပိုင်ထွက်သွားပြီး ဖာတ်မြှုပ်နေပေးပါ့မယ် မာမီ ... နောက်ပိုင်းမှ သံစဉ်က စိတ်ဝေဒနာရှင်အဖြစ် ကြိုင်သိသွားမှာပဲလေ"

"သားသံစဉ် အဝေးကြီးကို မသွားပါနဲ့ ... မာမီ တစ်ယောက်ထဲ သားသံစဉ်ကို ထိန်းချုပ်ပြီးနေထိုင်ဖို့ မဖြစ်နိုင်သေးဘူးလေ ... မာမီ ကံကြမ္မာတွေကို ကြောက်တယ် ... အားငယ်လိုက်တာ သားသံသာရယ် ... "

သံသာကိုယ်တိုင်တောင် ချစ်သူအပေါ် တရားတာတွေ





မတရားတာတွေ မစဉ်းစားနိုင်။ ရက်စက်မှု သရုပ်ကို ကြိုင့်အားဆောင်းပေးရတော့မည် ဖြစ်သည်။

"ကြိုင် သိသွားရင်လည်း သံစဉ်က ကြိုင်ရဲ့တရားဝင်ယောက်ျားဖြစ်နေပါပြီ မာမီ ... ကမ္ဘာမီးလောင်ရင်တော့ သားကောင်ချနင်းရမှာပဲ ... မာမီ့စိတ်ကို ခိုင်ခိုင်မတ်မတ်ထားပါ၊ အားမနာနဲ့နော် ... သံသာ ကျေကျေနပ်နပ်ပေးဆပ်ပါ့မယ် မာမီ"

မာမီ ငိုသည်။ သံသာလည်း ဟန်ဆောင်မှုတွေနှင့် မာမီပိုမိုကြေကွဲမှာစိုး၍ ရင်ထဲမှာ ကြိတ်မှိတ်ခံစားနာကျင်မှုတွေ ပြည့်နှက်နေခဲ့သည်။ ချစ်သူကို ရုတ်တရက်ကြီး သစ်စိမ်းချိုးချိုး၍ စွန့်လွှတ်ရမည့်အဖြစ်လောက် ကြေကွဲဖွယ်ရာ ဘယ်မှာရှိမှာလဲ။ ကြိုင်က သံသာချစ်မြတ်နိုးတန်ဖိုးထားရသော ချစ်ဦးသူဖြစ်သည်။

"ဘယ်တတ်နိုင်မလဲ မာမီ ... ဒါက သံသာတို့ ရင်ဆိုင်ရမယ့်ဘဝပဲ ... ဖြစ်ချင်ရာဖြစ် မာမီရာ ... သံစဉ့်ဆန္ဒတွေကိုပဲ ဖြည့်စွမ်းပေးရမယ်"

သံသာ့မျက်နှာပေါ်မှာ ပူဆွေးသောကရိပ်တွေ ရုတ်ချည်းပဲကွယ်ပျောက်သွားသည်။ မာမီက သူ့ထက်ပိုမိုခံစားရမှာပါ။ မာမီအသက်ကြီးပါပြီလေ။ သံစဉ့်အတွက် မာမီသောကအရိပ်တွေကို သံသာ စက္ကန့်မလပ် နှစ်ပေါင်းများစွာ တွေ့မြင်ခဲ့ရ၏။ သံသာအနစ်



www.burmeseclassic.com

www.burmeseclassic.com



နာခံလက်ခံနေရပဲ ပေးဆပ်ရတော့မည်ဖြစ်လေသည်။

"မာမီ"

"ဟင်"

"မင်္ဂလာပွဲကို မာမီစီစဉ်ပါ ... သံစဉ့်ဆန္ဒအတိုင်းပဲဖြစ်ပါစေ မတတ်နိုင်ဘူးလေ ... သံစဉ့်ကို အလိုလိုက်ထားရမှာပဲ၊ သံသာနဲ့ သံစဉ်က အမွှာဆိုတော့ ခံစားချက်တွေလည်း ထပ်တူဖြစ်ပေါ်နိုင်တယ်လေ ... အိုကေ ရတယ် ဆက်လုပ်ပါ ... "

"သားသံသာရယ်"

ဒေါ်ရီတာနွယ် နာကျင်ရလေသည်။ ဖြစ်မှဖြစ်ရလေ သားသံသာရယ် ... မာမီ ဘယ်လိုရပ်တည်နေရတော့မလဲ။ ကံကြမ္မာတွေက မတရားလိုက်တာ။ ငယ်စဉ်လေးထဲက သားသံသာ ဘယ်လောက်အထိ သားသံစဉ် အနိုင်ကျင့်ဗိုလ်ကျနေတာကို လိုက်လျောသည်းခံနေရလဲဆိုတာ မိမိအသိဆုံးပဲ။ သားသံသာက မိမိကို သိမ်းကြုံးပွေ့ဖက်လိုက်၏။ ပါးပြင်ကိုလည်း နမ်းသည်။

"သံသာက မာမီ့ကိုပဲ ချစ်တာပါ ... မိန်းကလေးက ဒုတိယလေ ယုံတယ်မဟုတ်လား မာမီ ... သံစဉ်ကြောင့် ကြေကွဲထိခိုက်ရမှုတွေက မာမီ့ရင်ထဲမှာ အထုအထည်ကြီးရှိနေပါပြီ ... သားသံသာပဲ အားကိုးရာရှိတာလေ မဟုတ်ဘူးလား ... "





"အင်းပါ ... အင်းပါ ... "

မျက်ရည်တွေ ပြည့်ဝဲနေတဲ့ မာမီ့မျက်ဝန်းတွေထဲမှာ အပြုံးရိပ်တွေ ပေါ်လာမှ သံသာပြန်ထွက်လာခဲ့သည်။ သံသာ့အိပ်ခန်းထဲရောက်မှ ထိန်းချုပ်ထားခဲ့ရတာတွေ ပေါက်ကွဲလွင့်ထွက်ကာ မျက်ရည်တွေ လိမ့်ဆင်းကြလာရ၏။ ချစ်သူကို မမျှော်လင့်ဘဲ လက်လွှတ်ဆုံးရှုံးရတော့မယ် မဟုတ်လား။ ကြိုင့်ကို ချစ်မြတ်နိုးတယ်။ သံသာရဲ့ ချစ်ဦးသူပါ။ သံသာငယ်စဉ်ကလဲ သံစဉ့်ကြောင့် ကြိတ်မှိတ်ငိုကြွေးနေခဲ့ရတဲ့ နေ့ရက်တွေ မြောက်မြားစွာရှိနေခဲ့လေသည်။

"အီး ဟီး ဟီး ... "

"အဟင့် ... ဟင့် ... ဟီး ... "

သံသာ မျက်နှာကို လက်ဝါးပြင်နှင့်အုပ်၍ ငိုရှိုက်ပြစ်မိသည်။ အသံအကျယ်ကြီးလည်း မထွက်ရဲ။ သံသာ ဝမ်းနည်းကြေကွဲနေတာကို မာမီ လုံးဝမသိစေခဲ့ရ။

"ဒီတစ်ခါတော့ ကိုယ့်ဘဝတစ်လျှောက်လုံးမှာ ဝမ်းနည်းကြေကွဲရဆုံးပဲ ကြိုင် ... အချစ်ဆိုတာကြီးကို အရမ်းမုန်းတီးတယ်၊ ကြိုင့်ကိုလည်း သနားတယ်၊ ကိုယ့်ကြောင့် ကြိုင် မှောင်မိုက်တဲ့ ချောက်ကမ္ဘားကြီးထဲ ပြုတ်ကျတော့မယ် ... "

သံသာ့ကို ခွင့်လွှတ်ပေးဖို့ ကြိတ်ပြီးချစ်သူကြိုင်အား တောင်း



www.burmeseclassic.com

www.burmeseclassic.com



ပန်နေမိတာ အထပ်ထပ်။ သံသာ နောက်ဆုံးငိုကြွေးခြင်းပဲ။ မာမီ့အတွက် သံစဉ်အတွက် ပျော်ပျော်ကြီး ပေးဆပ်ရမည်ဖြစ်သည်။

"ဒေါက် ... ဒေါက် ... "

"သံသာ ... တံခါးဖွင့်စမ်းပါ ... ငါ သံစဉ် ... "

သံစဉ်အသံကြားရသဖြင့် သံသာ ရေချိုးခန်းထဲ ပြေးဝင်၍ သူမျက်နှာအား သန့်ရှင်းရေး အလျင်အမြန်လုပ်၍ တံခါးဖွင့်ပေးလိုက်သည်။ သံစဉ်နှင့်သူက ရုပ်ချင်း လုံးဝတစ်ထပ်ထဲ တူနေပြီး မာမီပင် တစ်ခါတစ်ရံ ခွဲခြားမရနိုင်ပဲ မှားယွင်းတတ်သည်။

"ဝင်ခဲ့လေ သံစဉ် ... "

သံစဉ်ကို တွေ့လိုက်ရတော့လည်း အနာဂတ်တွေ ကင်းမဲ့နေရကာ မာမီက တိုက်ကြီးထဲမှာသာ နေထိုင်ခွင့်ပေးခဲ့ပြီး အထီးကျန်လွန်းတဲ့ သံစဉ်ဘဝကို သနားကြင်နာရပြန်သည်။ သံစဉ်ကလည်း ချောမောခန့်ညားး၍ ယောကျ်ားပီသသူဖြစ်၏။ သံသာ သံယောဇဉ်ကြီးစွာ ငြိတွယ်ရတဲ့ အမွှာညီအစ်ကိုထဲက တစ်ယောက် သံစဉ်ပါ။

"အမှန်အတိုင်း ဝန်ခံမယ်ကွာနော် ... သံသာ့ကို စိတ်အနှောက်အယှက်ဖြစ်အောင် အနိုင်ကျင့် ဗိုလ်ကျတာတော့ မဟုတ်ဘူးနော် ... ခက်နေတာက သံစဉ်နှလုံးသားပဲ ... သံသာ့ချစ်သူကို





တွေ့တွေ့ခြင်း ချစ်သွားတာပဲ ... သံသာ့နှလုံးသားတွေနဲ့ သံစဉ်နှလုံးသားခံစားမှုတွေ ထပ်တူကျလွန်းနေတာ ဖြစ်နိုင်တယ်"

သံစဉ် အေးဆေးတည်ငြိမ်လန်းဆန်းနေသော မျက်နှာချိုချိုလေးဖြစ်နေတာကို မဖျက်စီးချင်ပေ။ သံစဉ် အလိုမကျတွေဖြစ်လျှင် အန္တရာယ်များလွန်းတာ သံသာငယ်စဉ်လေးထဲကပင် မကြာခဏ ကြုံတွေ့ရတတ်သည်။

"မင်းဘဝက အရာရာပြည့်စုံတောက်ပ လင်းလက်နေတာပါ သံသာရာ ... မင်းအတွက် ချစ်သူမိန်းကလေးတွေ အများကြီး အများကြီး တွေ့ဆုံနိုင်ပါတယ်ကွာ"

အချစ်ဆိုတာကို မင်းခံစားသိရှိနိုင်လို့လား သံစဉ်။ ငါ့ချစ်သူ ကြိုင်က တို့ငယ်ငယ်က မာမီဝယ်ပေးတဲ့ စက်ရုပ်တွေမဟုတ်ဘူးကွ မင်းသိရဲ့လား သံစဉ်ရာ ...

"သံသာ့ချစ်သူ ဘာကွ ... သင်းရနံ့ကြိုင် ဟုတ်လား၊ မြင်မြင်ခြင်းပဲ ချစ်မိသွားတယ် ... သံသာ့အတွက်က မိန်းမတွေပေါပါတယ်ကွ ... သံစဉ်မှာသာ ... "

သံစဉ့်အသံက ကြေကွဲနာကျင်မှုတွေ ရောထွေးပါလာသလို မျက်ဝန်းတွေထဲ မျက်ရည်ကြည်တွေ ပြည့်နှက်လာတာကို တွေ့လိုက်ရတဲ့သံသာ ... ပြဿနာရဲ့အစ မုန်တိုင်းမလာခင် ငြေပြည်



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် အတွေ့အကြုံရှိထားတဲ့ သံသာ ... ထိတ်ထိတ်လန့်လန့် သံစဉ့်စိတ်တွေ ဒေါသအဖြစ် ပြောင်းလဲမသွားခင် ပွေ့ဖက်ချော့မော့လိုက်ရတော့သည်။

"သံစဉ်ရာ ... ဘာတွေခံစားနေတာလဲ၊ သံစဉ့်ဆန္ဒက သံသာ့ဆန္ဒပဲဟာ ပြောနေစရာလားကွ ... ကြိုင်နဲ့သံစဉ် လက်ထပ်ပါ၊ မင်္ဂလာပွဲမှာပဲ သံသာက ပွဲတက်ဟာန်ပြအဖြစ် ပါဝင်သရုပ်ဆောင်ပေးမှာနော် ဘယ်လိုလဲ ... "

"အိုကေကွာ ... ကျေးဇူးတင်လိုက်တာ သံသာရာ၊ အရမ်းပျော်တယ် ... ဘာပဲဖြစ်ဖြစ် သံသာပေးဆပ်သင့်ပါတယ်၊ ကြိုင့်ကိုကြင်ကြင်နာနာ ယုယုယယပေါင်းမှာပါ၊ ကြိုင် လုံးဝ စိတ်မဆင်းရဲစေရဘူး သံသာ"

သံစဉ့်အပြုံးတွေက ရုတ်ချည်းပင် ဝင်းလက်တောက်ပသွားမှ သံသာစိတ်အေးသွားရသည်။ အလိုမကျလျှင် ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်တတ်တဲ့ သံစဉ်ပါ။ သူ့ကိုယ်သူ ရန်ပြုတတ်လေသည်။ သံသာ ကြုံတွေ့ခဲ့ဖူးသမျှ သံစဉ်နည်းမျိုးစုံနှင့် သူ့အသက်အန္တရာယ်အား ဒုက္ခပေးတတ်၏။ မောင်းနေတဲ့ကားအောက် ပြေးဝင်တာရော ... စက်ဘီးစီးရင်း သစ်ပင်ကြီးကို အရှိန်ပြင်းပြင်းဝင်တိုက်ပြစ်တာရော ... ကံကောင်းထောက်မ၍ အသက်မသေခဲ့ခြင်း





ဖြစ်သည်။

"သံစဉ့်ကို စိတ်ချပါ သံသာ ... ကြိုင်ဆိုတဲ့ ကောင်မလေးချောချောနဲ့အတူ နေခွင့်ပေးပါ ... သံစဉ့်ဘဝ ပြည့်စုံပါပြီ"

"သံစဉ် ... "

"ပြောလေကွာ"

"စိတ်တွေကို ထိန်းချုပ်ပါ ... သံသာအဖြစ် ဟန်ဆောင်ရမှာ သံစဉ် သိပါတယ်နော် ... "

"စိတ်ချ ... သံစဉ့်ဘဝမှာ အထီးမကျန်တော့ဘူး၊ အရမ်းပျော်ရွှင်ရတယ် ... သံသာ လုံးဝကျေးဇူးတင်တယ် ... ကြိုင်နဲ့ဘယ်လိုနေထိုင်ပြောဆိုဆက်ဆံရမယ်ဆိုတာ သင်ပေးပါ သံသာ ... "

အပြုံးတွေ ချိုရွှင်ဝင်းပစွာ သံစဉ် ပြန်ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၅ )

ဒေါ်ရီတာနှယ်ကတော့ မိမိတို့ရဲ့ ဆိုးဝါးရက်စက်လွန်းသော ကံကြမ္မာကိုပဲ အပြစ်တွေပုံချထားလိုက်ပြီး သင်းရနံ့ကြိုင်နှင့် သံသာတို့ မင်္ဂလာပွဲကို စိစဉ်နေရသည်။ ဘယ်တတ်နိုင်တော့မလဲ။ လူကြီးတွေရှေ့မှာ စေ့စပ်တာရော မင်္ဂလာညှော်ခံပွဲမှာရော သားမိုးသံသာကို ပွဲထုတ်ဖို့ စီစဉ်နေ၏။ ဟန်ဆောင်အပြုံးတွေ မိမိနှုတ်ခမ်းသားတွေပေါ် တင်ထားရတာပင် စိတ်ပင်ပန်းလွန်းနေလေသည်။

"မာမီ အရမ်းပဲစိတ်ထိခိုက်ကြေကွဲနေရပါတယ် သားသံသာရယ် ... သင်းရနံ့ကြိုင်လေးကိုလည်း မာမီမတရားသဖြင့် လူကြီးမပီသစွာနဲ့ ကြံစည်လုပ်ဆောင်ရတော့မယ် ... မလွှဲမရှောင်သာလို့ပါ တကယ့်ကို မလွှဲမရှောင်သာလို့ပါ ... "

သားမိုးသံစဉ်ရဲ့စိတ်တွေ ပျော်ရွှင်ကျေနပ်နေစေရေးပါ။





တစ်နည်းပြောရရင်တော့ ယဉ်ယဉ်လေးပဲ စိတ်ဝေဒနာတွေ ခံစားနေရှာတဲ့ မိမိသား မိုးသံစဉ် ... မိမိအပြစ်တွေကြောင့်ဟု ထင်မြင်စွဲမှတ်ထားတဲ့စိတ်ကြောင့် သားသံစဉ်ရဲ့ ရှေ့ရေးအနာဂတ်ကို ပျက်သုန်းစေအောင် ဖန်တီးသူအဖြစ် သားအလိုမကျဖြစ်မှာကို စက္ကန့်မလပ် ကြောက်ရွံ့ထိတ်လန့်နေသည်။

"မာမီ"

"ဟင် ... သားသံစဉ်"

"ဘာပဲဖြစ်ဖြစ်ဗျာ ကြိုင့်ကို သံသာဆီကနေ လုယူလိုက်ရတာ သင်းရနံ့ကြိုင်ကို သံစဉ် အလွန်အမင်း စွဲလမ်းချစ်ခင်မိလို့ပါ"

"အင်းပါကွယ် ... ဖြစ်သင့်ပါတယ်၊ သံစဉ့်အတွက် မာမီက ချစ်စရာမိန်းမချောလေးတစ်ယောက် ရှာပေးချင်ခဲ့တာပါ ... သံသာကလဲလေ သင်းရနံ့ကြိုင်ကို ဒီလောက်ကြီး မချစ်ပါဘူး"

"ဟုတ်လို့လား မာမီရာ ... သံစဉ်လေ ကြိုင်နဲ့အတူတူနေထိုင်ဖို့ စဉ်းစားမိလေ သံစဉ့်နှလုံးခုန်သံတွေ အရမ်းမြန်နေတယ် ဒိန်း ဒိန်း ဒုန်း ဒုန်းနဲ့ ... မာမီ စမ်းကြည့်စမ်းပါ"

"ဟုတ်တယ်ကွယ် ... သံစဉ်လေး အရမ်းပျော်နေတာပါလား"

သားသံစဉ်က မိမိလက်ကိုဆွဲပြီး သူ့ရင်ဘတ်ပေါ်တင်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရာ တကယ်ပဲ ရင်ခုန်သံတွေ မြန်နေသည်။ စိတ်တွေတောင် ပူသွားရ၏။ သားသံစဉ်ကတော့ ခေါင်းတညိတ်ညိတ်နှင့် ပြုံးရယ်နေသည်။

"ကြိုင့်ကို မြင်မြင်ချင်းပဲချစ်မိသွားတာ ဘယ်ဘဝက ရေစက်တွေလဲတောင် မသိတော့ဘူးမာမိ ... ငယ်ငယ်ကတော့ သံသာ့ကို မနာလိုဝန်တိုမိပြီး သံသာပစ္စည်းမှန်သမျှ သံစဉ် မရမက လိုချင်ခဲ့မိတာပါ ... အခု အသက်အရွယ်ရလာတော့ သံစဉ် စဉ်းစားဆင်ခြင်နေထိုင်လာခဲ့တာ မာမီသိပါတယ်နော်"

"မာမီ သိပါတယ် သားသံစဉ်ရယ် ..."

သားသံစဉ် လိမ္မာနေတာ ကြာပါပြီ။ တည်တည်ငြိမ်ငြိမ်လေးနှင့် မိခင်ကိုရော သားသံသာကိုပါ ဒုက္ခမပေးတော့ပေ။ သံစဉ့်ဘဝနဲ့ သံစဉ်ပါပဲ မာမီဟု စိတ်တွေဖြေသိမ့်နေတတ်သည်။ ဒီလိုအခြေအနေမျိုး ပျက်ယွင်းသွားမှာ ဒေါ်ရီတာနွယ် စိုးရိမ်ပူပန်နေမိ၏။ ထို့ကြောင့်ပင် သားသံစဉ် အလိုဆန္ဒတွေအားလုံး တရားမျှတသည်ပဲဖြစ်ဖြစ် မတရားသဖြင့် လူမဆန်စွာ ရက်စက်နေပါစေ မိမိဖြည့်စွမ်းပေးဖို့ပဲ ပြတ်ပြတ်သားသား ဆုံးဖြတ်မိသည်။

"သားသံစဉ်ရယ် ... တခြားဘာတွေမှ မတွေးပါနဲ့နော်၊ သားသံစဉ် သဘောကျနှစ်သက်ဖို့ပဲ မာမ့်ဆန္ဒတွေထဲမှာ ရှိနေတယ်၊





သားသံသာကလည်း ကြည်ကြည်ဖြူဖြူပါပဲကွယ် ... တစ်ခုတော့ ရှိတယ်လေ ... သားသံစဉ်ရဲ့စိတ်တွေကို ထိန်းချုပ်ထားနိုင်ဖို့ပဲ ကြိုင်လေးက သံသာ့ချစ်သူလေ ... မိုးသံသာအဖြစ်ပဲ ဝင်ရောက်သရုပ်ဆောင်ရလိမ့်မယ် ..."

"သံစဉ် သိပါတယ်ဗျာ ... ဘယ်လိုအကြောင်းအရာမျိုးနဲ့ပဲဖြစ်ဖြစ် ကြိုင့်ကိုရဖို့ပဲ အရေးကြီးတယ် မဟုတ်လား"

"ဒါပဲပေါ့ ... မိုးသံစဉ်နဲ့ မိုးသံသာက အမွှာညီအစ်ကိုဖြစ်ကြလို့ ခံစားချက်တွေ ထပ်တူညီမှာပဲ သဘာဝကျပါတယ်"

ဒေါ်ရီတာနွယ်ကိုယ်တိုင် သားမိုးသံစဉ်ဘက်ကပဲ သိသိသာသာ လိုက်ဖြစ်နေခဲ့သည်။ ငယ်စဉ်လေးထဲကပဲ မိမိတဖက်သတ်ဆုံးဖြတ်ပေးနေခဲ့လို့ မထူးတော့။ သားသံစဉ် ဆန္ဒအတိုင်း အနာဂတ်ကြီးတစ်ခုလုံး ဆုံးရှုံးသွားရှာတဲ့ သားသံစဉ်အတွက် အပျော်တွေဖန်တီးပေးနိုင်ဖို့ တာဝန်ယူလုပ်ဆောင်ရမည်ဖြစ်၏။ မကြာခင် မိုးသံသာနှင့်သင်းရနံ့ကြိုင်တို့ရဲ့ မင်္ဂလာပွဲက ကြီးကျယ်ခမ်းနားစွာ ကျင်းပပေးရတော့မည် ဖြစ်သည်။

"သားသံစဉ် နာမည်က မင်္ဂလာပွဲပြီးရင်တော့ မိုးသံသာအဖြစ် ပြောင်းလဲပြစ်ရမှာနော် ... သံစဉ် မှတ်မိနိုင်ပါ့မလား"

"စိတ်ချပါ ... သံစဉ် လေ့ကျင့်နေတယ်၊ ဖြစ်ပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကြိုင် လုံးဝမရိပ်မိစေရပါဘူး၊ သားနာမည်က သံသာသံစဉ်လေ”

သားသံစဉ်မှာ ဉာဏ်ရည်ပြည့်မီသော လူသားတစ်ယောက်ရဲ့ အစွမ်းအစတွေတော့ ရှိနေခဲ့သည်။ တစ်ခါတရံ သူအလိုမကျမှုတွေရှိလာတဲ့အချိန်လေးမှာပဲ ထိန်းချုပ်ထားနိုင်စွမ်းမရှိ။ စိတ်ထဲထင်ရာလုပ်ပြစ်တတ်လေ့ရှိတာပဲ အပြစ်ရှိနေ၏။ အရာရာ အဆင်ပြေပါစေ။ စားပွဲပေါ်မှာရှိနေတဲ့ ဗိတ်စာတစ်စောင်ကို သားသံစဉ်ယူဖတ်သည်။

“မိုးသံသာနဲ့ သင်းရနံ့ကြိုင် တကယ်တော့ ကြိုင့်ကို သံစဉ်အရင်ဆုံးစတွေ့ရမှာ”

“မိုးသံသာနဲ့ မိုးသံစဉ် ဘာများကွာခြားလို့လဲ၊ ရုပ်ချင်းခွဲမရအောင် တူညီကြတဲ့ အမွှာညီအစ်မကို … မာမီတောင် ခွဲမရတာ၊ သံစဉ့်ရင်ညွှန့်မှာ မှည့်နက်လေးတစ်လုံးရှိတာပဲ ခွဲခြားနိုင်တာလေ”

သားမိုးသံစဉ်ရဲ့ ရင်ညွှန့်မှာ မှဲ့နက်လေးတစ်လုံး အမှတ်အသားအဖြစ်ရှိသည်။ သားသံစဉ် ရယ်မောပျော်ရွှင်နိုင်မှုအတွက် သားသံစဉ့်ကို ပြောရမယ့်စကားလုံးတွေအားလုံး မိမိလေ့ကျင့်ထားပြီးသားပါ။ သင်းရနံ့ကြိုင်ကို ပိုင်ဆိုင်ရမည်ဖြစ်၍ သားသံစဉ် ပျော်ရွှင်ကျေနပ်နေတဲ့ အငွေ့အသက်လေးတွေ မျက်ဝန်းတွေထဲမှာ ပြည့်နက်နေလေသည်။





“သံစဉ်ကတော့လေ မင်္ဂလာပွဲလည်း မတက်ချင်ဘူး၊ သင်းရနံ့ကြိုင်ကိုပဲ ပိုင်ဆိုင်ချင်ပါတယ် … ကြိုင့်ကို ပွေ့ဖက်ထားချင်တယ် သံသာ့ကိုတော့ အားနာပါတယ် … သံစဉ် အရမ်းပဲနှစ်နှစ်ကာကာ ချစ်မြတ်နိုးမိသွားလို့ပါ … သံသာက ပြည့်စုံတဲ့ယောကျ်ားတစ်ယောက်မဟုတ်လား မာမီ … ကောင်မလေး ချောချောတစ်ယောက်ကို အချိန်မရွေး ရနိုင်ပါတယ်ဗျာ”

“ဟုတ်တယ်လေ … သံစဉ် လိုချင်တယ်ဆိုရင် ပေးရမှာပဲ၊ တရားမျှတပါတယ်”

သားသံသာကတော့ ဒီမှာ ခဏတဖြုတ် ပုန်းအောင်းနေထိုင်ပြီး နိုင်ငံခြားကို အပြီးအပိုင်ထွက်သွားဖို့ စိစဉ်ထားသည်။ မိမိရင်ကတော့ ဘယ်လိုအကြောင်းမျိုးနဲ့မှ ငြိမ်းအေးသွားနိုင်မည်မဟုတ်တာ အမှန်ပါပဲ။ သားသံသာအတွက်လည်း လူမသိဘဲ စိတ်သောကတွေ ခံစားနာကျင်နေစေသည်။

“ဟော သားသံစဉ်ရေ … ခဏလေး အခန်းထဲဝင်နေလိုက်ဦးနော် … အပြင်မှာ သားသံသာနဲ့ကြိုင်တို့ ပြန်ရောက်လာကြပြီထင်တယ် … ကားဝင်လာသံကြားတယ်”

“ဟုတ်တယ် မာမီ”

“သားသံစဉ် အပေါ်တက်တော့ အနားယူတော့လေ”



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ"

သားသံစဉ် ကုတ်ကုတ်လေးနှင့် ဘာမှစောဒကတက် တုန့်ပြန်ခြင်းမရှိဘဲ အပေါ်ထပ်တက်သွားသည်။ မိမိကိုယ်တိုင်ပင် ရင်တွေတုန်တုန်ယင်ယင်ဖြစ်လာရကာ တိုက်ကြီးထဲဝင်လာတော့မည့် သားသံသာနှင့် ချွေးမလောင်း သင်းရနံ့ကြိုင်တို့အား ရင်ဆိုင်နိုင်ရန် အသင့်အနေအထားရောက်စေဖို့ အတော်လေး ကြိုးစားနေရလေသည်။

"ဖိတ်စာတွေတော့ လိုက်ဝေပြီးပြီမာမီ … ဘယ်သူမှမကျန်တော့ပါဘူးနော်"

သားသံသာနှင့် သင်းရနံ့ကြိုင်တို့က လက်ချင်းတွဲချိတ်လျက် တိုက်ထဲဝင်လာသဖြင့် ဒေါ်ရီတာနွယ် ထိတ်ထိတ်လန့်လန့်ဖြစ်သွားရသေးသည်။ သားသံစဉ်များ တွေ့သွားမလားလို့ မိမိနှုတ်ခမ်းသားတွေပေါ်မှ အပြုံးတွေတော့ ပျက်ယွင်းမသွားခဲ့။ သားသံသာနှင့် ချွေးမလောင်းလေး သင်းရနံ့ကြိုင်တို့က ဝင်ထိုင်ကြ၏။ ကြိုင်က အေးချမ်းတည်ငြိမ်လွန်းသည်။

"ကြိုင်လေးရော ဖြစ်ချင်တာတွေရှိရင် ပြောနော် … မာမီ့ကို ဘာမှအားနာစရာမလိုဘူး … မာမီကလေ သမီးတစ်ယောက်လိုချင်နေခဲ့တာပါ"





"ကျေးဇူးအများကြီးတင်ပါတယ်မာမီရယ် … ကြိုင့်မှာ ဆုံးရှုံးသွားလို့ မာမီ့ကိုပဲ ကြိုင့်မိဘလို ရှိသေသွားမှာပါ၊ ကြိုင့်မှာ လိုအပ်ကာရှိရင်လည်း ဆုံးမသွန်သင်ပါနော် … ကြိုင့်ဘဝမှာ ပြည့်ပြည့်စုံစုံမနေခဲ့ဘူးလို့ ယဉ်ကျေးမှုမရှိနိုင်တာရော လိုအပ်တာတွေလည်းရှိပါတယ် မာမီ … "

"သမီးရယ် … မာမီတို့က ရိုးသားဖြူစင်မှုကိုပဲ သဘောကျတာပါ … သမီးလေးကြိုင်က အေးချမ်းတယ်၊ ကျက်သရေရှိတယ်၊ မာမီအနှစ်သက်ဆုံး အရည်အချင်းတွေလေ … "

သံသာ့မာမီရဲ့ ချစ်ချစ်ခင်ခင် ဖော်ဖော်ရွေရွေဆီးကြိုမှုအတွက် ကြိုင်စိတ်ချမ်းသာရသည်။ သံသာနှင့်တွေ့ဆုံရင်းနှီးမှုအချိန်သိပ်မကြာသေးခင်မှာပင် လက်ထပ်ရတဲ့အထိ အချိန်မြန်ဆန်ပေမယ့်လည်း ကြိုင့်နှလုံးသားတွေက သံသာ့အပေါ် အချစ်ကြီးချစ်မိနေခဲ့သလို သံသာကလည်း ကြိုင့်ကိုအချစ်ကြီးချစ်ခဲ့သည်ဟု အကြွင်းမဲ့ယုံကြည်မိနေခဲ့၏။ ကြိုင် လုံးဝထင်မှတ်မထားတဲ့ ကြီးကျယ်ခမ်းနားလွန်းတဲ့ မင်္ဂလာပွဲကြီး စီစဉ်ပေးခဲ့သည်။ ကြိုင် မှီခိုနေထိုင်ခဲ့ရသော ဦးလေးကျော်တို့ မိသားစုအတွက်လည်း အရင်းအနှီးတွေ လုပ်ငန်းတွေ အပြည့်အစုံ ဖန်တီးပေးခဲ့၏။ မာမီက စိတ်သဘောထားပြည့်ဝလိုက်တာ။ ချမ်းသာကြွယ်ဝကြပေမယ့် အဆင့်အတန်း



www.burmeseclassic.com

www.burmeseclassic.com



မခွဲခြားခဲ့။ ကြိုင် အရမ်းကံကောင်းလွန်းသည်ဟု ဦးလေးကျော် ကိုယ်တိုင် ပြောလို့မဆုံး။ သံသာ့လက်ကိုဆွဲကိုင်ရသည်နှင့် ကြိုင်ဝမ်းမြောက်ဝမ်းသာ အားတက်ရွှင်လန်းရသည်။

"မင်္ဂလာပွဲအတွက်တော့ မာမီအားလုံးစီစဉ်ထားပြီးပြီ၊ မာမ့်သားကို ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့ ရိုးမြေကျပေါင်းသင်းပေးပါလို့ပဲ မာမီက တောင်းဆိုချင်ပါတယ်"

"မာမီရယ် ... ကြိုင်က စိတ်ပူပြီးတောင်းဆိုရမှာပါ၊ သံသာ့လို ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်ခွင့်ရတာ ကြိုင့်အတွက် ကြီးမားတဲ့ ဆုလာဒ်ကြီးတစ်ခုပါ၊ သံသာ့ကို ကြိုင်အရမ်းချစ်ပါတယ်၊ အားကိုးပါတယ်မာမီ ... ကြိုင့်ဘက်ကနေ လိုအပ်ချက်တွေ မရှိစေရပါဘူး ... ကြိုင် လုံးဝကို ထင်မှတ်မထားရဲတဲ့ အခြေအနေတစ်ခုပါ"

မာမီ တောင်းဆိုသောအချက်အား သံသာနားလည်လိုက်သည်။ သံစဉ်အတွက်ပါ။ ချစ်သူက သံသာ့လက်ကိုတွဲခိုလာတိုင်းမှာပဲ သံသာနာကျင်ကြေကွဲနေခဲ့ရ၏။ ကြိုင် မရိပ်မိစေရန်လည်း ပျော်ရွှင်တက်ကြွသော အမူအရာတွေ ဖန်တီးယူခဲ့ရတာ မောပန်းနွမ်းလျှရသည်။ ချစ်သူအား အနမ်းဖွဖွလေးပင် မထိမတို့ရဲခဲ့။ သံစဉ်ရဲ့ဇနီးလောင်းဖြစ်နေ၏။ ကြိုင်တစ်ယောက်တော့ မသိရှာ။ သံသာရင်ခွင်ထဲ တိုးဝင်ဖက်တွယ်နေခဲ့သည်။





"သံသာ"

"ဗျာ မာမီ ... "

"ကြိုင်လေးကို လိုအပ်တာတွေ လိုက်ဝယ်ပေးလိုက်ပါ၊ ကြိုင့်ဦးလေးမိသားစုတွေလည်း ကြိုင်လေး လုံးဝစိတ်အေးရအောင် လိုလေသေးမရှိ ဖြည့်စွမ်းပေးစေချင်တယ်"

"မာမီရယ် ... ပြည့်စုံနေပါပြီ၊ ဘာမှထပ်မလုပ်ပေးပါနဲ့တော့နော် ပြည့်စုံနေလို့ပါ ... ဦးလေးမိသားစုအတွက်လည်း ဘာတစ်ခုမှ ပူပင်စရာ မလိုပါဘူး မာမီ ... "

"ကြိုင်လေးရယ် ... နောက်ဆို အိမ်ရှင်မဖြစ်နေလို့ အပြင်တွေဘာတွေ ထွက်ခွင့်မရှိဘူး မဟုတ်လား ... "

"ကြိုင်သိပါတယ် မာမီ ... သံသာကလေ သူ့ဇနီးဖြစ်သွားရင် သူသွားရာနေမှ သဘောကျတယ်တဲ့၊ အပြင်လည်း ထွက်လည်တာတွေဘာတွေ ခွင့်မပြုရင် ကြိုင်လက်ခံမှာလားတဲ့ ... ကြိုင် ဆုံးဖြတ်ထားပြီးပါပြီ၊ သံသာထားရာမှာ ကြိုင်နေပါ့မယ် ... ကတိပေးပါတယ်"

"လိမ္မာလိုက်တဲ့ သမီးလေးရယ် ... မာမီစိတ်ချမ်းသာတယ်၊ မာမ့်သားအတွက် မာမီစိတ်အေးရပြီပေါ့ ဒါပါပဲလေ ... "

သံစဉ်အတွက် ကြိုတင်ပြင်ဆင်မှုတွေ ဒေါ်ရီတာနှယ် စတင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ဆောင်နေရပြီဖြစ်သည်။ သံစဉ်က မထင်လျှင်မထင်သလို ဆိုးသွမ်းသောင်းကြမ်းတတ်သူဖြစ်၏။ အပြင်သူတွေနှင့်လည်း ဆက်ဆံပြောဆိုဖို့ အဆင်မပြေနိုင်။ သံစဉ်ကို မိမိကိုယ်တိုင် ပတ်ဝန်းကျင်နှင့် မဆက်ဆံစေခဲ့။ သင်းရနံ့ကြိုင်လေး စိတ်အနှောက်အယှက်ဖြစ်ပြီး သံစဉ်အပေါ် အချစ်တွေပျက်ပျယ်သွားမှာလည်း စိုးရိမ်မိနေသည်။ သံသာ့ကိုလည်း သနားတယ်။ မိခင်တစ်ယောက်အနေနှင့် သားသံသာ့ကို မျက်နှာချင်းဆိုင်နေရတာ မိခင်တစ်ယောက် ဘယ်လောက်နာကျင်ကြေကွဲရမလဲ။ မျက်ဝန်းတွေထဲသို့ မျက်ရည်တွေပြည့်လျှံလုမတတ်။ လောကစံက ကြမ်းကြမ်းတမ်းတမ်း ရိုက်ပုတ်နှိပ်စက်နေလေသည်။

အခန်း ( ၆ )

မင်္ဂလာပွဲကြီးက ခမ်းနားတင့်တယ်လွန်းစွာ သတို့သမီးလေး သင်းရနံ့ကြိုင်ရဲ့ ချောမောလှပမှုအတွက် ညှို့ဖရိသတ်တွေ ချီးမွမ်းပြောဆိုမဆုံးအောင် ဖြစ်နေရသည်။ သတို့သမီးလေး သင်းရနံ့ကြိုင်ကိုယ်တိုင် ချစ်လင်မိုးသံသာလက်ကို တွဲချိတ်လျှက် အပျော်ကြီးပျော်။ ချစ်လင်ရဲ့ အရေးပေးမှု တန်ဖိုးထားယုယကြင်နာမှုတွေအတွက် ပီတိဖြစ်၍မဆုံးနိုင်။ သံသာလက်ကို မကြာခဏ ဆုပ်ကိုင်ဖျစ်ညှစ်ထားမိသည်။

"မောင်"

"ကြိုင် ..."

"ပျော်လားဟင်"

"ပျော်တာပေါ့ ကြိုင်ရယ် ... မောင်ချစ်မြတ်နိုးရတဲ့ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ကြိုင်နဲ့လက်ထပ်ခွင့်ရတာလေ ... ပြီးတော့ ကြိုင်ကျေနပ်ပျော်ရွှင်နေတော့ မောင်လည်းပျော်တယ်"

"မာမီ့ကိုလည်း ကြိုင်လေ ကျေးဇူးအရမ်းတင်တယ် ... ကြိုင့်အပေါ် ချီးမြှောက်မှုတွေက မယုံနိုင်စရာပဲ ... ကြိုင့်လို နိမ့်ကျတဲ့ မိန်းကလေးတစ်ယောက်ကို မာမီက ချွေးမအဖြစ် လက်ခံတာနဲ့တင် ကြိုင်ဘယ်လိုကျေးဇူးတုန့်ပြန်မလဲတောင် မသိတော့ပါဘူး မောင်ရယ် ..."

ကြိုင်ကတော့ အပြစ်ကင်းမဲ့သူဖြစ်၍ သံသာအား ဖက်တွယ်လျှက် ပြုံးပျော်နေလေသည်။ ဘေးမှာကလည်း မင်္ဂလာအခြွေအရံတွေနှင့် အခမ်းအနားမှူးက မိုးသံသာနှင့်သင်းရနံ့ကြိုင်တို့အား ချီးမြှောက်ဂုဏ်တင်၍မဆုံးပေ။

"တကယ်ပါပဲနော် ... ကြိုင့်ကိုတင်စားလိုက်တာ ရှက်စရာကြီးမောင်ရာ ... ကြိုင့်အတွက် မောင့်အချစ်တွေကိုပဲ လိုအပ်ဆုံးပါနော် ... မောင့်ကြောင့် ကြိုင်ဘဝလေး ဂုဏ်တက်ရတာပါ၊ ကြိုင့်ကြောင့် မောင့်ကိုစိတ်သောကရောက်အောင် ဂုဏ်နိမ့်ကျစေအောင် ကြိုင်အသက်ရှင်နေသရွေ့ ဘယ်တော့မှ မလုပ်ဘူး ကတိပေးပါတယ်"

ကြိုင့်လက်လေးကို သံသာ ကယောင်ကတမ်းနှင့်လွှတ်





ထွက်သွားမှာစိုးရိမ်သည့်အလား အရှူးအမူး ဆုပ်ကိုင်ထားလိုက်မိတာကို ကြိုင်ပီတိတွေနှင့် မောင့်ကို ကြိုင်အရမ်းချစ်တယ်ဟု တိုးတိတ်ညင်သာပြောနေခဲ့သည်။

"မင်းကို အရမ်းသနားတယ် ကြိုင် ... မင်္ဂလာဦးညမှာ မင်းနဲ့အတူအိပ်စက်မယ့် မင်းခင်ပွန်းလောင်းက မိုးသံစဉ်ပါ ... မောင်နဲ့ရုပ်ချင်းခွဲမရအောင် တူလွန်းတဲ့ မောင့်အမွှာညီအစ်ကိုပဲလေ ... မကြာခင် တိုတောင်းလှတဲ့ အချိန်လေးအတွင်းမှာ ကြိုင့်ကို စွန့်လွှတ်လိုက်ရတော့မယ်လေ"

သံသာ ယောကျ်ားတန်မဲ့ နာကျင်စွာအော်ဟစ်ငိုယိုပြစ်ချင်နေခဲ့သည်။ ရှုံးသွပ်မတတ်ပါဘဲ ချစ်ဦးသူ ကြိုင်။ စွဲမက်မြတ်နိုးဖွယ်ချောမောနုဖတ်အိစက် ဖူးဖူးသန့်သန့်လေး။ သူ့ဘဝတစ်သက်သာအတွက် လက်တွဲဖော်အဖြစ် စိတ်ကူးယဉ်လာခဲ့ရသော အရည်အချင်းတွေ ပြည့်လွန်းသူ သင်းရနံ့ကြိုင်ပါ။

"ကြိုင့်အပေါ် မောင် မတရားလုပ်ခဲ့မိပြီ ... ကြိုင်သာသိရင်မောင်တို့မိသားစုဝင်တွေကို ရွံရှာစက်ဆုတ်မုန်းတီးသွားမှာပါ၊ မောင်ကြောက်နေတယ်"

ကြိုင့်ကို သနားလွန်း၍ တစ်ခါတရံမှာ သံသာ့လုပ်ရပ်တွေမလုပ်သင့်ဟုထင်လာမိကာ ကြိုင့်လက်လေးအား ဆုပ်ကိုင်ထားမိ



www.burmeseclassic.com

www.burmeseclassic.com



ကာ ကြိုင့်လက်လေးအား ဆုပ်ကိုင်ဆွဲယူ၍ သံသာ့မိသားစုနှင့် အဝေးဆုံးသို့ ခေါ်ယူထွက်ပြေးသွားချင်နေသည်။ လူမဆန်တဲ့ လုပ်ရပ်ပါ။ ဆင်းရဲနွမ်းပါးတဲ့ မိန်းကလေးတစ်ယောက်ကို အချစ်တွေ စည်းစိမ်ဥစ္စာတွေနဲ့ ဖြားယောင်းသွေးဆောင်၍ စိတ်ဝေဒနာရှင် အစ်ကိုလက်ထဲ အကြွင်းနာမဲ့ လွှဲအပ်ပေးလိုက်ဖို့ ကြံစည်မှုက ယုတ်မာပက်စက်လွန်းပါသည်။

"မောင်"

"ဟင်"

"ကြိုင့်လက်လေးကို ဘာဖြစ်လို့ ခဏခဏဆုပ်ကိုင်ဖျစ်ညှစ် ရတာလဲ"

"ကြိုင့်ကို အရမ်းချစ်တယ် လက်လွတ်ဆုံးရှုံးရမှာ မောင် အရမ်းကြောက်နေတယ် … ကြိုင့်အမုန်းတွေကို မောင်မခံယူနိုင်ဘူး"

"ကျွန်မကပြောရမယ့်စကားတွေပါ မောင်ရယ် … အပိုတွေ လာပြောမနေနဲ့နော် … မောင့်အချစ်တွေ လျော့သွားမှာ ကျွန်မ ကြောက်လန့်နေတယ်"

သတို့သမီးအရံတွေအဖြစ် ပါဝင်ကူညီနေတဲ့ ကြိုင့်သူငယ်ချင်းနန္ဒာက ရှင်တို့နှစ်ယောက် လူတွေအမြင်ကတ်စရာကောင်း





လောက်အောင် တွတ်ထိုးနေလိုက်ကြတာဟယ် … အရမ်းချစ်နေကြလားဟု ခပ်တိုးတိုး လှမ်းနောက်သည်။

"အားကျလာပြီနော် … မစွန်ရတဲ့အထဲ အမြင်ကတ်တယ် နှစ်ယောက်ထဲရှိနေတယ်လို့များ မှတ်နေကြလား"

"ဟုတ်တယ်ကွာ … မင်းတို့နှစ်ယောက်က လွန်တယ်၊ အရမ်းချစ်နေကြတာပဲ … ညကြမှ အရမ်းချစ်ကြ၊ မီးကုန်ယမ်းကုန်နော် … "

တစ်ယောက်နှင့်တစ်ယောက် မသိမသာလေး နောက်ပြောင်ကျီစယ်နေကြလေ သံသာ့ရင်တွေ ပိုမိုနာကျင်ကြေကွဲရလေပါ။ မာမီ့အကြည့်တွေကြောင့်ပါ။ စင်မြင့်ပေါ်မှာ ချစ်ဇနီးလောင်းနှင့် ယှဉ်တွဲထိုင်နေတဲ့ သံသာထံ ညှိုးငယ်သောတောင်းပန်ခယ နှစ်သိမ့်မှုတွေပြည့်နေတဲ့ မျက်ဝန်းတွေနှင့် ကြည့်နေခဲ့သည်။

"မာမီ တောင်းပန်ပါတယ် သားသံသာရယ် … တကယ့်ကို မလွှဲသာမရှောင်သာတဲ့ အခြေအနေတစ်ခုပါ … သားသံသာအမှား အယွင်းတွေ မလုပ်မိပါစေနဲ့ … ဆုံးဖြတ်ချက်တွေ မပြင်လိုက်ပါနဲ့နော်"

မာမီ့ရင်ထဲကနေ ဘယ်လောက်အထိများ တိုးလျှိုးတောင်းပန်နေလိုက်မလဲ။ နှုတ်ခမ်းတွေပေါ်မှာ အပြုံးတွေဝေဆာအပျော်



www.burmeseclassic.com

www.burmeseclassic.com



တွေလွှမ်းခြုံ ညှို့သည်တွေကို နှုတ်ဆက်စကားတွေ ရှမ်းရှမ်းဝေအောင် ပြောနေရတဲ့ မာမီ့ရင်တွေ မိုးတောက်နေလေသည်။

"မာမိရာ ... သံသာ ဘယ်တော့မှကိုယ်ပေးထားတဲ့ကတိကို မဖျက်ဆီးပြစ်ပါဘူး၊ မာမီ့နှလုံးသားတွေ စိမ့်စမ်းရေနဲ့ ဖြန်းပက်ထိတွေ့သွားသလို အေးချမ်းစေချင်ပါတယ်ဗျာ"

ကြိုင့်ကို မာမီအစွမ်းကုန် ဖြည့်စွမ်းပေးနေခဲ့တာကိုကပဲ ကြိုင့် နစ်နာမှုအတွက် တန်ရာတန်ကြေးဟုထင်သည်။ ကြိုင့်ဦးလေးမိသားစုအတွက်ပင် အားနာလောက်အောင်ပဲ မာမီလိုလေသေးမရှိအောင် ဖြည့်စွမ်းပေးထားခဲ့လေသည်။

"သမီးကြိုင်အတွက် မာမီတို့လုပ်ရပ်တွေက အရမ်းကို မတရားတာပါကွယ် ... ဒါပေမဲ့လည်း ဘယ်လိုမှရှောင်လွှဲလို့မရဘူးလေ ... ဒါကြောင့် မာမီ အစွမ်းကုန် တုန့်ပြန်ပေးဆပ်နေပါတယ် သားသံသာရယ် ... "

သံသာကို မျက်ရည်တွေအပြည့် နာကျင်ကြေကွဲလျက် တောင်းပန်ခယခြင်းများစွာဖြင့် အကြိမ်ပေါင်းများစွာ ထပ်ကာ ထပ်ကာ ပြောဆိုနေလေသည်။

"သံစဉ်နဲ့ပဲ ဖူးစာရေစက်ရှိတာပါ မာမီ ... သံသာနဲ့သံစဉ်တို့က အမွှာလေ ... ဒီလောက်တော့ရှိမယ်၊ စိတ်ပူမနေစမ်းပါနဲ့





သံစဉ် အရမ်းငြိမ်သက်သွားမှာပါ ... ကြိုင်က အလိုက်သိပြီး အချစ်တွေနဲ့ တုန့်ပြန်ပြုစု ကြင်နာယုယပေးမှာပါ ... "

မနေ့ညကအထိ မာမီစိတ်မအေးနိုင်ခဲ့။ သံစဉ်ကတော့ စိတ်ချမ်းသာပျော်ရွှင်လျက် စိတ်တည်ငြိမ်မှု ရှိလွန်းနေသည်။

"သံသာ့ကို အရမ်းကျေးဇူးတင်တယ်ကွာ ... မင်းနိုင်ငံခြားကိုသာ ထွက်သွားပေးပါ သံသာ ... ကြိုင်နဲ့အတူတူ ပျော်ရွှင်ချမ်းမြေ့တဲ့ မိသားစုဘဝလေးကို သံစဉ်တည်ဆောက်မှာပါ"

သံစဉ့်ကိုလည်း အပြစ်မတင်လိုတော့ပေ။ သံသာ ရှောင်ထွက်သွားဖို့လည်း အနိုင်အမာ ဆုံးဖြတ်ထားပါတယ်။ တစ်လလောက်တော့ အခြေအနေကို စောင့်ကြည့်ဖို့ တိုက်ကြီးထဲက သံစဉ့်အခန်းမှာ လှို့ဝှက်နေထိုင်ပေးရဦးမည်ဖြစ်သည်။ မာမီ့တောင်းဆိုမှုပါပဲ။ အခြေအနေကို တလလောက်တော့ စောင့်ကြည့်ပေးပါတဲ့။ မာမီတစ်ယောက်ထဲ မနိုင်မနင်းတွေ ဖြစ်မလားပဲတဲ့။ သံသာ လက်ခံလိုက်ရသည်။

"မင်္ဂလာသတို့သားနဲ့ သတို့သမီး ညှို့ပရိသတ်တွေထဲကို ဆင်းပြီး ညှို့ခံပေးကြပါ ... "

မင်္ဂလာအခမ်းအနားမှူးက ညှို့ပရိသတ်တွေကို ညှို့ခံရန် သတိပေးသံကြောင့် မင်္ဂလာအခမ်းအနားကြီး ပြီးဆုံးတော့မည်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်ကို သံသာ့အသိတွေထဲ တိုးဝင်လာသဖြင့် အထိတ်တလန့် နာကျင်ကြေကွဲမှု ဝေဒနာတွေ စုပြုံခံစားလိုက်ရတာ ကြိုင်လက်လေးအား တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ဖျစ်ညှစ်ထားလိုက်မိသည်။

"မောင်"

"ဟင်"

"ရင်တွေခုန်လိုက်တာနော် ... ဘာဖြစ်လို့လဲမသိဘူး မောင်က ကြိုင့်လက်ကို ဆုပ်ကိုင်လိုက်တာ ရင်ထဲမှာတဆတ်ဆတ်တုန်သွားပြီး ကြောက်သွားမိသလိုပဲ"

ကြိုင့်အတွက် မကြာခင် ချောက်ကမ္ဘားကြီးအစွန်ထိပ်ကနေ မှောင်မိုက်လွန်းတဲ့ နက်နက်ရှိုင်းရှိုင်း အောက်ဆုံးအထိ ပြုတ်ကျတော့မှာပါ။ မောင်က ကြိုရာပါလေ။ မလွှဲမရှောင်သာလို့ပြောရင် ကြိုင်လက်ခံနိုင်မလား။ လူမဆန်လိုက်တာလို့ ကြိုင် နာနာကျည်းကျည်းပြောမှာ သေချာပါတယ်။ ကြိုင့်ကို မောင်အရမ်းပဲချစ်မြတ်နိုးရပါတယ်။ ဧည့်ပရိသတ်တွေဆီ သွားရောက်နှုတ်ဆက်သည်။

"အရမ်းကို လိုက်ဖက်တဲ့အတွဲပါပဲ ... နေနဲ့လ ရွှေနဲ့မြ တင့်တယ်လိုက်တာ သတို့သမီးလေးက ချောမောလွန်းတယ်၊ ဒေါ်ရီတာနွယ့်သားက ရွေးချယ်တတ်လိုက်တာ အဖိုးတန်ချွေးမလေးရတာပဲ ... "





မာမီ့အကြည့်တွေက သံသာထံ ဆတ်ခနဲ ရောက်ရှိလာကာ တောင်းပန်တိုးလျှိုးတဲ့အရိပ်တွေ လွှမ်းနေသည်။ သံသာ ပြုံးပြလိုက်လေသည်။ သံသာ ရယ်ရယ်မောမောပါပဲ။ ချစ်ရသူကို ရက်စက်လိုက်ရမှာ လုံးဝခံစားမှုကင်းမဲ့သည်။ အပြုံးမျက်နှာ ရွှင်လန်းတက်ကြွမှုတွေက သံသာ ဟန်ဆောင်ထားခဲ့သည်။

"ရီတာရဲ့ တစ်ဦးတည်းသော သားလေးက လိမ္မာလွန်းတယ် ... ယောကျ်ားပီသတယ်၊ ခန့်ညားလွန်းတယ်နော် ... "

သံသာ့ကို မာမီရဲ့တစ်ဦးတည်းသော သားအဖြစ်ပဲ မာမီ့မိတ်ဆွေအသိုင်းအဝိုင်းက သိထားသည်။ သံစဉ့်စိတ်က မမှန် မာမီရှက်ပြီး တိုက်ထဲမှာပဲ နေစေခဲ့ရာကနေ သံစဉ်ဘဝကို အဆုံးသတ်ပေးလိုက်သလိုဖြစ်သွား၏။ တိုက်ထဲမှာတော့ သံစဉ်ပျော်ရွှင်စေရန် သံစဉ်ဆန္ဒတွေအတိုင်းပဲ ဖြစ်စေခဲ့သည်။

"သားနဲ့သမီးတို့ မင်္ဂလာဓနေ့ရက်မှသည် နှောင်နှစ်ပေါင်းများစွာတိုင်အောင် မခွဲမခွာ ပျော်ရွှင်ချမ်းမြေ့စွာ ပေါင်းဖက်နိုင်ကြပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

သံသာကိုယ်တိုင် ပေးတဲ့ဆုကို မပြည့်နိုင်မှန်းသိလျှက်နှင့် လိုက်လိုက်လှဲလှဲ ဆုတောင်းနေမိလေသည်။ မကြာခင် ကြိုင့်ကို စွန့်လွှတ်လိုက်ရတော့မှာပါဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"မောင် ... သွားကြမယ်လေ၊ ဧည့်သည်တွေ ထကုန်ပြီ ... ကြိုင်တို့အပြင်မှာ ဧည့်ခံကြမယ် ... "

"ဪ ... အင်း"

"မောင်က ရှက်နေတာလား၊ မောင့်လက်လေးတွေ အေးစက်နေတယ် ... ကျွန်မထက်တောင် မောင်ကြောက်နေတယ်ပေါ့လေ"

ကြိုင်ရယ် ... မောင်တို့နှစ်ယောက်က နှလုံးသားခြင်း ဆက်သွယ်နေတာထင်တယ်။ မောင်လည်း ကြောက်နေတယ်။ မင်းရဲ့ မင်္ဂလာဦးညမှာ မင်းဘယ်လိုရင်ဆိုင်မလဲ ကြိုင်။ မင်္ဂလာအိပ်ခန်းကြီးက တန်ဖိုးအကြီးမားဆုံး လှပခမ်းနားလွန်းစွာ ပြင်ဆင်ထားပေမယ့် မင်းနဲ့အတူ အိပ်စက်မယ့်သူက မောင်မဟုတ်ဘူး မိုးသံစဉ်ပါ။ သံသာ ရင်တွေနာကျင်နေသည်။

"မင်္ဂလာမောင်နှံ အိုအောင်မင်းအောင် ပေါင်းကြရပါစေ"

"ကျေးဇူးတင်ပါတယ်"

"ပေးတဲ့ဆုနဲ့ ပြည့်စုံပါစေ"

သံသာ ထိုဆုတစ်ခုတည်းကိုပဲ ထပ်၍ထပ်၍ တောင်းမိသည်။ ကျေးဇူးတင်စကားတွေ မပြောနိုင်ခဲ့။ ကြိုင့်လက်လေးကိုလည်း မလွှတ်။ သံသာ ချစ်မြတ်နိုးရတဲ့ ချစ်ဦးသူပျော်နေသော





တက်ကြွရွှင်လန်းလျက် ချစ်သူရဲ့မျက်နှာ ဖူးဖူးစင်စင် နုနုလေးအား မလွှတ်တမ်း အရူးအမူး ကြည့်ဖြစ်သည်။

"မင်းကတော့လေ သတို့သမီးကိုပဲ မလွှတ်တမ်းကြည့်နေတယ် ... တစ်သက်လုံး အတူတူနေရမှာပါကွ ... သူငယ်ချင်းတွေဘက်လည်း တစ်ခါတလေ လှည့်ကြည့်ပါဦး ... "

"ဟာ ... နောင်နောင်တို့ကလည်းကွာ ကြိုင်ရှက်သွားပါဦးမယ်"

သံသာ ရယ်သည်။ မာမီ ဝိုင်ကျွေးတော့မလားဘဲ။ သံသာ့အပြုံးတွေ အရယ်တွေက ဟန်ဆောင်လိမ်ညာခြင်းသာဖြစ်သည်။ ကိုမာမီတစ်ယောက်ထဲသိသည်။ မင်္ဂလာပွဲ ပြီးသွားရင် သံစဉ်နှင့် သူတို့က နေရာခြင်းလဲရမည်ဖြစ်၏။ သံစဉ် အရမ်းပျော်နေတယ်။ သူတို့မှာ အမွှာညီအစ်ကိုရှိနေတာ လူယုံတော်ကြီး ဦးမြသာနဲ့ဒေါ်သဲပုံတို့ ဇနီးမောင်နှံပဲ သိထား၏။ သံစဉ့်စိတ်တွေ ပျော်ရွှင်ချမ်းမြေ့စေဖို့ အဓိက တဖြည်းဖြည်းနှင့် ဧည့်ပရိသတ်တွေ ပြန်သွားကြသည်။ ပစ္စည်းတွေ သိမ်းနေကြတဲ့ အချိန်ကာလလေးပဲ ကြိုင့်လက်လေးကို ဆွဲကိုင်ခွင့်ရှိနေသည်။

"မိုးသံသာ ကောင်မလေးလက်ကိုလွှတ်လိုက် ... အမြင်ကတ်စရာကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



သံသာ့လက်တွေလည်း အေးစက်နေသလို ကြိုင့်လက်ဖျားလေးတွေ အေးစက်စက် အကြောက်တွေတူညီနေသလိုပင်။ တစ်ယောက်မျက်နှာတစ်ယောက် မကြာခဏ ကြည့်မိနေသည်။

"မောင့်လက်လေးတွေက အရမ်းအေးစက်နေလိုက်တာ မောင့်မျက်ဝန်းတွေထဲမှာလည်း အင်အားတွေ ဆုတ်ယုတ်ဖြူရော်နေသလိုပဲ နေရောကောင်းရဲ့လားမောင် ..."

မောင်ကပိုပြီး ကြောက်နေမိတယ် ကြိုင်ရယ်။ မကြာခင် ချစ်သူနဲ့ ချစ်ခွင့်တွေ ကြည်နူးခွင့်တွေ လက်လွှတ်ဆုံးရှုံးရတော့မယ်လေ။ ဖြစ်နိုင်၏။ အချိန်တွေ မကုန်ဖို့ ဖမ်းဆွဲထားပြစ်ချင်တယ်။ သံသာ့ ဆုတောင်းက မပြည့်။ မင်္ဂလာမောင်နှံကို သယ်ဆောင်ပေးမည့် အလှအပတွေ ဆင်ထားတဲ့ကားက အဆင်သင့် ကြိုင့်လက်လေးကို ဆွဲကိုင်၍ ကားထဲဝင်ထိုင်လိုက်ရသည်။ ကားလေး ဓမောင်းထွက်တော့ ကားခေါင်းပေါ်မှာ အလှဆင်ထားသော မင်္ဂလာမောင်နှံ သတို့သားနှင့်သတို့သမီး အရုပ်လေးတွဲလျှက် သံသာ့အကြည့်တွေရှေ့မှာ မခို့တရို့လေး။

အခန်း ( ၇ )

သံစဥ်ရှင်တွေ တဆတ်ဆတ်တုန်ယင်လှိုက်ခါနေသလို အပျော်တွေကလည်း သူ့ရှင်ကို လှိုင်းတံပိုးတစ်ခုကဲ့သို့ လာရောက်ရိုက်ခတ်နေပြီလားတောင် မသိတော့ဘူး။ မာမီနဲ့သံသာတို့ ပြန်လာတော့မယ်။ သံစဥ် ချစ်မြတ်နိုးရတဲ့ မိန်းကလေးသင်းရနံ့ကြိုင်လည်း လိုက်ပါလာမည်ဖြစ်သည်။ ဒီညလေးက သံစဥ်ရဲ့မင်္ဂလာဦးညလေးပါ။

ကြိုင်က သံစဥ်ဓနီးပဲ။ သံသာနဲ့က ဟန်ဆောင် လက်ထပ်တာ။ အချစ်ရေးမှာ တရားမျှတတာတွေ မမျှတတာတွေ မရှိဘူးတဲ့။ ဟုတ်တယ် သံသာရာ။ မင်းဆီကနေ သံစဉ် တစ်စုံတခုကို မတရားဗိုလ်ကျအနိုင်ကျင့်ယူဆောင်ဖို့ သံစဥ်ဆင်ဆင်ခြင်ခြင်နေခဲ့တာနှစ်တွေကြာနေခဲ့ပါပြီ။ သံစဥ် ရောင်ရဲတင်းတိမ်နိုင်ဖို့ ကြိုးစားထိန်း



www.burmeseclassic.com

www.burmeseclassic.com



ချုပ်နေခဲ့တယ်။ သံသာ့ဘဝတွေ အရာအားလုံး အကောင်းဆုံးတွေ ပိုင်ဆိုင်ထားနိုင်ခဲ့တာလဲ။ သံစဉ်ရဲ့ အမှာညီအစ်ကိုပဲလို့တွေးပြီး မနာလိုဝန်တိုမဖြစ်မိအောင် ကြိုးစားနေထိုင်ခဲ့တယ်။ သံစဉ် တိုက်ကြီးထဲမှာပဲ တစ်လောကလုံးနဲ့ အဆက်အသွယ်ဖြတ်ပြီး ငြိမ်ငြိမ်လေးနေထိုင်ခဲ့ပါတယ်။ ဒါပေမဲ့လေ ... သင်းရနံ့ကြိုင်ကို တွေ့တွေ့ခြင်းမှာပဲ သံစဉ်အလိုအမင်း ရယူပိုင်ဆိုင်ထားချင်တဲ့ ဆန္ဒတွေဖြစ်ပေါ်လာတာ သင်းရနံ့ကြိုင်ကို ချစ်မြတ်နိုးနှစ်သက်သွားမိလို့ပါ။ သံသာ့ဘက်က ကြည်ကြည်ဖြူဖြူ ပေးအပ်သင့်သည်ဟု သံစဉ် ထင်ထားသည်။

"ကြိုင့်ကို မင်းမနမ်းနဲ့နော် ... ထိတောင် မထိနဲ့ ..."

"ဒီလောက်လည်း အဖြစ်မသည်းနေစမ်းပါနဲ့ သံစဉ်ရာ ... စိတ်ချ သံစဉ့်အတွက် ရည်မှန်းပြီးတဲ့အချိန်ကစပြီး သံသာ့ခယ်မလေးတစ်ယောက်အဖြစ် သတ်မှတ်ထားပါတယ် ... သံသာ့ကို မယုံတာလား"

တစ်ခါတရံမှာ သံစဉ့်စိတ်တွေကို ထိန်းချုပ်ထားသည့်ကြားကပင် ကြိုင်အပေါ် သဝန်ကြောင်စိတ်တွေ တဖွားဖွားပေါ်ပေါက်လာရသလို သံသာ့ကို အထပ်ထပ်သတိပေးလိုက်သည်။

"သားသံစဉ်ကို မာမီသတိပေးချင်တာက ကြိုင်လေး မရိုမိစေဖို့ပဲ ... သားသံသာက သံစဉ့်အတွက်ပဲ စိတ်ပူနေတာပါ။ သင်း





ရနံ့ကြိုင်ကို အချစ်ကြီးချစ်တာမျိုးတော့ မဟုတ်ပါဘူး"

သံစဉ် သိပါတယ်။ သံသာရဲ့ ရိုးဖြောင့်မတ်နေတတ်မှုကိုလေ။ အရေးကြီးတာက ကြိုင့်အချစ်တွေကို သံသာအဖြစ်နဲ့ပဲ ဖြစ်ပါစေ သံစဉ် ပိုင်ဆိုင်ရယူချင်သည်။ အချိန်တွေက တဖြည်းဖြည်းနှင့် ပတ်ဝန်းကျင်မှာ အမှောင်ထုက လွှမ်းမိုးနေ၏။ မင်္ဂလာညစာစားပွဲက မပြီးဆုံးသေးဘူးလား။ အချိန်တွေ ဖြတ်သန်းနေတာက နှေးကွေးလွန်းသည်ဟု ထင်သည်။

"အချိန်တွေ မြန်မြန်ကုန်စမ်းပါကွာ ... မောင့်လက်တွေက ကြိုင့်ကိုပွေ့ဖက်ထားချင်ပြီ ... မောင့်အနားကို အမြန်ဆုံးရောက်လာပါတော့ ချစ်သူကြိုင်ရယ် ..."

မင်္ဂလာညစာစားပွဲမှာ သံသာဝတ်ဆင်မည့် နက်ပြာရောင်အနောက်တိုင်းဝတ်စုံနှင့် တစ်ထပ်ထဲကျသော ဝတ်စုံကို သံစဉ်ဝတ်ဆင်ထားသည်။ မှန်ထဲမှာပေါ်နေတဲ့ သံစဉ်ရုပ်သွင်က ယောကျ်ားတစ်ယောက်ရဲ့ ညှို့ယူနိုင်စွမ်းရှိနေတဲ့ ချောမောခန့်ညားနေ၏။ သံစဉ်နှင့်သံသာကို ခွဲခြားဖို့ခက်သည်။

"တီ ... တီ ..."

"တီ ..."

"ဟော ... ကားတွေလာကြပြီ၊ မောင့်ရင်တွေ အဆက်



www.burmeseclassic.com

www.burmeseclassic.com



ဆတ်တုန်ရီနေတယ်ကြိုင် ... အချစ်တွေနဲ့ မောင့်နှလုံးသားတွေ လှိုက်လှိုက်ခံစားနေရတယ် ... ကြိုင့်ကိုချစ်တယ် ... ”

သံစဉ်ကို လွှန်ခဲ့သော တစ်လလောက်ထဲက မောင်ဆိုတဲ့ အသုံးအနှုန်းမျိုး အခက်အခဲမရှိသုံးနှုန်းနိုင်ရန် လေ့ကျင့်ထားခဲ့သည်။

“သံစဉ်တွေ သံသာတွေဆိုတဲ့ နာမည်တွေသုံးရင် ရှုပ်ထွေးသွားနိုင်တယ် ... သားသံစဉ် ကြားမှာ နာမ်စားမောင်လို့ပဲ သုံးရမယ်နော်”

မောင်လို့ သံသာ့ကို ကြိုင်ကချစ်စနိုးလေးခေါ်သည်တဲ့။

မောင် ... သံစဉ်လည်း နှစ်သက်တယ်။ အရာရာတိုင်းမှာ သံသာ့ခံစားချက်တွေနှင့်သံစဉ်ခံစားချက်တွေ အတော်များများတူညီနေတတ်သည်။

“မောင့်စိတ်တွေ အရမ်းကြီးပဲ လှုပ်ရှားနေပြီလေကြိုင် ... ပျော်တယ်ကွာ”

အပြင်မှာ ပြောဆိုနှုတ်ဆက်သံတွေကြားရပြီး တိတ်ဆိတ်သွားသည်။ သံသာ လာတော့မယ်။ သံစဉ်စိတ်တွေ တည်ငြိမ်မှုရှိစေရန် ထိန်းသည်။

“ဒေါက် ... ဒေါက် ... ”

“သံစဉ် ... ဝင်လာခဲ့မယ်နော်”





သံစဉ် စကားမပြောနိုင်။ သံသာ ဝင်လာတာကို ထူးဆန်းသလိုလို ငေးမောကြည့်မိနေသည်။

“သံစဉ်”

“ဟင် ... သံသာ”

“စိတ်တွေအရမ်းလှုပ်ရှားနေလား”

“သံစဉ့်စိတ်တွေ အရမ်းပဲလှုပ်ရှားနေတယ်ကွာ ... အိပ်မက်တွေလား တကယ်လား်ပဲ သံသာရာ ... ”

“ဒါ အိပ်မက်တွေ မဟုတ်ဘူးနော် သံစဉ် ... ဘဝတစ်ခုကို လက်တွေ့ကျကျ ရင်ဆိုင်ရတော့မယ် ... သံစဉ်ချစ်တဲ့မိန်းကလေးနဲ့လေ ... အမှားအယွင်းမရှိစေချင်ဘူး သတိထားပါ ... ”

“မင်း ... မင်းကရော ... သံသာ ဘာဆက်လုပ်မှာလဲ”

“နိုင်ငံခြားကို ထွက်သွားမှာပါ ... အပြီးအပိုင်လေ၊ သံစဉ်ကို တွေ့ချင်ရင် တစ်နေရာရာမှာ လျှို့ဝှက်တွေ့ကြမယ် ... ဒါမှမဟုတ် လည်း သံစဉ် နိုင်ငံခြားကို လိုက်လာခဲ့ပေါ့ ... ”

“သံစဉ်တို့ မတွေ့ရလဲ ဘာမှမဖြစ်ပါဘူးကွာနော် သံသာ အရေးကြီးတာက သံသာ အမြန်ဆုံးကြိုင်နဲ့ဝေးရာကို ထွက်သွားဖို့ပဲ သံသာ့ကျေးဇူးတွေကိုတော့ သံစဉ်အမြဲတမ်း အမှတ်တရရှိနေမှာပါ”

သံသာ့ကို မယုံကြည်နိုင်တဲ့စိတ်တွေ သံစဉ့်နှလုံးသားထဲသို့



www.burmeseclassic.com

www.burmeseclassic.com



တစတစနဲ့ မသိမသာ တိုးဝင်ရောက်ရှိနေသည်။ ကြိုင့်လို မိန်းကလေးတစ်ယောက်ကို သံသာအလွယ်တကူ စွန့်လွှတ်နိုင်တာကိုက သံသယဝင်စရာပါ။ တစ်ခါတရံ သံသာ့အား သံစဉ် မနာလိုဝန်တိုခြင်းတွေ အတိုင်းအဆမရှိအောင် ဖြစ်နေတတ်ခဲ့၏။ ဘာကြောင့်လဲဆိုတော့ သံသာက အကောင်းဆုံးတွေပိုင်ဆိုင်ခွင့်ရနေခဲ့လို့ပဲ ဖြစ်သည်။ သံစဉ်က ကံကောင်းခြင်းတွေကို လက်လွှတ်နေရတဲ့သူပဲ။

"သံစဉ်"

"ဟင်"

"စိတ်တွေကို ထိန်းချုပ်ပါ ... သံစဉ် ပျော်ရွှင်ချင်တာမဟုတ်လား။ သံသာအဖြစ် ပိပိရိရိ သရုပ်ဆောင်ရမယ် ... ကြိုင့်ကိုကြောက်လန့်အောင် မလုပ်ပါနဲ့နော် ... ကြိုင့်ကို သံစဉ်ချစ်တယ်မဟုတ်လား"

"အင်း ... ချစ်တယ် ... အရမ်းပဲ သံစဉ့်အချစ်ဦးပါ သံသာ စိတ်ချ ... သံစဉ် အကောင်းဆုံးတွေပဲ ဆက်ဆံမှာပါ"

"ပျော်ရွှင်နိုင်ပါစေ သံစဉ် ..."

"ကျေးဇူးအများကြီးတင်တယ် သံသာ ..."

သံသာက သံစဉ့်ကိုလာ၍ ပွေ့ဖက်လိုက်သည်။ နှစ်ဦးလုံးရဲ့ ရင်ခုန်သံတွေက တဒိန်းဒိန်းလှုပ်ခတ်မြန်ဆန်နေ၏။ သံသာလည်း





မလွဲသာမရှောင်သာလို့သာ ကြိုင့်ကို စွန့်လွှတ်လိုက်ရတာပါပဲ။ မင်းနှလုံးသားတွေအရမ်းခုန်နေတယ် သံသာ။ ကြိုင့်ကို သံသာလုံးဝမချစ်ဘူးဆိုတာတော့ မဖြစ်နိုင်ဘူး။ သံသာ့ကို သံစဉ်တို့နှင့်အဝေးဆုံးကို အမြန်ဆုံးထွက်ခွာသွားစေချင်မိနေသည်။

"ဒီညက သံစဉ်ရဲ့မင်္ဂလာဦးညပါ ... ဂုဏ်ပြုပါတယ်၊ ပျော်ရွှင်ပါစေ"

"မင်းက ဒီအခန်းထဲမှာနေမှာလား သံသာ ... "

"ခဏနေရမယ်လေ ... သံစဉ့်နေရာမှာနေရတော့မယ် ခဏပါ ... "

"မနက်ဖြန်ပဲ ဒီကနေထွက်ခွာသွားပါ သံသာ ... "

"သွားမှာပါ သံစဉ်ရာ ... စိတ်ချပါ ... "

သံစဉ့်စိတ်တွေက ပုံမှန်မဟုတ်တာ သံသာသိနေ၍လည်း ကြိုင့်အတွက်စိတ်သောကရောက်နေရသေးသဖြင့် မာမီကောင်းဆိုသလိုပဲ ဒီအခန်းလေးထဲမှာ ပုန်းအောင်းနေထိုင်ဖို့ ဆုံးဖြတ်ထားသည်။ သံစဉ်နဲ့အဆင်ပြေပါ့မလား။ အခုတောင် သံသာ့ကို အမြန်ဆုံးအဝေးဆုံးကို ထွက်သွားစေချင်နေ၏။ ကြိုင်ရယ် ... မောင် အနားအညွှတ်ကို တောင်းပန်ပါတယ်။ မောင့်ဘက်က ယုတ်မာကောက်ကျစ်မှု မရိုးဖြောင့်မှုတွေက တကယ်ပဲမလွဲသာမရှောင်သာပါ။ ကြိုင်



www.burmeseclassic.com

www.burmeseclassic.com



သိသွားရင် ဘယ်လိုအကြောင်းနဲ့မှ လက်ခံခွင့်လွှတ်နိုင်မှာမဟုတ်။ ကံကြမ္မာတွေကို မောင်ကြောက်ရွံ့ထိတ်လန့်မိပါတယ် ကြိုင်။

"ဟော့ကောင် သံသာ ... "

"ဟင် ... "

"မင်း ဘာတွေစဉ်းစားတွေဝေနေရတာလဲ ... သင်းရနံ့ကြိုင်ကိုတော့ ဖြန်လုပယူဖို့ မကြံစည်နဲ့နော်"

"သံစဉ်ကလည်းကွာ ... သံသာက ထွက်သွားမှာပါ။ စိတ်ပူမနေနဲ့ မိန်းကလေးတစ်ယောက်က သံသာ့အတွက် အရေးမပါပါဘူး အများကြီး ရှိပါတယ်ကွ"

"အဲဒါကြောင့် ပြောတာပေါ့ သံသာ ... မင်းဘဝက ပြည့်စုံပါတယ်၊ အခွင့်အရေးကောင်းတွေမှန်သမျှ မင်းပဲပိုင်ဆိုင်ထားခွင့်ရှိနေခဲ့တာလေ မဟုတ်ဘူးလား ... "

"ဟုတ်ပါတယ်ကွာ ... "

"သံစဉ်လေ ... သံသာ့ဆီကနေ ဘယ်အရာကိုမှ အနိုင်ကျင့်မတောင်းဆိုတော့ပါဘူးလို့ ဆုံးဖြတ်ထားပါတယ်ကွာ၊ ဒါပေမဲ့လေ သင်းရနံ့ကြိုင်ကို တွေ့တွေ့ချင်းပဲ သံစဉ်ချစ်မြတ်နိုးမိသွားတာတော့ မတတ်နိုင်ဘူး ... "

"ရပါတယ် သံစဉ်ရာ ... မင်းသွားတော့လေ ကြိုင်စောင့်နေ





လိမ့်မယ် ... မင်္ဂလာဦးညလေးကို အောင်မြင်ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပါစေ"

သံစဉ် နှုတ်ဆက်ပြီး ထွက်သွားသည်။ သံသာနှင့်သံစဉ်က ဝတ်စုံတူတွေ ဝတ်ဆင်ထားကြသဖြင့် ဘယ်သူဘယ်ဝါဆိုတာ ခွဲခြားရခက်နေ၏။ မာမီပဲ သိတာပါ။ ရုပ်ခြင်းခွဲမရအောင် တူကြတဲ့အမွှာညီအစ်ကိုမှာ ကွဲပြားနေတာက သံစဉ့်ရင်ညွှတ်မှာ မှဲ့အနက်တစ်ခု ထင်ထင်ရှားရှားရှိနေခြင်းပင် ဖြစ်သည်။

"သံသာ ... "

"ဟင် မာမီ ... "

မာမီ ဒီအခန်းလေးထဲဝင်လာသည်။ မာမီ့မျက်ဝန်းတွေထဲမှာစိုးရိမ်ပူပန်မှုတွေနှင့် သောကရိပ်တွေ သိသိသာသာကြီး လွှမ်းခြုံရစ်သိုင်းနေသလို သံသာ့ကိုလည်း အားနာလွန်းစွာ တောင်းပန်တိုးလျှိုးနေသလိုပင် မာမီကို သံသာသနားမိနေသည်။

"သံစဉ် သွားပြီလေ ... မာမီတော့ စိတ်ပူနေတယ်၊ သံစဉ့်စိတ်တွေက ပုံမှန်မဟုတ်ဘူးဆိုတော့ ... "

"မာမီရာ ... ဘာတွေစိတ်ပူနေတာလဲ ... သံစဉ်က ကြိုင့်ကို သံသာ့ထက်တောင် ချစ်မြတ်နိုးပါတယ် စိတ်ပူစရာမရှိပါဘူး၊ ကြိုင်ကိုယ်တိုင်လည်း မသိနိုင်ပါဘူး ... အဆင်ပြေသွားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



မိမိစိတ်တွေ မလုံမလဲနှင့် သားသံသာအပေါ် အမြဲတမ်း အခွင့်အရေးတစ်ရပ်ယူမိနေသလိုပါပဲ။ သားသံစဉ် ပျော်ရွှင်နိုင်ဖို့ အတွက် သားသံသာက အမြဲတမ်းအနစ်နာခံ ဖြည့်စွမ်းပေးရတာတ် သည်။ သနားလိုက်တာ သားသံသာရယ်။ သားရင်ထဲမှာ မီး တောက်နေလိမ့်မယ်ဆိုတာလည်း မာမီ မသိဘဲနေပါ့မလား။ သား သံစဉ်ရင်ဆိုင်ဖြတ်သန်းလာခဲ့ရတဲ့ အမှောင်ညတွေကလည်း မိမိ ဆုံး ဖြတ်ချက်တွေ မှားယွင်းသွားတာမျိုးလည်း ဖြစ်နေခဲ့၏။ ဒေါ်ရီတာ နွယ် နာကျင်ရလွန်းပါသည်။

"မာမီ"

"ပြောလေ သား ..."

"သံသာ အမြန်ဆုံးကိုယ်ရောင်ဖျောက်မှဖြစ်မယ် မာမီ ... သံစဉ်စိတ်ထဲမှာ သံသယကင်းအောင်ပါ ... မနက်ဖြန်မနက်ပဲ သံသာ နိုင်ငံခြားကို အပြီးအပိုင်ထွက်သွားမယ်လို့ ပြောထားတယ်"

"ဘာပဲဖြစ်ဖြစ် သားသံသာရယ် တစ်လလောက်တော့နေ ပေးပါ ... သားသံစဉ်စိတ်တွေ ဖောက်ပြန်လာရင် မာမီတစ် ယောက်ထဲ ဖြေရှင်းနိုင်မှာမဟုတ်ဘူး ... သမီးကြိုင်သိသွားရင် မာမီ ခွေးဖြစ်ပြီ ... လူမဆန်စွာ ရက်စက်ယုတ်မာသူဖြစ်ရလိမ့်မယ်"

"သံသာနေမှာပါ ... မာမီ စိတ်အေးအေးထားပါနော်၊ ပစ္စည်း





ဟောင်းတွေထားတဲ့ စတိုခန်းက သန့်ပါတယ်၊ သံသာနေဖို့ပြင်ဆင် ပေးပါ"

"သားသံသာရယ်"

ဒေါ်ရီတာနွယ် မျက်ရည်မကျအောင် ထိန်းထားနိုင်စွမ်း မရှိ တော့ပေ။ မျက်ဝန်းတွေထဲမှ မျက်ရည်ပေါက်တွေ လိမ့်ဆင်းကျလာ ပြီး သားသံသာအား ပွေ့ဖက်၍ မိမိရင်ခွင်ထဲမှာ တင်းတင်းကြပ် ကြပ် မိမိလက်မောင်းတွေကြားမှာ ရစ်သိုင်းထားမိသည်။

"သံသာက မာမီပျော်ရွှင်အောင် လုပ်ပေးနေတာလေဗျာ၊ မငိုစမ်းပါနဲ့ ... ဘာမှဖြစ်စရာအကြောင်း မရှိပါဘူး၊ ကြိုင့်ကို သံသာ ခွဲလမ်းမြတ်နိုးပြီး ပူဆွေးသောကတွေရောက်နေမှာ မဟုတ်ပါဘူး ဗျာ ... သံသာ နိုင်ငံခြားမှာ အနည်ထိုင်တာနဲ့ မိန်းကလေးတစ် ယောက်နဲ့ လက်ထပ်မယ် ... မိသားစုဘဝလေး တည်ဆောက်မှာ ပါ"

ဘဝတွေက အဲဒီလောက်အထိ တည်ငြိမ်အေးချမ်း ရိုးစင်းစွာ ဖြတ်သန်းနိုင်ပါ့မလား သားသံသာရယ်။ သဘာဝကို ဆန့်ကျင်နေ တာလေ။ မာမီတို့လုပ်ရပ်က ပတ်ဝန်းကျင်အရပ်ရပ်ကြားလို့တောင် မသင့်တော်ဘူး။ မာမီ သိပါတယ် သားသံသာနဲ့ သင်းရနံ့ကြိုင်တို့ အပေါ် မာမီ မတရားဘူး။ သားသံသာ ဘယ်လောက်ကြီးပဲဟန်



www.burmeseclassic.com

www.burmeseclassic.com



ဆော်ရယ်မောနေပါစေ သားသံသာ့ရင်ထဲမှာ မီးတောက်တွေ ဘယ်လောက်များ လောင်မြိုက်ပူပြင်းနေလိုက်မလဲ။ မာမီ ငိုပါရစေ သားသံသာရယ်။ ဒီမျက်ရည်တွေနဲ့ပဲ မာမီ့နှလုံးသားအပူမီးတွေကို ငြိမ်းသတ်ပါရစေနော်။

အခန်း ( ၈ )

ကြိုင် ရှက်လည်းရှက် ပျော်လည်းပျော်။ ရင်တွေ တဒိန်းဒိန်း ခုန်လျှက်။ မောင်နှင့် မာမီ့ကို အထူးကျေးဇူးတွေတင်ပါတယ်။ ကြိုင့်လိုမိန်းကလေးတစ်ယောက်အပေါ် ထည်ဝါခမ်းနားလွန်းစွာ ချီးမြှောက်ဆီးကြိုခဲ့တဲ့အတွက် ကြိုင် ကံကောင်းသူဖြစ်ရသည်။ ပန်းနုရောင်ဖျော့ဖျော့လေး လွှမ်းခြုံထားသော မင်္ဂလာအိပ်ခန်းကြီးက တန်ဖိုးအကြီးမားဆုံး အသုံးအဆောင်ပစ္စည်းတွေကြီးပဲ ဖြစ်နေခဲ့၏။ ကြိုင့်အတွက် နတ်ဘုံနတ်နန်းကြီးတစ်ခုပါ။ မောင့်ကို ကြိုင် အရမ်းချစ်သည်။ မောင့်ဆီက အချစ်သက်သေအဖြစ် ကြိုင့်ဘဝတစ်ခုလုံး တင့်တယ်ခမ်းနားခြင်းတွေ ပြည့်နှက်လျှက်ရှိနေခဲ့၏။ မောင့်အပေါ်လည်း ကြိုင် ချစ်ဇနီးကောင်းဖြစ်စေရန် အစွမ်းကုန် ကြိုးစားပြုစုယုယကြင်နာပေးပါ့မယ်။ ကြိုင့်ခန္ဓာကိုယ်လေးပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



သီးထနေသော စိန်ထည်လက်ဝတ်ရတနာများကို တစ်ခုချင်းဖြုတ်ယူသိမ်းဆည်းနေသည်။ ကြိုင် စတင်ကြားလိုက်တာကတော့ အခန်းတံခါးရဲ့ ရွေ့လျားသံ။ မောင် ဝင်လာပြီဟု အသိတွေကြောင့် ကြိုင်ခန္ဓာကိုယ်လေး သွေးလည်ပတ်မှုတွေ ရပ်ဆိုင်းသွားပြီလားဟု ပင် သတ်မှတ်သွားရသည်။ မောင် ဝင်လာ၏။ ကြိုင့်နောက်မှာ လာရပ်သည်။

"ကြိုင် ... မင်းအရမ်းလှတာပဲကွာ၊ ကောင်းကင်ပေါ်ကနေ နတ်သမီးလေးတစ်ပါးများ ပြုတ်ကျလာသလားပဲ ... မောင်တောင် မှင်သက်မိသွားရတယ်"

မောင်က ကြိုင့်ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားရင်း ချီးမွမ်းစကားတွေ ပြောဆိုလာသဖြင့် ကြိုင် ရယ်မောရင်း မောင်ကလဲကွာ အပိုတွေလာပြောနေတယ်ဟု တုန့်ပြန်စကားကြောင့် မောင် အားမလိုအားမရနှင့် ကြိုင့်ကို သိုင်းဖက်လိုက်သည်။ ကြိုင့်နှလုံးခုန်သံတွေ ရုတ်ချည်းရပ်ဆိုင်းသွားပြီလား ထင်မှတ်ရလောက်အောင်ပဲ ကြိုင့်ခန္ဓာကိုယ်လေး ပူလောင်တောင့်တင်းသွားရကာ မှန်ထဲမှာ မောင်နှင့်ကြိုင် မျက်နှာချင်းယှဉ်၍ တွေ့ဆုံလိုက်ရတဲ့ မောင့်မျက်ဝန်းနှင့် စိမ်းလွန်းနေသည်ဟု ထင်မှတ်သွားသည်။

"ကြိုင် ဘာဖြစ်လို့လဲကွာ ... ရှက်သွားတာလား၊ ကြည့်ပါဦး





မောင့်ချစ်သူမျက်နှာလေး ပြုပျက်သွားလိုက်တာ"

"ရုတ်တရက်ကြီးဆိုတော့ ကြိုင်ရှက်သွားတာပေါ့ မောင်၊ တစ်ခါမှလည်း ဒီလိုပူးပူးကပ်ကပ် ကြင်ကြင်နာနာ မနေခဲ့ဖူးဘူးလေ"

သံသာ သစ္စာရှိတာပဲ။ သံစဉ်အတွက် ကြိုင့်အပေါ် ဖြူဖြူစင်စင် ရိုးရိုးသားသား ပတ်သက်ဆက်ဆံခဲ့ပုံရသည်။ သံစဉ်က သံသယတွေ ဝင်နေခဲ့တာပါ။ ကြိုင်က အနီးကပ်ကြည့်မိလေ ပိုမိုချစ်ခင်စွဲမက်ဖွယ်ကောင်းလေပဲ။ နီစွေးတူအမ်းအမ်း နှုတ်ခမ်းလေးကို သံစဉ် အနမ်းပန်းပွင့်လေးတွေ ချွေချပြစ်လိုနေခဲ့၏။ သံစဉ့်ဆန္ဒတွေ ပြင်းပြတဲ့အတိုင်း ပြုမူလို့မဖြစ်သေးဘူးထင်တယ်။ သံသာက လူကြမ်းမဟုတ်။ နူးညံ့သိမ်မွေ့သူပါ။ သံစဉ် အသိတရားတွေ လွတ်ထွက်မသွားစေရန် ထိန်းချုပ်ထားလိုက်သည်။

"ကြိုင့်ကို မောင်အရမ်းချစ်တယ် ... အရမ်းလည်း မြတ်နိုးနေမိတယ် ... ကြိုင်ရေဟင် ... "

"ချစ်တာပေါ့ မောင်ရယ် ... ဘယ်လိုမေးလိုက်တာလဲ၊ မောင်က ကြိုင့်ရဲ့အချစ်ဦးပါနော် ... ကြိုင်လေ ရည်းစားလည်း မထားဖူးဘူး၊ ကြိုင့်ဘဝကို မောင်သိတာပဲဟာ ... ဦးလေးအိမ်မှာ ကပ်နေရတဲ့ဘဝပါ၊ မောင်နဲ့မာမီ့ကို အရမ်း အရမ်းကျေးဇူးတင်မိနေ



www.burmeseclassic.com

www.burmeseclassic.com



တယ် ... ကြိုင်လည်း မောင့်ကို အရမ်းချစ်တယ်ကွာ ... ”

“ကြိုင်ရယ် ... ”

ကြိုင် ချစ်မိနေသူက သံသာပဲဖြစ်နိုင်သည်။ ဘယ်လိုပဲဖြစ်နေပါစေ ကြိုင့်ကို သံစဉ်ရဲ့ဇနီးမယားအဖြစ် သိမ်းပိုက်ထားရတော့မည်ဖြစ်၏။ ကြိုင့်ခေါင်းမှာ ကျန်ရှိနေသေးတဲ့ ဆံညှပ်လေးတွေကို တစ်ခုချင်း ကူညီဖြုတ်ပေးနေရင်း မွှေးပြန့်သင်းထုံနေတဲ့ ဆံပင်လေးကို ဖွဖွလေး နမ်းရှိုက်မိသည်။

“မောင့်ကိုလေ ကြိုင် အရမ်းလေးစားအထင်ကြီးရတာက ချစ်သူဘဝမှာ ဣန္ဒြေသိက္ခာတွေ ဆယ်ပြီး ထိန်းထိန်းသိမ်းသိမ်းနေခဲ့တာကိုပဲ ... ”

သံသာ မင်းကိုကျေးဇူးတင်ပါတယ်။ သံစဉ့်အပေါ် သစ္စာရှိခဲ့တာပဲ။ သင်းရန့်ကြိုင်အပေါ် သံသာ မချစ်ဘူးဆိုတာ ဖြစ်နိုင်နေသည်။ သံသာ့ကို ကျေးဇူးတင်ပါတယ်။ ချစ်စရာကောင်းလွန်းတဲ့ မိန်းမချောလေးကို သံစဉ့်အတွက် ပေးအပ်ထားခဲ့လို့လေ။ ဆံညှပ်လေးတွေအားလုံးဖြုတ်ပြီး သွားသည်နှင့် ကြိုင့်မျက်နှာလေးအား သံစဉ်လက်နှစ်ဖက်ဖြင့် ဆွဲယူမော့စေကာ နှုတ်ခမ်းဖူးဖူးလေးအား နမ်းမိသွား၏။ ကြိုင် အလန့်တကြားနှင့် မျက်နှာလေးကို ရှန်းကာဖယ်ရှောင်ရင်း မောင်ဘာလုပ်တာလဲကွာ ကြိုင်ရှက်တယ်ဟုပြော





ရင်း သံစဉ်လက်တွေကို ဖယ်ရှားနေသည်။

“ကြိုင်ရယ် ... မောင့်စိတ်တွေ ဘယ်လိုမှဟန်ဆောင်ထိန်းချုပ်မထားနိုင်တော့ဘူး ... ကြိုင့်ကို အရမ်းချစ်တယ်၊ ချစ်လို့ပါ မောင့်အနမ်းတွေကို ကျေကျေနပ်နပ် ငြိမ်ငြိမ်သက်သက်လေးခံယူပေးပါကွာနော် ... ”

မောင့်ကို ချစ်မြတ်နိုးလွန်းမိနေတဲ့ ကြိုင့်နှလုံးသားတွေရဲ့ ဆန့်ကျင်ဘက် တုန့်ပြန်လိုက်မှုအတွက် ကြိုင်ကိုယ်တိုင်ပင် အားမလိုအားမရ ဖြစ်သွားရသလို နားမလည်နိုင်တော့။ မောင်နဲ့ကြိုင်တို့က တရားဝင်အကြင်လင်မယားဘဝ ရောက်ရှိသွားရတဲ့ မင်္ဂလာဦးညမှာ စတင်၍ ကြိုင့်နှလုံးသားတွေ အေးစက်သွားရလေသည်။ မောင့်အနမ်းတွေကိုလည်း မခံယူချင်။ မောင် ပွေ့ဖက်ခေါ်ဆောင်ရာနောက်သို့ ကြိုင်အသာတကြည်လေး လိုက်ပါလာခဲ့ပေမယ့် မင်္ဂလာခုတင်ကြီးပေါ် အတူယှဉ်တွဲ အိပ်စက်လိုက်ရမှာ ကြောက်ရွံ့ထိတ်လန့်နေသည်။

“ကြိုင်ရယ် ... မောင့်လေ ကြိုင့်ကို အရမ်းချစ်တယ် မြတ်နိုးတယ် ... မောင့်ကိုလည်း ကြိုင်ပြန်ချစ်ရမယ်နော် ... ”

မောင့်ကိုလည်း ကြိုင်အရမ်းချစ်ပါတယ်ဆိုတဲ့ စကားသံတွေက ကြိုင့်နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်ယင်နေ၍လား



www.burmeseclassic.com

www.burmeseclassic.com



မသိတော့။ ဆွံ့အ‌တာစ်ဆို့နေသည်။ ကြိုင် အရှက်ကြီးရှက်နေပြီလား ပဲ။ မောင့်လက်တွေကိုတွန်းကန်ရုန်းဖယ်ပြစ်လိုနေ၏။ မောင့်ဆီက ကြမ်းတမ်းသော အချစ်တွေကို ကြိုင်ဘယ်လိုမှ ခံစားရယူလိမ့်မည် ဟု မထင်ထားခဲ့ပေ။ ချစ်သူဘဝမှာ မောင်က နူးညံ့သိမ်မွေ့လွန်းသူ ပါ။ ပန်းနုရောင် အိပ်ရာကြီးပေါ် အသာအယာလှဲချပေးခဲ့ပြီး မောင့် မျက်နှာချောချောမွတ်မွတ်က ကြိုင့်မျက်နှာလေးပေါ်မှာ အုပ်မိုး ထားလျှက် ရှိနေသည်။

"ကြိုင်"

"ဟင်"

"ဒီနှုတ်ခမ်းလေးတွေဆီက မောင့်ကိုချစ်တယ်လို့ ပြောတာ ကြားချင်တယ်ကွာ"

မောင့်မျက်ဝန်းတွေကို ဘာဖြစ်လို့များ ကြိုင်မနှစ်သက်သလို ကြီး စိမ်းနေရတာလဲ။ မင်္ဂလာဦးညမှာ ဒီလောက်အထိ ရှက်ရွံ့ထိတ် လန့်ကြောက်ရွံ့တုန်လှုပ်နေရမည်ဟု ကြိုင် မထင်မှတ်ခဲ့။ ပျော်ရွှင် စရာအထိ ရှိနေမည်ဟု မျှော်လင့်ထားခဲ့သည်။

"ဖြေလေ ကြိုင် ... ရှက်နေတာလား"

"အင်း ... ကြိုင် ကြောက်နေသလိုကြီးပဲ ... မောင်ကလေ အရမ်းကြမ်းတမ်းတယ် ... လျှော့ပါဦးနော် ... "





ကြိုင် တောင်းပန်တိုးလျှိုးနေခဲ့မိပေမယ့် မောင်က အတင်း အကျပ်ကြီး မောင့်ကိုချစ်တယ်လို့ပြောရန် တောင်းဆိုလွန်း၍ ချစ်ပါ တယ်မောင်ရယ်ဆိုတဲ့ စကားလုံးလေး ကြိုင့်နှုတ်ခမ်းတွေဆီမှ အတော်လေး အားယူ၍ ပြောလိုက်ရသည်။

"မောင့်ကို ကြိုင် ချစ်ပါတယ်"

"ကြိုင်ရယ် ... "

မောင့်ရဲ့ကြမ်းတမ်းလွန်းသော အချစ်တွေက ကြောက်မက် ဖွယ်ရာ ကြိုင့်ခန္ဓာကိုယ်လေးအား တစစီ ဆုတ်ဖြဲနင်းခြေပစ် မတတ်။ ကြိုင့်နှလုံးသားတွေက ထိုအပြုအမူများအား မနှစ်သက် စွာ အေးစက်နာကျင်နေရတာ နားမလည်နိုင်ဖြစ်ရသည်။ ကြိုင် မပျော်ရွှင်မိ။

"ကြိုင် ... မင်း ... မင်း ဘာဖြစ်လို့လဲ ... အသက်မပါသလို ကြီးကွာ၊ မင်းဆီကနေ တုန့်ပြန်မှုက အေးစက်နေတယ်"

သံစဉ် တဖြည်းဖြည်းနှင့် ကြိုင့်အပြုအမူအတွက် ဒေါသတွေ ပေါက်ကွဲလာချင်နေသည်။ သံသာ မဟုတ်လို့လား။ သံစဉ်ကတော့ ကြိုင့်ခင်ပွန်းအဖြစ် မှတ်တိုင်စိုက်ထူထားဖို့ပဲ။ သံသာ့လက်ထဲ ပြန်ပါ သွားတာမျိုး အဖြစ်မခံနိုင်။ သံစဉ် အရူးအမူးချစ်မိသွားသည်။

"ကြိုင်က ချစ်စရာကောင်းတယ်၊ မောင့်နှလုံးသားတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဆွဲကိုင်လှုပ်ခတ်နိုင်စွမ်းရှိတယ် ... မောင့်အပေါ် သစ္စာမဲ့အလုပ်မျိုးတွေ လုပ်ခွင့်မရှိဘူးနော် ကြိုင် ... "

"မောင့်ဘက်ကနေ သစ္စာမဲ့မှာပဲ ကြိုင်စိတ်ပူရတာပါ၊ ကြိုင်က မောင်ထားရာနေ စေရာသွားမယ့် ဓနီးကောင်းတစ်ယောက်အဖြစ် နေမှာပါ"

မောင့်မျက်ဝန်းအကြည့်တွေကို ကြိုင်ကြောက်လာသည်။ စူးစူးစိုက်စိုက်နှင့် ကြိုင့်မျက်နှာလေးကို မလွှတ်တမ်းကြည့်နေသဖြင့် မောင်ဘာတွေဖြစ်နေတာလဲ။ အရင်ကနဲ့ လုံးဝမတူတော့သလိုပဲကွာဟု တောင်းတောင်းပန်ပန်ခယယလေး ပြောနေမိရင်း မောင့်ရင်ခွင်ထဲကနေ ရုန်းဖယ်ထွက်ချင်နေခဲ့၏။ မောင်က ကြိုင့်ရဲ့တရားဝင်ခင်ပွန်းဖြစ်နေလို့လည်း မောင်ပြုသမျှ ကြိုင် ငြိမ်သက်စွာ ခံယူရတော့မည် ဖြစ်သည်။

"မောင်ရယ် ... ခဏလောက်လေး ဖယ်ပါဦး ... ကြိုင် မွန်းကျပ်လွန်းလို့ အသက်ရှူလို့တောင် မရတော့ဘူး"

မောင် အသိတရားတွေ ကင်းလွတ်နေပြီလားတောင် မသိတော့ပါဘူး။ ချစ်သူဘဝမှာ မောင်ဆင်ဆင်ခြင်ခြင် နေထိုင်ပြုမူနေခဲ့ပေမယ့် အိမ်ထောင်ရှင်ဘဝမှာ ကြိုင်တို့ရဲ့မင်္ဂလာဦးညလေးက ကြောက်မက်ဖွယ်ရာအတိပင်။ မောင်က တောင်းပန်တိုးလျှိုးတား





ဆီးခွင့်မရှိ။ အချစ်ကို ရူးရူးသွပ်သွပ်ပေးနေခဲ့သည်။ အနမ်းတွေက ကြိုင့်နှုတ်ခမ်းလေးတွေပေါ် အညှာတာကင်းမဲ့လျက် မိုးသီးမိုးပေါက်ဗွေပမာ ... လွှတ်ပါတော့ မောင်ရယ်။ မွန်းကျပ်လာပါပြီ။ မောင်နဲ့လက်ထပ်မိတာ ကြိုင်မှားသွားပြီထင်တယ်။ မောင့်ဆီမှာ နူးညံ့သိမ်မွေ့မှုတွေ ပျောက်ဆုံးသွားပြီထင်သည်။

"လွှတ်ပါတော့မောင်ရယ် ... ကြိုင့်နှလုံးသားတွေ မခံစားနိုင်တော့လို့ပါ ... မောင်အသိတွေ ဝင်စမ်းပါ၊ ကာမဘီလူးတစ်ကောင်လို ကြိုင့်ကို ကြမ်းကြမ်းတမ်းတမ်းဆက်ဆံနေတော့မှာလားဟင်"

ကြိုင်ကတော့ မောင့်အချစ်တွေကို ခုခံကာကွယ်ရင်း စိတ်ထဲကပဲ တောင်းပန်ခဲ့သည်။ ကြိုင့်ကိုယ်လုံးလေး တဆတ်ဆတ်တုန်ယင်လျက်။ မင်္ဂလာဦးညကမောင့်ကြောင့် ကြိုင် ရုပ်ပျက်ဆင်းပျက်ခါးသက်နာကျင်နေရသည်။ တစ်ခါတရံမှာ ကြိုင့်ခန္ဓာကိုယ်တစ်ခုလုံး အသိတွေကင်းမဲ့သွားမတတ်။ ကြီးမားပြင်းထန်နေတဲ့ လှိုင်းလုံးကြီးတွေ ရိုက်ခတ်မှုခံရသလိုလို ချောက်ကမ္ဘားကြီးအောက်နက်ရှိုင်းလွန်းစွာ ပြုတ်ကျသွားရသည်ဟု ထင်သည်။

"မောင် တကယ်ပဲ ပြောင်းလဲသွားတာပါပဲလား ... ကြိုင်ခံစားလို့တောင် မရတော့ဘူး ... မောင့်အပြုအမူတွေက ကြောက်



www.burmeseclassic.com

www.burmeseclassic.com



စရာကောင်းလွန်းတယ်"

မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ဘယ်ကနေဘယ်လို ရောက်လာမှန်းမသိဘဲ ပြည့်နှက်ဝိုင်းရံလာရသည်။ မောင့်ကိုချစ်ပါတယ်။ မောင့်ရဲ့ချီးမြှောက်မှုကြောင့် နိမ့်ကျတဲ့ကြိုင့်ဘဝ ခမ်းနားတင့်တယ်လာခဲ့တာ မှန်ပါတယ်လေ။ ဒါတောင် ကြိုင့်နှလုံးသားတွေ ဘာအကြောင်းနဲ့များ ရင်ခုန်သံတွေ ငြိမ်သက်အေးစက်သွားရတာလဲဟင်။ ဒီမင်္ဂလာဦးညကြီးကို ကြိုင် မုန်းလိုက်တာ။ အပျော်တွေပျောက်ဆုံးသွားရတာကိုလည်း ကြိုင် စဉ်းစားလို့မရတော့ဘူး ထင်တယ်။ ကြိုင့်နှလုံးသားတွေထဲက အချစ်တွေကို နုတ်ယူဖျက်စီးလိုက်တဲ့ မင်္ဂလာဦးည။

"ကြိုင်"

"ဟင်"

"မင်းငိုနေတာလား ... ဘာကြောင့်လဲ ... မောင့်အပြုအမူတွေကြမ်းတမ်းသွားလို့လားကွာ"

ကြိုင့်မျက်နှာပေါ်မှာ ရှုပ်ထွေးစွာ ရစ်သိုင်းနေသော ဆံနွယ်တွေအား သံစဉ်ဖယ်ရှားပေးလျှက်။ ကြိုင့်မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လျှံလှုမတတ် တွေ့လိုက်ရသည်။

"ဘာဖြစ်လို့လဲ ကြိုင် ... မင်း ... မင်း ... ဝမ်းနည်းကြေကွဲ





နေတာလား ... မင်း မောင့်ကို မချစ်လို့လား ... "

မဖြေချင်ဘူး။ ကြိုင် မဖြေချင်ဘူး။ ဘာဖြစ်လို့များ မောင့်ကို စိမ်းကားအေးစက်သွားရတာလဲဆိုတာလည်း စဉ်းစားလို့ မရခဲ့။ မောင်က ကြိုင့်ရဲ့ကျေးဇူးရှင် ငယ်ချစ်ဦးတစ်ယောက်ဖြစ်ပြီး ကြိုင်တို့ ပျော်ရွှင်ခမ်းနားတဲ့ လက်ထပ်မင်္ဂလာပွဲကြီး ကျင်းပခဲ့ကြတဲ့ တရားရုံးမှာ တရားဝင်လက်ထပ်ခဲ့ကြသူတွေ။ မောင့်မျက်ဝန်းအကြည့်တွေ တင်းမာသယောင် ကြိုင်မျက်ရည်တွေကို ပွတ်ခတ်ထိန်းသိမ်းရင်း မောင့်ကို ပြုံးပြမိသည်။

"ကြိုင် ရှက်တယ် ... မောင့်အချစ်တွေက အရမ်းကြမ်းလွန်းတယ်ထင်တယ်ကွယ် ... ကြောက်လိုက်တာ ... "

သံစဉ် မှားသွားတယ်။ စိတ်အလိုမလိုက်ဖို့ သံသာနဲ့မာမီက အထပ်ထပ်သတိပေးခဲ့တာပဲ။ သံစဉ့်စိတ်တွေ လွတ်ထွက်သွားတာပဲဖြစ်သည်။ ကြိုင့်ကိုလည်း သနားသွားရ၏။ သံစဉ် လွန်တာပါ။ ချစ်မြတ်နိုးရတဲ့ မိန်းကလေးဖြစ်နေ၍လည်း အချစ်ကြမ်းသွားရသည်။

"မောင် တောင်းပန်ပါတယ်ကြိုင် ... မငိုနဲ့နော်၊ အချစ်ကြောက်သွားအောင် အချစ်လူဆိုးကြီးက အနူးအညွတ် တောင်းပန်ပါတယ်နော် ... ခွင့်လွှတ်ပေးပါ မိန်းမရယ် ... "

"အို ... မောင်ရယ် ... "



www.burmeseclassic.com

www.burmeseclassic.com



မောင့်ဆီမှာ နူးညံ့သိမ်မွေ့မှုတွေ ပြန်လည်ရောက်ရှိလာသဖြင့် ကြိုင်နီည်းနည်းလေး စိတ်သက်သာရာရခဲ့သည်။ မိန်းမဟုခေါ်လိုက်၍လည်း ကြိုင့်နှလုံးသားတွေ နွေးထွေးသွားရ၏။ မောင်က ကြိုင့်ဘေးမှာ လှဲအိပ်ချလိုက်လေသည်။

"ကောင်မလေး ဘာတွေကြောက်နေ ရှက်နေရတာလဲကွာ၊ မင်္ဂလာဦးညလေ ... နောက်ဆို ကြိုင့်ကိုပျော်ရွှင်အောင် ထားပါ့မယ်၊ ကတိ ..."

"မောင့်ကို ကြိုင်ချစ်ပါတယ် ... ကြိုင် အရမ်းရှက်ကြောက်လာပြီး မောင့်အပေါ် ရိုင်းစိုင်းမိသွားရင် ခွင့်လွှတ်ပေးပါနော်မောင်"

"ခွင့်လွှတ်စေချင်ရင် မောင့်ကိုနမ်းပါ ..."

"ရှင်"

"ကြိုင့်ဆီက အကြင်နာ အယုအယတွေ မောင်ခံယူချင်တယ် ... မောင့်ကို အရမ်းချစ်တဲ့အကြောင်း မောင်ယုံကြည်အောင် သက်သေပြပါ"

ဒုက္ခပါပဲနော် ... ကြိုင် တွန့်ဆုတ် တွန့်ဆုတ် ဖြစ်သွားရပြန်သဖြင့် အားနာသွားရကာ သတ္တိတွေအနိုင်နိုင် မွေးလိုက်ရင်း မောင့်ပါးပြင်အား ဖွဖွလေးနမ်းမိသည်။

အခန်း ( ၉ )

ကြိုင် ဘာဖြစ်လို့မှန်းမသိဘဲ မောင်နှင့်အတူတူပဲ မွေ့ရာကြီးပေါ်မှာ အိပ်စက်ရတာကို မပျော်ရွှင်နိုင်ဘဲဖြစ်နေရသည်။ ကြိုင့်စိတ်တွေ ဘာဖြစ်လို့များ ပြောင်းလဲသွားရတာလဲ။ မောင့်အနားမှာ ကြောက်ရွံ့ထိတ်လန့်မှုတွေ ပြည့်နှက်နေသည်။

"အင်း ... အား ... ကြိုင် ဘာဖြစ်လို့လဲကွာ၊ မောင့်အနားငုတ်တုတ်ထိုင်ပြီး ဘာတွေစဉ်းစားနေတာလဲ ... ရှက်နေတာလားခုထိလား ..."

"အင်း ... ဟုတ်တယ်မောင်၊ တကယ်ပဲ ကျွန်မ နားမလည်နိုင်တော့ဘူး ... အိမ်ထောင်ဦးအစက တကယ်လွယ်ကူတာမျိုးမဟုတ်ဘူးနော် မောင် ..."

ကြိုင့်စိတ်တွေက နှီးခေါ်နေတာများလား။ သံစဉ်ကို ကြိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ကြောက်ရွံ့ရွံ့ဖြစ်နေတာကြီးကိုပဲ သံစဉ် မနှစ်သက်မိ။ သံသာနဲ့ဆိုရင် ကြိုင် ပျော်ရွှင်နေမှာ သေချာသည်။ သံစဉ် ဒေါသထွက်ချင်လာပြန်၏။ သူ့ဘေးနားမှာ ငုတ်တုတ်လေးထိုင်နေတဲ့ ကြိုင့်အားဆွဲထူပြီး သူ့ဘေးမှာ လှဲအိပ်စေသည်။

"အို ... မောင် ဘာလုပ်တာလဲ ... ကျွန်မတို့ ထကြရအောင်ပါ ... မာမီ့ကို ဝိုင်းကူရမယ်လေ ... "

ကြိုင်က အတင်းရုန်းထွက်နေသဖြင့် သံစဉ် ဒေါသထွက်ရသည်။

"မောင့်ရင်ခွင်ထဲမှာနေရတာ ဘာဖြစ်လို့ ဒီလောက်အထိ ကြောက်ရွံ့ထိတ်လန့်နေရတာလဲ သင်းရန့်ကြိုင် ... "

သံစဉ်လေသံက ဒေါသတွေရောစွက်သွား၍ ကြိုင် မျက်ဝန်းပြူးပြူးလေးတွေ ကလယ်ကလယ်နှင့် ပြန်ကြည့်ရင်း ငြိမ်သက်သွားသည်။ သူ့ဒေါသကို ထိန်းချုပ်လိုက်ရ၏။ မဖြစ်သေးဘူး။ သံသာနှင့် သူ့အကျင့်စရိုက်တွေက ဆန့်ကျင်ဘက်ဖြစ်သည်။ သတိနှင့်ပြန်ထိန်းလိုက်သည်။

"ဆောရီးကွာ ... မောင် တောင်းပန်ပါတယ်၊ မောင်က ကြိုင့်ကို အရမ်းချစ်မိတော့ ... မောင် သည်းမခံနိုင် ဖြစ်သွားရတယ်"

မောင်က ပွေ့ဖက်ထားပြီး ပြန်ချော့မော့လိုက်တော့လည်း





ကြိုင့်ဘက်က ပြောင်းလဲမှုကြောင့် မောင် ဒေါသဖြစ်စရာပဲဟုတွေးရင်း သူ့မစိတ်ကို ဖြေရသည်။

"ကြိုင်လည်း မှားပါတယ်မောင်ရယ် ... တကယ်ဆို မောင့်ဘက်က ကြိုင့်အပေါ် ဘယ်လောက်အထိ လိုက်လျောဖြည့်စွမ်းပေးခဲ့လဲ ... မောင်တို့ရဲ့တာဝန်က ကျေလွန်းနေပါပြီလေ ... ကြိုင် ရှက်ကြောက်စိတ်တွေက အရမ်းကြီးဖြစ်ပေါ်နေတာပါ"

"ကြိုင်ရယ်"

ကြိုင် မမှားပါဘူး။ သံစဉ်တို့ဘက်က မှားယွင်းနေတာပါ။ မာမီက တဖြည်းဖြည်းချင်း ကြိုင့်အချစ်တွေကို ရယူပါတဲ့။ သံစဉ့် စိတ်တွေက အလောတကြီးဖြစ်နေတာပါ။ ကြိုင့်ကိုနမ်းသည်။

"ကြိုင်"

"ဟင်"

"မာမီ့အလုပ်တွေကို ကြိုင်ဝင်လုပ်ပေးစရာ မလိုပါဘူး၊ အလုပ်သမားတွေ ရှိပါတယ် ... မောင့်မိန်းမ ပင်ပန်းတာ မောင် လုံးဝမကြည့်ရက်ဘူး ... မောင့်အနားမှာပဲနေပါ"

ကြိုင် စိတ်ညစ်နေမိသည်။ မောင့်အနမ်းတွေက မချိုမြိန်ဘဲ ခါးသက်နေ၏။ ကြိုင် ဘာဖြစ်နေရတာလဲ။ အမိပ္ပာယ်မရှိလိုက်တာ။ မောင့်ကို ချစ်မြတ်နိုးလေးစားမိတဲ့စိတ်တွေ ပျောက်ဆုံးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင့်အပြုံးတွေ မောင့်မျက်ဝန်းတွေက ကြိုင်နှင့်စိမ်းနေ၏။ ကြိုင်မှုမမှန်တာပါ။ မောင့်အလိုကျ အကြိုက်ဆောင်ပြီးနေထိုင်ဖို့ ကြိုးစားရမည်ဖြစ်သည်။

"ဒါပေမဲ့ ... မောင်ရယ် ... ချွေးမက အချိန်နှောင်းတဲ့အထိ အခန်းထဲမှာပဲနေတာ မသင့်တော်ဘူးထင်ပါတယ် ... မာမီကို မလေးစားရာရောက်တယ်လေ ... "

"ကြိုင် ... မင်းက မောင့်အနားမှာမနေချင်လို့ ဆင်ခြေတွေပေးနေတာပဲ ... ပြောစမ်း ... မင်း ဘယ်သူ့ကိုချစ်နေတာလဲ"

"မဟုတ်တာ မောင်ရယ် ... ကျွန်မချစ်တာ မောင်တစ်ယောက်ထဲကိုပါ ... မောင်ကလွဲပြီး တခြားတစ်ယောက်ဆိုတာ မရှိပါဘူး ယုံပေးပါ ... "

မင်းချစ်နေတာက သံသာပဲ သင်းရနံ့ကြိုင်။ ငါသိတယ် ... အဲဒါကို ငါလုံးဝလက်မခံနိုင်ဘူး။ မင်းက ငါ့မိန်းမ ... မင်း ငါ့ကိုချစ်ရမယ်။ ငါ့ဆန္ဒတွေကို အစွမ်းကုန်လိုက်လျောရမယ်ကွ။ သံစဥ့်စိတ်တွေ ထိန်းချုပ်ထားသည့်ကြားမှပင် လွတ်ထွက်ချင်လာသည်။

"မရဘူး ... မင်း မောင့်ရင်ခွင်ထဲမှာပဲနေရမယ်၊ မာမီကို လုံးဝ ဂရုမစိုက်စမ်းပါနဲ့ အိပ်ပါ ... "

မောင်လည်း ပြောင်းလဲသွားတာပဲဟု ကြိုင်တွေးမိသည်။





မိခင်ကို အလွန်အမင်း လေးစားတဲ့ မောင့်အပြောအဆိုတွေကို ကြိုင်နားမလည်နိုင်ဖြစ်ရသည်။ မာမီ့ကို လေးစားသင့်၏။ ကြိုင် ထွက်ချင်နေပြီ။ အချိန်က တော်တော်လေးတောင် နေမြင့်နေပြီမဟုတ်လား။

"ကြိုင် ... ငြိမ်ငြိမ်လေးနေစမ်းပါ ... မင်းနဲ့မောင် တစ်နေ့လုံးတစ်ညလုံး အပြင်မထွက်ဘဲနေလည်း မင်းကိုပြောမယ့်သူတစ်ယောက်မှ မရှိဘူး"

ကြိုင် ဘာမှမပြောတော့။ မောင့်သဘောပါပဲ ... အဲကွန်းကြောင့် အေးစိမ့်နေတဲ့ အိပ်ခန်းကြီးထဲမှာ ကြိုင့်စိတ်တွေပူလောင်လွန်းနေသည်။ ကြိုင် အပြင်ထွက်လိုနေ၏။ မာမီ့ကို အားနာတယ်။ ချွေးမအပျင်းထူသည်ဟုလည်း မမြင်စေလိုပေ။ မောင်က ဘာမှ စဥ်းစားတော့ မောင့်အမူအကျင့်တွေလည်း ပြောင်းလဲသွားတာပဲ။ စိတ်မပါဘဲနှင့် မောင့်ရင်ခွင်ထဲမှာ ငြိမ်သက်နေရ၏။ ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ အသက်မပါတော့။ ငိုပစ်ချင်လာသည်။

"ကြိုင်"

"ဟင်"

"မင်းရဲ့တုန့်ပြန်မှုတွေက အသက်မပါလိုက်တာ ... မောင်က ကျောက်ရုပ်နဲ့လက်ထပ်ထားတာလား"

"မဟုတ်ပါဘူး မောင်ရယ် ... ကြိုင်လေ ကြိုင် ... ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ပြောရမလဲ ထူထူပူပူကြီးဖြစ်နေတယ်"

"မျက်စိမှိတ်ထားလိုက်"

"ရှင်"

"ပြီးတော့ နှုတ်ခမ်းလေးကို ပြုံးထားစမ်းပါ"

"အင်း"

"မောင်နဲ့အချစ်ရေယာဉ်ကြောမှာ တသိမ့်သိမ့်ခံစားပြီး စီးမျောစမ်းပါနော်"

မတတ်နိုင်တော့ပါဘူး။ မောင်က ကျွန်မချစ်မြတ်နိုးရတဲ့ ယောကျ်ားတစ်ယောက်ပါပဲ။ မောင်ပြောတာအမှန်။ ကြိုင် မှား ယွင်းနေတာလေ။ မောင့်ရင်ခွင်ထဲ တိုးဝင်ပြစ်မိသည်။

"ဒုက္ခပါပဲ ... ကြိုင် ဘာတွေဖြစ်နေရတာလဲ ... မောင့်ရင်ခွင် က ပူပူလောင်လောင်ကြီး"

ကြိုင် တွေးမိနေသည်။ မောင့်ဆီက ကြမ်းတမ်းတဲ့အချစ် တွေကြောင့် ခံစားချက်တွေ ပျောက်ဆုံးသွားတာများလားပဲ။ ကြိုင် ဘယ်လိုမှ တုန့်ပြန်ချစ်နိုင်စွမ်းမရှိတော့။ အလိုက်သင့်လေးပါပဲ။

"မောင်"

"ဟင်"

"ကြိုင် ဗိုက်ဆာတယ် ... အပြင်ထွက်ပြီး တစ်ခုခုသွားစား





ကြမယ်နော်"

"ကဲပါကွာ ... မင်းဒီလောက်တောင် ထွက်သွားချင်ရင် လည်း သွား ... "

"မဟုတ်ဘူးလေ ... မောင်နဲ့ကျွန်မ အတူတူထွက်မှာ"

"ဒါဆိုလည်း နှစ်ယောက်အတူတူ မျက်နှာသစ်မယ်၊ ရေချိုး မယ် ... ဘယ်လိုလဲ ကြိုင် ... "

"ရေချိုးမယ်"

"အင်း"

မျက်နှာသစ်တာကိုတော့ နှစ်ယောက်အတူတူလုပ်နိုင်ပေ မယ့် ရေချိုးတာကိုတော့ ကြိုင်ရှက်သည်။

"ရေမချိုးသေးဘူး ... မျက်နှာသစ်မယ်လေ ... ကြိုင်အရမ်း ဗိုက်ဆာနေလို့ပါနော် ... ကဲ ထပါ ... မောင့်အတွက် သွားတိုက် ဆေး သွားပွတ်တံ အဆင်သင့်လုပ်ပေးထားမယ် ... မောင်လိုက်ခဲ့ နော်"

"အတူတူသွားမယ် ... မောင့်ကိုထူပေး ... "

"အင်း"

"ကြိုင်"

"ပြောလေ မောင်"



www.burmeseclassic.com

www.burmeseclassic.com



"ပျော်ရဲ့လား"

"ပျော်ပါတယ် မောင် ..."

"မင်းကိုကြည့်ရတာ မပျော်မရွှင်ဖြစ်နေသလိုပဲ"

"မောင်ရယ် ... ဘာဖြစ်လို့မပျော်ရမှာလဲ ... မောင်က ကျွန်မ ချစ်မြတ်နိုးရတဲ့ အချစ်ဦးပါ"

သံစဉ့်စိတ်ထဲမှာ ကြိုင့်ကိုသံသယဖြစ်နေရသည်။ မျက်နှာလေးက မပျော်မရွှင်နှင့် စိတ်ပျက်ညစ်နွမ်းနေပုံ ဖြစ်နေ၏။ သံစဉ် အနားကနေ ထွက်သွားဖို့ပဲ ကြံစည်နေသည်ဟု ထင်မိသည်။

"ထပါ မောင်ရယ် ... နော် ... မျက်နှာသစ်ကြမယ်၊ မာမီ မျှော်နေမှာပါ"

သံစဉ့်ဒေါသထွက်လာရပေမယ့် စိတ်ကို အနိုင်နိုင်ထိန်းချုပ်၍ ရေချိုးခန်းထဲ ဝင်လာရသည်။

"ကြိုင် ... ရေအတူတူချိုးမယ်ကွာ၊ မောင့်အကျင့်က မနက်စောစောရေချိုးရမှ ..."

"မောင် ချိုးလေ ... ကြိုင် မျက်နှာသစ်လိုက်မယ် ... မောင်နဲ့နှစ်ယောက်အတူတူတော့ ကြိုင် မချိုးရဲပါဘူး ... ရှက်တယ်"

"ဘာရှက်စရာရှိလို့လဲ ... လင်မယားတွေပဲဟာ"

"ကြိုင်က မနက်အစောကြီး ရေချိုးတဲ့အကျင့်လည်း မရှိပါ





ဘူး ... အအေးပတ်တတ်တယ်၊ မောင်ပဲချိုးနော် ..."

ကြိုင့်မျက်နှာကို ကပျာကယာသစ်လိုက်ပြီး ရေချိုးခန်းထဲကနေထွက်လာခဲ့သည်။ အပြင်ရောက်မှ ကြိုင့်စိတ်တွေသက်သာသွားသလို ခံစားလိုက်ရ၏။ ဘာဖြစ်တာလဲ ... ကြိုင့်စိတ်ကိုက ခံစားလို့မရတာ ကြိုင့်အိမ်ထောင်ရေးက ဘာဖြစ်လို့များ မပျော်မရွှင်ဖြစ်နေရတာလဲ။ မောင့်ကို ကြိုင် ယခုကဲ့သို့ ပြောင်းလဲသွားလိမ့်မည်ဟု မထင်မှတ်မိ။ ကြိုင် ပြင်ရမယ်။ အိမ်ထောင်ရေးကံကြမ္မာတွေက ယခုလိုပဲ ပြောင်းလဲသွားတတ်လားပဲ။ မာမီ့ကိုမေးကြည့်လို့လည်း မဖြစ်ပါဘူး။ ကြိုင် အလုပြင်သည်။ စိတ်ကမပါ။ ကြိုင့်ပြောင်းလဲမှုအတွက် ကြိုင့်ကိုယ်ကြိုင် ဒေါသဖြစ်ရသည်။

"မောင် ကြာလိုက်တာ ... ရေချိုးခန်းထဲကနေ ဘာဖြစ်လို့များ မထွက်သေးတာလဲ"

ကြိုင် အလှအပတွေပြင်ပြီး အဝတ်အစားလဲပြီးတဲ့အထိ မောင်က ရေချိုးခန်းထဲကနေ ထွက်မလာသေး၍ ကြိုင့်စိတ်ပူသွားရသည်။ ရေချိုးခန်းအဝသွား၍ တံခါးကို တွန်းဖွင့်ပြီး အသာချောင်းကြည့်လိုက်သည်။

"ဟင် ... မောင် ရေပန်းအောက်မှာ ..."

ကြိုင် အထိတ်တလန့်နှင့် ခန္ဓာကိုယ်အဝတ်ဗလာနှင့်ရေပန်း



www.burmeseclassic.com

www.burmeseclassic.com



အောက်မှာရပ်နေသည်။ တံခါးကို ပြန်ပိတ်လိုက်ပြီး အပြင်မှာတုန်တုန်ယင်ယင်နှင့် ကြိုင်ရပ်နေမိ၏။ ဘုရားရေ ... ရက်စရာကောင်းလိုက်တာ။ ခင်ပွန်းတစ်ယောက်ရှေ့မှာ သူမ ဘာဖြစ်လို့များ ဒီလောက်အထိ ရှက်ကြောက်နေတာလဲ။ မဖြစ်သင့် ... စိတ်ကို ငြိမ်သက်စေရန် အတော်လေး ထိန်းချုပ်ရသည်။

"ကြိုင် နင်ဘာဖြစ်နေတာလဲ ... ကိုယ့်ယောက်ျားပဲ ဒီလောက်အထိ ရှက်ကြောက်နေစရာမှ မလိုတာဘဲ"

မောင် ပြန်ထွက်မလာသေးဘူး။ ရေပန်းအောက်မှာ အကြာကြီးပဲ။ မောင် စိတ်မှမှန်သေးရဲ့လား။ ချစ်သူဘဝက မောင်နှင့် အိမ်ထောင်ရှင်ဘဝမောင် လုံးဝကွဲပြားခြားနားသွားသည်ဟု ထင်မှတ်မိသည်။ မဖြစ်သေးပါဘူး။ မောင့်ကို သတိပေးမှဖြစ်မယ်။ ကြိုင့်ကိုများ စိတ်ဆိုးသွားတာလား။ ကြိုင်ကိုက မှားပါတယ်။ မောင့်ကို သတိပေးရန် ရေချိုးခန်းတံခါးကို ခေါက်ဖို့ပင်။ ဝန်လေးနေ၏။ အားယူရသည်။

"မောင် ... ခေါက် ... ခေါက် ... ရေချိုးတာ အရမ်းကြာနေပြီ ... ထွက်လာတော့လေ ... မောင် ... "

မောင့်ဆီကနေ တုန့်ပြန်သံကိုမကြားရ။ မောင် တမင်အရွဲ့တိုက်ပြီး ရေချိုးခန်းထဲ မဝင်ရဲတဲ့ကြိုင့်ကို ပညာပေးတာလားပဲ။





"မောင်"

"ခေါက် ... ခေါက် ... မောင်ရေ ... "

ဘယ်လိုမှခေါ်လို့မရတဲ့အဆုံး ကြိုင်ရှက်ကြောက်မနေတော့ဘဲ ရေချိုးခန်းထဲ ပြေးဝင်လာခဲ့မိသည်။

"မောင် ... ဘာလုပ်နေတာလဲ ... မောင့်စိတ်တွေမှန်သေးရဲ့လား"

ရေပန်းကို အလျင်အမြန်ပိတ်ပြီး မောင့်ခန္ဓာကိုယ်အား သဘက်အကြီးကြီးနှင့် ရစ်ပတ်လိုက်သည်။

"မောင် ... "

"ဖယ်စမ်းပါ"

"ကြိုင် တောင်းပန်ပါတယ် မောင်ရယ်နော် ... အဲဒီလိုမလုပ်ပါနဲ့၊ ကြိုင် မှားပါတယ် ... မောင့်ခန္ဓာကိုယ်တစ်ခုလုံး အေးစက်နေပြီ၊ အပြင်ထွက်ကြရအောင်ပါ ... "

"မထွက်ဘူးကွာ ... မင်း ပြန်ထွက်သွားစမ်းပါ၊ ငါရူးနေပြီ၊ ငါသေပြစ်ချင်တယ် ... "

"ကြိုင် မှားပါတယ် မောင်ရယ် ... နောက်ဒီလိုမဖြစ်စေရပါဘူး ... ကျွန်မကြောင့် မောင်အရမ်းခံစားသွားရလားဟင် ... တောင်းပန်ပါတယ်နော် ... "



www.burmeseclassic.com

www.burmeseclassic.com



မောင် ဘာဖြစ်သွားရတာလဲ။ ပြုံးကြောင်ကြောင်မျက်ဝန်းတွေနှင့် ကြိုင့်ကိုစူးစိုက်ကြည့်၍ မောင်းထုတ်နေသည်။ ကြိုင်တောင်းပန်ချော့မော့ပြီး ရေချိုးခန်းထဲကနေ ခေါ်ထုတ်လာခဲ့ရ၏။ ရေတွေကို ပြောင်အောင်သုတ်ပေးရလေသည်။

အခန်း ( ၁၀ )

"သင်းရန့်ကြိုင်က သံစဉ်ကို မချစ်ဘူးမာမီ ... သံသာ့ကိုပဲ ချစ်နေတာပါ"

"မဟုတ်တာဘဲ သားရယ် ... ကြိုင်လေးက ဘာမှမသိပါဘူး။ သားက စိတ်နည်းနည်းကြမ်းတော့ ကြိုင်လေးကြောက်သွားတာ ဖြစ်မှာပါနော်"

"သံစဉ် စိတ်ညစ်တယ် ... ကြိုင်က ငြင်းဆန်နေလို့ သံစဉ်ကိုယ့်ကိုယ်ကိုတောင် သတ်သေပြစ်ချင်တယ် ... ရေပန်းအောက်မှာ အေးစက်တောင့်တင်းတဲ့အထိ ရပ်နေမိတယ်"

"အမလေး ... ဘယ်လိုဖြစ်ရတာလဲ ... အဲဒီလိုမလုပ်ပါနဲ့နော် ... စိတ်ကိုတည်ငြိမ်အောင်ထိန်းပါ။ ကြိုင့်ကိုသားသံစဉ် ချစ်တယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်တယ် ... အၢမ်းချစ်တာ ... ကြိုင့်ကိုချစ်တယ်၊ ရှုးတော့ မယ်ထင်တယ်မာမိ ... "

"သားသံစဉ်ရယ် ... မာမို့စကားကို နားထောင်နော်၊ သား စိတ်တွေပေါက်ကွဲလို့မဖြစ်ဘူး ... ကြိုင်က ရိုးသားတော့ မင်္ဂလာဦး ညမှာဖြစ်တတ်ပါတယ်"

"သံသာရော ... ဒီကောင် နိုင်ငံခြားကို ထွက်သွားတာ သေချာလား မာမိ ... "

"သေချာပါတယ်ကွယ် ... သားသံစဉ် စိတ်ထဲမှာ လုံးဝ သံသယမထားပါနဲ့ ယုံကြည်ပါ ... "

သားသံစဉ်အတွက် ဒေါ်ရီတာနွယ် စိတ်မအေးနိုင်ဘဲဖြစ်ရသည်။ စိတ်မထင်လျှင် မထင်သလို ပေါက်ကွဲတတ်၏။ ကြည့်စမ်း ရေပန်းအောက်မှာ အကြာကြီးရပ်နေသည်တဲ့။

"ကြိုင် စိတ်ညစ်သွားအောင် မလုပ်ပါနဲ့ သားသံစဉ်ရယ်၊ မိန်းမကောင်းလေးပါ"

သံစဉ့်စိတ်ထဲမှာ သူ့ကိုမချစ်ဘူးဟုပဲ ထင်မှတ်နေသည်။ သေပြစ်တော့မလို့ ... သံစဉ်ဆန္ဒတွေကို အသာတကြည် မဖြည့်ဆွမ်းဘဲ ကြိုင်က ငြင်းဆန်နေသည်ဟု ထင်မိ၏။ ကြိုင့်ကိုချစ်တယ်။ ဝေးကွာသွားမှာကိုလည်း စိတ်ပူသည်။





"မာမိနဲ့မောင်ရေ မနက်စာသုံးဆောင်လို့ရပြီနော်"

မီးဖိုခန်းထဲမှာ မနက်စာအတွက် ဝိုင်းဝန်းပြင်ဆင်နေတဲ့ ချွေးမလေးကိုကြည့်ပြီး ဒေါ်ရီတာနွယ် သနားမိနေသည်။ စိတ်မကောင်းပါဘူး သင်းရန့်ကြိုင်ရယ် ... မာမိ တောင်းပန်ချင်ပါတယ်။

"သား ထလေ ... မင်းတို့နှစ်ယောက်ပဲ လက်ဆုံစားကြပါ မာမိ နောက်မှစားမယ်"

"မာမိက ရှောင်ပေးတာလား ... "

"ဒါပေါ့ ... မာမို့သားလေးပျော်ရင် မာမိပျော်ပါတယ်ကွယ် သားသံစဉ်ရယ် ... "

"သားသံစဉ် မဟုတ်ပါဘူးမာမိ ... သားသံသာပါ၊ တော်ကြာ ကြိုင့်ရှေ့မှာ မှားယွင်းသွားရင် သံသယရှိသွားမယ်လေ"

"အို ... ဟုတ်သားပဲ ... သားသံသာပါ လေ့ကျင့်ထားတာ ဆောင် မှားတယ်နော်"

"မာမိ"

"ဟင်"

"သံသာ့ကို မာမိခေါင်းထဲကရော နှလုံးသားထဲကရော ာင်းထုတ်ထားလိုက်ပါ ... ဘဝတစ်လျှောက်လုံး သူပဲအကြောင်း းတွေ ပိုင်ဆိုင်လာခဲ့ရတာလေ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ... ဟုတ်ပါတယ်၊ မာမီ့နှလုံးသားထဲမှာ ဒီသားတစ်ယောက်ထဲ ရှိတာပါ"

ဒေါ်ရီတာနွယ် ဘယ်လောက်အထိ ရင်ကွဲနာကျင်ရလဲ။ သားလိမ္မာလေးသံသာ့ကို မိမိနှလုံးသားတွေထဲကနေ ဘယ်လိုလုပ်ပြီး ဖယ်ထုတ်ပြစ်လိုက်မှာလဲ။ သားသံစဉ်ကိုလည်း အပြစ်မတင်ရက်။ မိမိကြောင့် အနာဂတ်တွေ ဆုံးရှုံးလိုက်ရရှာသူ ဖြစ်နေသည်။

"သား ... သွားတော့နော် ... စိတ်တွေကိုထိန်းချုပ်ပါ ... မကြာခင် သားအဆင်ပြေသွားမယ်လို့ မာမီထင်ပါတယ်ကွယ်"

သားသံစဉ် ထွက်သွားမှ ဒေါ်ရီတာနွယ် စိတ်မောသက်သာသွားရသည်။ ရှေ့ဆက်ပြီး သွားရမယ့်ခရီးစဉ်က အဆင်ပြေချောမွေ့ပါ့မလားဟု စိတ်ပူမိသည်။ မနက်စာစားပြီး နှစ်ယောက်သားလက်တွဲပြီး အပေါ်ပြန်တက်သွားမှ မိမိစိတ်အေးလက်အေးဖြစ်ရ၏။ သားသံသာ့ဆီ တိတ်တဆိတ်လေးထွက်လာခဲ့သည်။ စတိုခန်းလေးထဲမှာ ဖြစ်သလိုနေထိုင်ရတဲ့ သားသံသာ့ကိုလည်း သနားသည်။

"မာမီ ... အဆင်ပြေရဲ့လားဟင်"

"အင်း ... အဆင်ပြေကြပါတယ်၊ သူတို့နှစ်ယောက် ချစ်ကြပါတယ်"

အဆင်မပြေတဲ့အကြောင်းတွေကို သားသံသာအား ပြောပြ





မနေချင်။ ချစ်သူကြိုင်အတွက် နောက်ဆံမတင်းစေချင်၍ ဖြစ်သည်။

"သားသံသာ နိုင်ငံခြားကို ထွက်သွားလို့ရပြီလား"

"မဖြစ်သေးဘူးထင်တယ် သားသံသာ ... မာမီ့အတွက်ပါ၊ ရုတ်တရက်ကြီး မာမီ့ကိုထားခဲ့ပြီး ထွက်မသွားစေချင်ဘူး"

သံစဉ်အခြေအနေက မကောင်းသေးဘူး။ မနက်ကတောင်သေကြောင်းကြံစည်နေသေးသည်။

"တစ်ခါတလေတော့လည်း မာမီတို့လုပ်ရပ်က အရမ်းကိုရက်စက်ကြမ်းကြုတ်တယ်လေ ... မှားသွားပြီထင်တယ် သားရယ်"

"မာမီ"

"ဟင်"

"ဘာမှတွေးမနေပါနဲ့တော့ ... သံစဉ် စိတ်ချမ်းသာဖို့ပဲအရေးကြီးပါတယ် ... သံသာ့အတွက် လုံးဝထည့်မတွက်နဲ့နော်၊ သံသာ နိုင်ငံခြားကိုထွက်မယ် ... ဟိုမှာ အိမ်ထောင်ပြုမှာပါ၊ သံသာ့ကိုတွေ့ချင်ရင် မာမီလိုက်ခဲ့နော်"

"အင်းပါ"

ကြိုင် အဆင်မှပြေပါ့မလားလို့ပဲ သံသာတွေးပြီး သောကတွေရောက်နေခဲ့တာကို မာမီသိလို့မဖြစ်ပါဘူး။ မာမီ့ကိုလည်း သနားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မာမီ့ကို စိတ်ချမ်းသာစေချင်တယ် ... သံစဉ့်ကြောင့် မာမီ စိတ်သောကတွေရောက်ခဲ့ရတယ်လေ ... သံသာ ဒီမှာနေရတာ ဘာမှမဖြစ်ပါဘူး ... ခဏလေးပဲဟာ၊ သံစဉ့်အတွက်လေ သံသာက သံစဉ့်ထက် ကံကောင်းခြင်းလက်ဆောင်တွေ အများကြီးရထားပါတယ်နော်"

သားသံသာရယ် ... မာမီသိပါတယ်။ သားကဟန်ဆောင်နေတာပါ။ သင်းရန့်ကြိုင်ကို သားဘယ်လောက်အထိ ချစ်ခင်မြတ်နိုးတန်ဖိုးထားတယ်ဆိုတာ မာမီသိပါတယ်။ သားလိမ္မာလေး ချစ်ရသူကို လက်လွှတ်ဆုံးရှုံးလိုက်ရတဲ့ နာကျင်ကြေကွဲမှုတွေကို သားသံသာ မှိတ်ကြိတ်ခံစားနေရရှာမှာ သေချာသည်။

"သားအပြင်ထွက်လေ ... သားသံစဉ် အခန်းထဲရောက်သွားပါပြီ"

"မထွက်သေးပါဘူး မာမီ ... ဒီမှာပဲနေမယ်၊ ညမှထွက်မယ်လေ ... သားအတွက် ဘာမှမပူပါနဲ့ အဆင်ပြေပါတယ်"

"ဒါဆိုလည်း မာမီသွားမယ်နော်"

"ဟုတ်ကဲ့ ... "

မာမီ ပြန်ထွက်သွားသည်။ သံသာ အိပ်ရာလေးပေါ် လှဲအိပ်ချရင်း အပြင်ကိုလည်း မထွက်ချင်ပဲဖြစ်နေသည်။ ကြိုင့်ကို လွမ်းနေ





၏။ သံသာနှင့်လူသိရှင်ကြား တရားဝင်လက်ထပ်ထားပြီး တခြားယောကျ်ားတစ်ယောက်နှင့် အတူအိပ်စက်နေရရှာတဲ့ ကြိုင့်ကို သနားကြင်နာနေမိသည်။

"သနားစရာကောင်းတဲ့ ကြိုင်ရယ် ... မောင်က လူယုတ်မာအဖြစ် ကြိုင်သိသွားရင် မင်းခွင့်မလွှတ်နိုင်အောင် မုန်းတီးသွားမှာပါ"

ကြိုင့်ကိုချစ်သည်။ မြတ်နိုးစွာ တန်ဖိုးထားရသူကိုမှ တခြားယောကျ်ားတစ်ယောက် လက်ထဲ အပ်ခဲ့တဲ့ယောကျ်ား လူမဆန်လွန်းသည်။

"မတတ်နိုင်လို့ပါ ... မလွဲသာ မရှောင်သာလို့ပါ၊ တောင်းပန်ပါတယ်ကြိုင် ... "

ကြိုင့်ကို တိုးတိုးတိတ်တိတ်နှင့် တောင်းပန်မိနေသည်။ ရင်တွေကွဲအက်မတတ်ပါဘဲ။ မောင်နဲ့ကြိုင် ပြန်ဆုံဆည်းကြဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူးထင်တယ်ကွာ။ သံသာ့စိတ်တွေ ပေါက်ကွဲထွက်ချင်နေ၏။ သံသာ အပြင်ကိုပင် မထွက်ချင်၊ ကြိုင်နှင့်သွားလာပျော်ရွှင်ရတာတွေကို အမှတ်ရနေ၍ဖြစ်သည်။

"သားငယ် ... ဒေါ်လေးပါ၊ သံသာ့အတွက် ထမင်းလာပို့တာလေ ... "

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



သံသာထပြီး အခန်းတံခါးကိုဖွင့်ပေးလိုက်သည်။ စတိုခန်းက ကားဂိုထောင်အပေါ်ထပ်မှာရှိနေ၍ တိုက်မကြီးနှင့် သီးသန့်ဖြစ်နေ၏။ အလုပ်သမား အဒေါ်ကြီးက မာမီ့အပေါ် သစ္စာရှိလွန်းတဲ့လူယုံပါ။

"ဒေါ်ဒေါ် ... "

"ပြောလေ သားငယ်"

"သံစဉ်နဲ့ကြိုင်ရော မနက်စာ လာစားကြမလား"

"အင်း ... စားကြပါတယ်၊ ကြိုင်ကတော့ ရှက်ကြောက်နေပုံပဲ ... မဝံ့မရဲနဲ့ ... ... "

"ဗျာ"

"သံစဉ်က ကြမ်းတယ်လေ၊ ဒါတောင် အတော်လေးထိန်းချုပ်နေတာပါ ... ထုံးစံအတိုင်းပဲကွယ်၊ ထမင်းကိုနယ်နိုင်းတယ်၊ ကြိုင်က အံ့သြနေတယ် ... ဒေါ်ဒေါ်ကပဲ အိမ်မှာဆို သားသံသာက ထမင်းနယ်ပေးရတယ်လို့ ... "

သံစဉ်က စိတ်မမှန်သဖြင့် မာမီက အမြဲတမ်း ထမင်းဟင်းကို နယ်ဖတ်မစားခဲ့။ နယ်ပေးရသည်။ ဒါတောင် ဒီအတိုင်းစားတတ်ဖို့ လေ့ကျင့်ပေးထား၏။ သံစဉ် ဘာဖြစ်လို့များ အရင်အကျင့်စရိုက်တွေ မဖြင့်ရတာလဲ။ ကြိုင် စိတ်ညစ်ရမှာဖြစ်သည်။





"ကောင်မလေးက ပြောနေသေးတယ် ... မောင် နောက်ဆို ကြိုင့်ကိုအရွဲ့မတိုက်ပါနဲ့တဲ့လေ ... ရေပန်းအောက်မှာ မောင်အကြာကြီးရပ်နေတာ ကြိုင်ဘယ်လောက်အထိ ကြောက်လန့်သွားရတာသိဆိုတာ မောင် သိရဲ့လားတဲ့"

"ဟင် ... "

မာမီက အဆင်ပြေပါတယ်တဲ့။ သံသာ့ကို စိတ်ချမ်းသာစေချင်၍ ဖြစ်နိုင်သည်။ သံစဉ် ဘာတွေမကျေနပ်စရာ တွေ့လို့လဲ။ တစ်ခါတရံ မကျေနပ်လျှင် ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်တတ်သေး၏။ ကြိုင် စိတ်ညစ်နေပြီလားပဲ။ သံသာ နိုင်ငံခြားကို ထွက်သွားလို့ မဖြစ်သေးပါဘူး။ ရှေ့ဆက်ရမယ့် ခရီးလမ်းတွေက ခက်ခဲကြမ်းတမ်းရှုပ်ထွေးလာနိုင်သည်။

"သားငယ် ... ဒီလိုအနေဆင်းရဲနေရတာလည်း ဒေါ်ဒေါ်စိတ်မကောင်းဘူးကွယ် ... ဝင်္ကြေးတွေပဲ၊ မမကြီးကိုလည်း သနားတယ်၊ သူ့ကြောင့် သားသံစဉ် ဦးနှောက်ထိခိုက်ရတယ်ဆိုပြီးတော့လေ"

"ဘယ်တတ်နိုင်မလဲ ဒေါ်ဒေါ် ... သံစဉ့်အတွက် သံသာတို့ သားစု ပေးဆပ်သင့်ပါတယ်"

"တစ်နေ့နေ့တော့ ကောင်မလေးသိသွားနိုင်တယ်၊ ဘာလို



www.burmeseclassic.com

www.burmeseclassic.com



ပဲ ရုပ်ချင်းခွဲမရအောင်တူနေပါစေ စိတ်ချင်းက ကွာခြားလွန်းတယ်။ သားသံစဉ် ပိုပြီးစိတ်ဖောက်သွားနိုင်တယ် ... စိုးရိမ်စရာပဲကွယ်"

ဒေါ်ကြီးပြောတာလည်း ဖြစ်နိုင်ပါတယ်။ မင်းနိုင်ငံခြားကို ထွက်မသွားသေးဘဲ မမကြီးနှင့်သားသံစဉ်ကို စောင့်ရှောက်ဖို့ လို အပ်သေးသည်ဟု သတိပေးသည်။ ဒေါ်ကြီးက သံသာတို့ညီအစ်ကို မမွေးခင်ထဲက နေထိုင်ခဲ့သူဖြစ်၍ မိသားစုလို ဖြစ်နေသည်။

"ကလေးကို သနားတယ် ... တကယ့်ကို အနစ်နာခံရှာတာ မဲ့"

"သံစဉ်က သံသာ့ထက်ပိုပြီး သနားစရာကောင်းပါတယ် ဒေါ်ကြီးရာ ... "

"အင်း ... ဟုတ်ပါတယ်လေ"

ဒေါ်ကြီးစကားတွေအရ သံစဉ်နှင့်ကြိုင်တို့ အဆင်မပြေကြ ပေ။ သံစဉ် မထိန်းချုပ်နိုင်မှာပဲ စိတ်ပူမိသည်။

"မောင့်ကိုအရမ်းချစ်တယ် ... ကျွန်မဘဝ မောင့်ကြောင့် တင့်တယ်ခဲ့ရတာပါ ... မောင့်ဇနီးကောင်းအဖြစ် မောင်ထားရစ်မှာ ကြိုင်နေပါ့မယ် ... မာမီ့ကိုလည်း မိခင်တစ်ယောက်လို ပြုစုပေးမှာ ပါ ရှိသေမှာပါ ... "

ကြိုင်က အချစ်တွေကို နူးနူးညံ့ညံ့သိမ်သိမ်မွေ့မွေ့ ပြ





ဆက်ဆံမှုကို နှစ်သက်သည်။

"မောင် တောင်းပန်ပါတယ်ကြိုင် ... အခြေအနေတွေက မထင်မှတ်ဘဲ ရှုပ်ထွေးသွားရတာပါ"

ဒေါ်ကြီးပြောသလိုပဲ သံစဉ် ပိုပြီးစိတ်ဖောက်ပြန်လာလျှင် ဘယ်လိုလုပ်ရမလဲ။ ကြိုင့်ကိုသနားတယ်။ အပြစ်မဲ့တဲ့ မိန်းကလေး ပါ။ ကြိုင့်ရဲ့မသိစိတ်တွေကများ သံစဉ်ဟာ သူမချစ်သူ သံသာမဖြစ် နိုင်ဘူးဆိုတာ သိနေခြင်းဖြစ်နိုင်သည်။

"မောင့်အသံလေးကိုစပြီး ကြားလိုက်ရတဲ့အချိန်လေးမှာပဲ ကြိုင့်နှလုံးသားတွေ တဒိန်းဒိန်းလှုပ်ခတ်သွားရတယ်လေ ... ကျွန်မ ဘယ်လိုယောကျ်ားလေးကိုမှ စိတ်ဝင်စားမှု မရှိခဲ့ဘူး ... ပတ်သက် ဆက်ဆံတာမျိုးလည်း မရှိခဲ့ဘူး၊ မောင်နဲ့ကျမှ အချစ်တွေခံစားလာရ တယ်"

"မောင်လည်း ကြိုင့်လိုပါပဲ ... ဘယ်လိုမိန်းကလေးမျိုးကိုမှ စိတ်မဝင်စားခဲ့တဲ့ မောင်လေ ကြိုင့်အသံလေးကို ကြားလိုက်တာနဲ့ မောင့်နှလုံးသားတွေ လှုပ်ခတ်နိုးထလာပြီး အချစ်တွေကို ခံစားလာ ရတာပါ"

"ကျွန်မနဲ့မောင်က ဖူးစာဖက်တွေဖြစ်လိမ့်မယ်၊ အတိတ် ဘဝတွေက ချဖူးခဲ့တဲ့ရေစက်တွေကြောင့်ပဲလား ... နှလုံးသားချင်း



www.burmeseclassic.com

www.burmeseclassic.com



က နိုးစပ်နေကြတယ်”

ဖြစ်နိုင်ပါတယ်ကြိုင်။ သံစဉ်က မောင်မဟုတ်တာ ကြိုင့်နှလုံးသားတွေက ခံစားသိနေတာပဲဖြစ်မယ်။ မောင် စိတ်မချဘူး။ ကြိုင် အန္တရာယ်တစ်ခုခုနဲ့ရင်ဆိုင်ရမလား။ ကြိုင့်ကိုစောင့်ရှောက်ဖို့ သံသာ နိုင်ငံခြားကိုထွက်သွားဖို့ မဖြစ်နိုင်။ ကြိုင့်ကိုသံစဉ်လက်ထဲ အပ်လိုက်မိတာ သံသာ နောင်တစတင်ရလာခဲ့သည်။

“မောင် စောင့်ရှောက်ပါ့မယ်၊ ကြိုင် ထိခိုက်နစ်နာခဲ့ရမှုတွေအတွက် မောင် အစွမ်းကုန် ပေးဆပ်ပါ့မယ်ချစ်သူရယ်”

သံသာ့နှလုံးသားတွေ နာကျင်လာရသည်။ ကြိုင့်ကိုလွမ်းဆွတ်တမ်းတမိနေ၏။ ချစ်သူရဲ့ မုန်းတီးရွံရှာစက်ဆုတ်မှုတွေကို ခံယူဖို့ အဆင်သင့်ပြင်ဆင်ထားရမည် ဖြစ်သည်။

အခန်း ( ၁၀ )

“ကြိုင် … မင်းဘာဖြစ်နေတာလဲ၊ မင်းမျက်နှာက ဟန်ဆောင်ပြုံးနေသလိုကြီးပဲ … မောင့်ကိုမချစ်တာလား”

“မောင်ရယ် … ဘာတွေပြောနေရတာလဲ … ကြိုင့်ဘဝမှာ မောင့်ကိုပဲ အားကိုးရာရှိတာပါ … ကျွန်မတာ ယောကျ်ားတစ်ယောက်နဲ့ နီးနီးစပ်စပ်မနေဘူးလို့လား”

“ဘာပြောတယ် … မင်းကယောကျ်ားတစ်ယောက်နဲ့ မနေခဲ့ဖူးဘူး ဟုတ်လား … မဖြစ်နိုင်တာဘဲ”

သံသာက မင်းချစ်သူလေ။ မင်းယောကျ်ားတစ်ယောက်နဲ့ ဘာဖြစ်လို့များအတူတူမနေဘူးရမှာလဲ။ မင်းတို့က ချစ်သူတွေလေ။ သံစဉ် ဒေါသထွက်လာရသည်။ သံစဉ့်ရင်ခွင်ထဲမှာနေရတာ ငရဲမီးကျတော့မတတ်။ ကြိုင် တုန်လှုပ်ခြောက်ခြားနေတာ သံစဉ်လာ[illegible]မခံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပေ။

"မောင် အေးစက်နေတာ မောင်လုံးဝ လက်မခံနိုင်ဘူး ကြိုင်"

"မောင့်ကို ကျွန်မ ဘာလုပ်ပေးရမလဲဟင် ပြောပါ ... မောင့် ဝေယျာဝစ္စတွေ ကျွန်မကျေပွန်အောင် လုပ်ပေးချင်ပါတယ်"

"မောင့်ကိုနမ်း ... "

ကြိုင် စိတ်အညစ်ရဆုံးက မောင့်ကိုနမ်းရခြင်းပင်။ ကြိုင့်ကိုယ်ကြိုင်တောင် မစဉ်းစားနိုင်ဘဲ မောင့်အနားကပ်ဖို့ ဝန်လေးနေသည်။ ကြိုင့်စိတ်တွေရဲ့ တုန့်ပြန်မှုက အေးစက်နေတာတော့ အမှန်ပဲဖြစ်နေ၏။ ကိုယ့်ယောက်ျားရဲ့ပါးပြင်ကိုနမ်းဖို့ ကျွန်မတွန့်ဆုတ်နေမိသည်။

"နမ်းလေ ... "

"ဟုတ် ... ဟုတ်ကဲ့"

"ကြိုင်"

"ရှင်"

"တော်ပြီကွာ"

"မောင် ... "

သံစဉ် အိပ်နေရာကနေ ထလိုက်ပြီး ပြတင်းပေါက်မှာသွား





ရပ်သည်။ ကြိုင်က သံစဉ့်နောက် လိုက်မလားဘဲ ခုတင်ပေါ်မှာ ငုတ်တုတ်လေး ဆက်ထိုင်နေတာကို သံစဉ် မကြိုက်။ တကယ်ဆို ထလာပြီး ချော့မော့မြူဆွယ်ရမှာ မဟုတ်လား။

"မင်း ဘာအချိုးတွေ ချိုးနေတာလဲ သင်းရနံ့ကြိုင် ... "

"ရှင် ... "

"ငါက မင်းလင်ဆိုတာရော အသိအမှတ်ပြုသေးရဲ့လား"

"မောင်ရယ် ... ကျွန်မ ဘာဆက်လုပ်ပေးရမှန်းမသိလို့ပါနော်၊ မောင်နဲ့ကျွန်မက လင်မယားပါ ... ကျွန်မစိတ်တွေ လေးလံနေတယ်၊ ကျွန်မကိုယ်ကျွန်မတောင် နားမလည်နိုင်ဘူးဖြစ်နေတယ်"

မောင့်မျက်ဝန်းတွေက ဒေါသတွေနှင့် ဝင်းတောက်လာသဖြင့် ကြိုင်ခြောက်ရှံ့ထိတ်လန့်စွာ မတ်တပ်လေး ထရပ်လိုက်မိသွားသည်။ မောင်က ပြတင်းပေါက်မှာရပ်နေရာကနေ ကြိုင့်ထံပြန်လျှောက်လာသည်။

"ပြန်ထိုင်စမ်း"

"မောင်"

"မင်းခုတင်ပေါ်ကနေ ထွက်ပြေးဖို့ ထလိုက်တာမဟုတ်လား သင်းရနံ့ကြိုင်"



www.burmeseclassic.com

www.burmeseclassic.com



သံစဉ် သိသည်။ သင်းရန့်ကြိုင်က သူ့ကိုရှောင်ထွက်ဖို့ကြိုးစားတော့မယ်ဆိုတာ မင်းနှလုံးသားတွေထဲမှာ စူးစူးနစ်နစ် ချစ်မြတ်နိုးနေတာက သံသာမဟုတ်လားဟု မေးပြစ်လိုက်ချင်သည်။ ကြိုင့်ဘက်က သံစဉ့်ကို တုန့်ပြန်လာတဲ့အချစ်တွေ မရှိဟုဘဲ သံစဉ်တွေးမိ၏။ ကြိုင်က ကြိုးဆွဲရာကနေသော ရုပ်သေးရုပ်လို ခုတင်မှာပြန်ထိုင်သည်။

"မင်းသိထားဖို့က မောင့်လက်ကနေ မင်း ... ဘယ်လိုအကြောင်းနဲ့မှ လွတ်မြောက်အောင် ကြိုးစားလို့မရနိုင်ဘူးဆိုတာပဲ"

"ကျွန်မ လုံးဝမကြိုးစားပါဘူး ... မောင်က ကျွန်မရဲ့ကျေးဇူးရှင်ပါ ... ကျွန်မရဲ့လိုအပ်ချက်တွေကို မောင်ပြောပြပါနော်"

ကြိုင်က သူ့ကိုလက်အုပ်လေးချီ၍ ဒူးတုပ်တောင်းပန်နေသည်။ သံစဉ်က သူ့ကိုတယုတယပွေ့ဖက်ချော့မြူစေချင်၏။ သံစဉ်ပြောမှ ကြိုင်က ဘာလုပ်ပေးမှာလဲ။ ကြိုင် ရိုးသားဖြူစင်တာတော့ သူသိ၏။ သံစဉ် ခုတင်ပေါ်တက်ထိုင်လိုက်ပြီး ကြိုင့်လက်လေးကို ခပ်ကြမ်းကြမ်း ဆုပ်ကိုင်လိုက်သည်။

"မင်း ဒီလိုကြောက်ရွံ့ထိတ်လန့်နေတဲ့ပုံကို မောင်လုံးဝမကြိုက်ဘူးကြိုင် ... သိလား ... "





"ဟုတ်ကဲ့"

"တော်ကဲ ... ရှိသေးနေလိုက်တာကွာ"

မောင့်ရဲ့ကြမ်းတမ်းတဲ့ အပြုအမူတွေက ချစ်သူဘဝနှင့်လုံးဝဆန့်ကျင်ဘက်ဖြစ်သွားရတာက ကြိုင့်ကံကြမ္မာပဲလား။ မောင်က ပြောချင်တာတွေပြောပြီး ကြိုင့်အား အတင်းအကျပ်နမ်းခိုင်းသည်။

"နမ်းစမ်း ... မင်းဆီက ချိုမြိန်တဲ့အနမ်းတွေကို မောင်လိုအပ်နေတယ် ... တက်တက်ကြွကြွလေး ... "

"မောင်"

"ပြော"

"မောင်ဘာဖြစ်လို့များ ဒီလောက်အထိကြမ်းတမ်းသွားရတာလဲ"

"မင်းကိုချစ်လို့ ... ငါ့နှလုံးသားတွေက မင်းကိုအသည်းနှလုံးတွေပေါက်ထွက်မတတ် ချစ်နေလို့ ... "

"ကျွန်မ သိပါတယ် ... မောင့်ကိုလည်း ကျွန်မအရမ်းချစ်မြတ်နိုးပါတယ် ... မောင့်လိုအပ်ချက်တွေကို ကျွန်မ ဘာဖြစ်လို့များ ဖြည့်ဆည်းပေးနိုင်ရတာလဲ ... ကျွန်မရဲ့ပြောင်းလဲမှုတွေကို နားမလည်နိုင်တာပါ"

မင်း ပြောင်းလဲသွားတာက အဓိပ္ပာယ်မရှိလိုက်တာ သင်း



www.burmeseclassic.com

www.burmeseclassic.com



ရန်ကြိုင် ... သံသာကိုပဲ မင်းချစ်နေတာ ငါသိတယ် ... ဒေါသတွေက ထိန်းချုပ်မရ။ သင်းရန်ကြိုင်ကို ပွေ့ဖက်ပြီး အိပ်ရာပေါ်ပြစ်လှဲချပြစ်လိုက်သည်။

"မောင် ... အဲဒီလိုမလုပ်ပါနဲ့နော် ... တောင်းပန်ပါတယ် မောင်ရယ် ... "

မောင့်ကိုကြည့်ရတာ စိတ်မှုမမှန်ပဲ ရူးသွပ်နေပုံပင်။ ကြိုင်ကြောက်လာသည်။ မောင့်အချစ်တွေက တားမရ ဆီးမရ။ မောင့်ရင်ခွင်ထဲမှာ ကျွန်မ မွန်းကျပ်လူးလွန့်လျှက် အသက်ရှူလို့ပင် မဝ။ ကြိုင့်မျက်နှာပြင်လေးအနှံ့ ကျရောက်နေတဲ့ မောင့်အနမ်းတွေကို ခံစားလို့မရဘဲ ဘယ်ညာတိမ်းခါရှောင်တိမ်းနေမိလေ မောင်က ပိုကြမ်းလေပဲ။ မောင် ဒီလောက်အထိ ပြောင်းလဲသွားတာကို ကြိုင်စဉ်းစားမရ။ ချစ်သူဘဝက မောင်အလွန်နူးညံ့သိမ်မွေ့ခဲ့သည်။

"အရမ်းချစ်တယ် ... မောင့်အသဲနှလုံးတွေ တဆတ်ဆတ်တုန်ယင်ပြီး ရူးမတတ်ချစ်တာ ... မောင့်ကိုနားလည်ပေးပါလား ကြိုင် ... မငြင်းဆန်ပါနဲ့ အရမ်းချစ်လို့ပါ ... "

ကြိုင်ကတော့ ထူးဆန်းစွာပင် မောင့်အသံကိုပါ မကြားလိုဘဲဖြစ်နေသည်။ အမုန်းတွေ ဘယ်ကနေရောက်လာရတာလဲ။ ရှုံရှာစက်ဆုတ်မှုတွေ မောင်ရဲ့ဟန်ဆောင်လိမ်ညာမှုက အိမ်ထောင်ရှင်





ဘဝရောက်မှ သိသိသာသာကြီး မဖုံးဖိနိုင်ဘဲ ပေါ်လာသည်။

"ကြိုင် ... မင်းက ချစ်စရာကောင်းတယ်၊ မောင်စတွေ့တွေ့ချင်းမှာပဲ စွဲလမ်းနှစ်သက်ချစ်မိသွားရတာပါ ... မောင့်ကိုနားလည်ပေးပါ ကြိုင်ရယ်နော် ... "

ကြိုင် ဘယ်လိုနားလည်ပေးရမလဲ မောင် ... ငိုချင်တယ်။ ကြိုင့်အပေါ် မရက်စက်ပါနဲ့။ ညာတာထောက်ထားပါနော်။ ကြိုင်တောင်းပန်ချင်သည်။ မောင် ဖယ်ပါ။ လွှတ်စမ်းပါ ... မောင့်အပြုအမူတွေကို ကြိုင်မုန်းတယ်။ ရှုံလာပြီနော် ... မောင်နှင့်လက်ထပ်လိုက်မိတာ မှားပြီဟု ထင်မိလာသည်။

"မောင့်ကိုချစ်တယ်လို့ ပြောစမ်းပါ ... မောင် ကြားချင်လို့ပါ"

ရှင် အရူးပဲ။ မိန်းမတစ်ယောက်ကို ငွေနဲ့ပေါက်ပြီး ဟန်ဆောင်လိမ်ညာ လက်ထပ်ယူခဲ့တာပဲ။ ကြိုင် အလိမ်မိသွားသည်။ ထွက်ပြေးချင်၏။ မောင့်ရင်ခွင်က ပူလွန်းသည်။

"ချစ်"

"ဟင်"

"မောင့်ကိုချစ်တယ်လို့ ပြောပါ"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘာအင်းလဲ … မင်းပါးစပ်က ပြောလေ … "

"ကျွန်မ အကြိမ်ပေါင်းများစွာပြောခဲ့ပါတယ် မောင်"

"ထပ်ပြောကွာ"

"မောင့်ကို ချစ်ပါတယ်"

"မင်းအသံက အားမရှိလိုက်တာ"

ကြိုင် သေပြစ်ချင်သည်။ မောင့်အမေးကို ထပ်ခါထပ်ခါဖြေရလွန်း၍ ကြိုင် ပေါက်ကွဲစွာ အော်ဟစ်ပြစ်လို၏။ စိတ်ကိုထိန်းချုပ်လိုက်သည်။ မောင်က ကြိုင်တို့မိသားစုအပေါ် စီးပွားရေးကာအစ ပြည့်စုံအောင်လုပ်ဆောင်ပေးထားခဲ့၏။ ဒီလိုအဖြစ်မျိုးတွေ ရင်ဆိုင်ကြုံတွေ့ရလိမ့်မည်ဟု ကြိုင် ဘယ်လိုမှ ထင်မထားမိ။ ကြောက်သည်။

"မောင်ရယ် … ကျွန်မချစ်မြတ်နိုးရတဲ့ ယောကျ်ားတစ်ယောက်ပါ … အရမ်းချစ်ပါတယ်၊ မောင်နဲ့ထပ်တူထပ်မျှ ကျွန်မနှလုံးသားတွေကလည်း မောင့်ကိုချစ်တာပါ … ယုံပေးပါ မောင်ရယ်နော်"

ကြိုင် အားတင်းပြီး မောင့်ကိုချစ်ပါတယ်ဆိုတာ ရှည်ရှည်လျားလျားပြောပြမိသည်။

"အိုကေ အရမ်းနားထောင်လို့ကောင်းတယ် … မောင် ထပ်





ကာထပ်ကာ ကြားချင်နေတာပါ … ပြောပါကွာ"

သေပါပြီ မောင်ရယ် … ကျွန်မ သေပြစ်ချင်တယ်။ မောင် ဘာဖြစ်လို့များ ကျွန်မကို ညှင်းပန်းနှိပ်စက်ချင်ရတာလဲ။ မောင့်မေးခွန်းတွေက ကျွန်မထပ်ကာထပ်ကာ မဖြေချင်ဆုံးဘဲ။ နာကျင်ရသည်။

"ချစ် … အနားယူတော့နော်၊ မောင်က ကြမ်းတယ်၊ ပေါက်ကွဲတတ်တယ် … ချစ်ရဲ့ဆက်ဆံမှုက အေးစက်လွန်းလို့ပါ"

သူမ နှုတ်ဆိတ်ငြိမ်သက်စွာ နေပြစ်လိုက်သည်။ မောပန်းနွမ်းနယ်လွန်း၏။ မောင့်အကြောင်နာတွေကို ကျွန်မ လိုအပ်ပါတယ်။ မောင့်ကိုလည်း ကျွန်မချစ်တယ်။ ရင်ထဲကပဲ တတွတ်တွတ်ပြောနေ သည်။

"ချစ် အိပ်တော့နော် … မောင့်ကိုနားလည်ပေးပါ၊ မောင်လည်း ဘာဖြစ်လို့ အပြုအမူတွေကြမ်းတမ်းသွားရတာလဲ မသိပါဘူး၊ ချစ်ကို အရမ်းချစ်မိလို့ထင်တယ်"

"အင်း"

"မောင်က အရမ်းပဲချောမောလှပပြီး ချစ်စရာကောင်းလွန်းတဲ့ မိန်းကလေးတစ်ယောက်ကို လက်ထပ်မိလို့ အရူးအမူးဖြစ်သွားပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြိုင့်မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်တက်မလာစေရန် ကြိုးစားထိန်းချုပ်နေရသည်။ မောင် မြင်တွေ့သွားရင် ဒေါသဖြစ်ရဦးမယ်။ မောင် အိပ်ပျော်သွား၏။ ကြိုင်လည်း သက်ပြင်းမောကြီးကို မှုတ်ထုတ်ပြစ်လိုက်သည်။ ခဏကြာတော့ ကြိုင်လည်း အိပ်ပျော်သွား၏။ အိပ်မက်ထဲမှာ မောင်က အရမ်းကို နူးညံ့သိမ်မွေ့နေသည်။

"ကြိုင် စိတ်ညစ်နေရလား ... မောင် လုံးဝစိတ်မချဘူး၊ တကယ်တော့ ကြိုင့်ကိုပျော်ရွှင်စေချင်တာပါ"

မောင်က ညင်သာစွာပြောရင်း ကြိုင်အနားသို့ တဖြည်းဖြည်းတိုးကပ်လာပြီးမှ မျက်ရည်တွေ ပြည့်ဝိုင်းနေတဲ့ မျက်ဝန်းတွေနှင့် စိုက်ကြည့်ကျောခိုင်းထွက်ခွာသွားသည်။

"မောင်ရယ် ... ကျွန်မကို မထားခဲ့ပါနဲ့၊ မောင် ... မောင်ရေ"

မောင့်နောက်သို့ ပြေးလိုက်ရင်း အိပ်မက်မှ နိုးထလာသည်။

"မောင်"

"ဟင် ... ကြိုင် ဘာဖြစ်တာလဲ"

"ဟင်း ... "

"မင်းရင်တွေ အရမ်းခုန်နေတာပါလား၊ မောင်ကြားနေရတယ်"

"ကျွန်မ အိပ်မက်မက်တာပါ ... အိပ်မက်ထဲမှာ မောင်က





အရမ်းသိမ်မွေ့နူးညံ့နေတယ်၊ ကျွန်မကို ပျော်ရွှင်စေချင်ပါတယ်တဲ့၊ အိပ်မက်ထဲက မောင့်ကိုတွေ့တော့ ကျွန်မနှလုံးသားတွေ တဒိန်းဒိန်းခုန်လာတယ်"

"ဘာပြောတယ်"

အိပ်မက်ထဲက မောင်ဆိုတာ သံသာပဲဖြစ်မယ်။ မင်းရင်ခုန်တယ် ဟုတ်လား ... သံစဉ် ဒေါသထွက်လာသည်။

"မင်းက အိပ်မက်ထဲကကောင်ကို ချစ်နေတာလား ပြောစမ်း ကြိုင် ... "

"မောင်ကလဲကွယ် အိပ်မက်ထဲက မောင်နဲ့အပြင်ကမောင် တစ်ယောက်ထဲပဲဟာ ... ဘာတွေ မနာလိုဝန်တိုဖြစ်နေရတာလဲလို့"

မောင် ဒေါသထွက်စရာမရှိ ထွက်လာပြန်သည်။ အိပ်မက်ထဲက မောင်နှင့်ဆန့်ကျင်ဘက်ဖြစ်နေ၏။ အိပ်မက်ထဲကမောင့်မျက်ဝန်းတွေနှင့် ယခုမောင့်မျက်ဝန်းတွေ ကွဲပြားခြားနားလွန်းနေသည်။ ကြိုင် ကြောက်လာ၏။ ဒါပေမဲ့လည်း ကြိုင်ဆန့်ကျင်၍ မဖြစ်ကြောင်း သတိနှင့်ထိန်းချုပ်ရသည်။

"မောင်ရယ် ... ကျွန်မချစ်တာက မောင်ပဲလေ၊ အိပ်မက်ထဲကမောင်လို နူးညံ့နေစေချင်ပါတယ်၊ ဒေါသတွေ မဖြစ်ပါနဲ့နော်"

မောင့်ရင်ခွင်ထဲ တိုးဝင်ဖက်တွယ်ပြီး ချော့ရသည်။

"ကြိုင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ပြောလေ ..."

"အိပ်မက်ထဲကကောင်နဲ့ မင်းဘယ်အတိုင်းအတာအထိ ငြိစွန်းဆက်ဆံခဲ့ကြလဲ ... မှန်မှန်ပြောနော် ကြိုင် ..."

"မောင်ကလဲကွယ် ... အိပ်မက်ထဲကလဲ မောင်ပဲဟာ၊ ကျွန်မချစ်ရတဲ့မောင်လေ ... မိုးသံသာပါ ..."

"ဘာ ... ဘာပြောတယ်၊ မင်း ... မင်းချစ်ရတဲ့သူက မိုးသံသာ ဟုတ်လား ..."

"အင်းလေ ... ကျွန်မချစ်ဦးသူက မိုးသံသာပဲ၊ ဘာဖြစ်လို့လဲ မောင် ..."

သံစဉ် ဒေါသတကြီးနှင့် ငါက မိုးသံစဉ်လို့ပြောဖို့ စိတ်က လွှတ်ထွက်သွားသလိုလို ဖြစ်သွားပြီးမှ အချိန်မီပြန်ထိန်းလိုက်နိုင်သည်။ ကြိုင့်မသိစိတ်တွေက မိုးသံသာကို စွဲလမ်းနှစ်သက်နေလို့ပဲ ဖြစ်မယ်။ လုံးဝ မကျေနပ်မိ။ အိပ်မက်ထဲအထိ မင်းဘာလာရှုပ်တာလဲ သံသာ။ လွမ်းလွမ်းဆွတ်ဆွတ် တမ်းတမ်းတတနှင့် မောင် ... မောင်ဟုခေါ်နေသံတွေက သံစဉ့်စိတ်တွေကို ရှုပ်ထွေးနောက်ကျိနေသည်။

---

အခန်း ( ၁၂ )

"မာမီ"

"ပြောလေ သမီးလေး ..."

"မာမီကို ကြိုင်လေ မိခင်တစ်ယောက်လို သဘောထားပြီး ရှိသေလေးစားပါတယ်နော် ..."

"မာမီ သိပါတယ် သမီးလေးရယ် ... ဘာပြောစရာရှိလို့လဲ၊ ပြောလေ ... အားနာစရာမရှိပါဘူး ပြော ..."

"မောင်လေ ... ချစ်သူဘဝနဲ့ မတူအောင်ဘဲ စရိုက်တွေက ကြမ်းတမ်းလာပါတယ်"

"ဟင်"

"ကြိုင့်ကို ယောကျ်ားတစ်ယောက်ယောက်နဲ့ ချစ်ကြိုက်နေတယ် ဖောက်ပြန်နေတယ်လို့ စွတ်စွဲပြောဆိုချင်လာတယ်"



www.burmeseclassic.com

www.burmeseclassic.com



သားသံစဉ်ရဲ့စိတ်တွေ ဖောက်ပြန်လာပြန်ပြီလား။ ချစ်သူ မိန်းကလေးနှင့် လက်ထပ်ပေးလိုက်လျှင် ပျော်ရွှင်ငြိမ်သက်သွားမယ်ဟု မိမိထင်မှတ်ခဲ့မိသည်။

"တစ်ခါတလေ မောင့်အကြည့်တွေက ကြောက်စရာကောင်းလောက်အောင် ဒေါသတွေနဲ့ဝင်းတောက်နေတယ်"

"ဘုရားရေ ... ဘယ်လိုဖြစ်ရတာလဲ၊ သမီးကြိုင်ကို အရမ်းချစ်ပြီး သဝန်ကြောင်နေတာဖြစ်လိမ့်မယ် ... ယောကျ်ားတွေက ကိုယ်ချစ်မြတ်နိုးရတဲ့ မိန်းမတွေအပေါ် အချစ်ကြီးပြီး သဝန်ကြောင်ချင်တတ်တယ်၊ မာမီ့ခင်ပွန်းရှိစဉ်ကလဲ ဒီလိုပဲလေ ... အရမ်းသဝန်ကြောင်တယ်၊ ယောကျ်ားတကာနဲ့ ပေးစားနေလို့ မာမီအမြဲတမ်း မျက်ရည်ကျရတယ် ... ဒေါသထွက်လာရင် ရိုက်နှက်ချင်သေးတယ်"

တမင်ပြောလိုက်တာပါ။ မိမိက ယောကျ်ားရက်ကောင်းခဲ့သည်။ သားသံစဉ် လုပ်ချင်တာတွေလုပ်တော့မယ်ဆိုတာ မိမိသိနေ၍ ကြိုင် မရိပ်မိစေရန် စကားလမ်းကြောင်း လွှဲလိုက်ရသည်။

"မောင် တကယ်ပဲ ပြောင်းလဲသွားတာပါ ... ကြိုင်တောင် တကယ့်ကိုနားမလည်နိုင်တော့ဘူး"

"ကြိုင်လေးရယ် ... မာမီ တောင်းပန်ပါတယ်၊ သမီးလေး စိတ်ဆင်းရဲနေပြီထင်တယ် ... သားကို မာမီဖျောင်းဖျပေးပါ့မယ်"



"မောင့်ကို ကြိုင်ပြောတယ်ဆိုတာ မသိပါစေနဲ့နော်၊ မောင့်ကို ကြိုင်ကြောက်တယ် ... "

မိမိ အဆင်ပြေမည်ဟု ထင်မထားခဲ့ပေမယ့်လည်း ဒီလောက် မြန်မြန်ဆန်ဆန် ပြဿနာဖြစ်လိမ့်မည်ဟု မထင်မိခဲ့။ စိတ်ပူမိတဲ့အတိုင်း ဖြစ်လာသည်။

"ကြိုင်"

"ဟင် ... မောင်"

"မာမီ့ကို ဘာတွေပြောနေတာလဲ ... အိပ်မက်ထဲက မိုးသံသာအကြောင်းလား ... "

"မဟုတ်ပါဘူး မောင် ... မာမီ့ဆီက သင်ယူစရာရှိတာတွေ သင်ယူနေတာပါ။ မယုံရင် မာမီ့ကို မေးကြည့်ပါနော်"

"မင်းအပေါ်ထပ်ကို သွားနေပါ ကြိုင် ... "

"ဟုတ်ကဲ့"

သားသံစဉ့်ဆီမှာ ဒေါသတွေပြန်ရောက်လာပြန်ပြီ။ ဘယ်လိုလုပ်ရမလဲ။ သုံးလေးနှစ်လောက်အထိ သားသံစဉ် တည်တည်ငြိမ်ငြိမ်နှင့် ဖြတ်သန်းလာနိုင်ခဲ့သည်။

"သားသံစဉ်"

"ကျွန်တော့်ကို သံသာလို့ပဲခေါ်ပါမာမီ ... သံစဉ့်ကိုသတ်ပစ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်စမ်းပါ"

"သားရယ် ... မင်းစိတ်တွေကို ထိန်းချုပ်ထားသင့်တယ်၊ ကြိုင်လေး သိသွားရင် သားအနားကနေ ထွက်သွားလိမ့်မယ်"

"ကြိုင် ထွက်သွားရဲထွက်သွားကြည့်ပါ ... ဒင်းကိုသတ်ပစ်မယ်"

"သား ... "

"အိပ်မက်ထဲကို သံသာရောက်လာတယ် မာမီ ... ကြိုင့်ကို ဘယ်လောက်ဖြားယောင်းမြှူဆွယ်ခဲ့လဲ ... မောင် ... မောင်နဲ့ တမ်းတမ်းတတ ယောင်ခေါ်နေတယ်၊ ပြီးတော့ ... သူ့ရင်တွေ အရမ်းခုန်တယ်တဲ့လေ"

"သားရယ် ... အဲဒါ အိပ်မက်ပဲဟာ၊ ကြိုင်လေးက ဘာမှ မသိရှာပါဘူး ... မင်းစိတ်တွေကိုထိန်းပါ"

"ကျွန်တော့်ကို ကြိုင်ရဲ့ဆက်ဆံမှုတွေက အေးစက်တယ်၊ ကြောက်နေတယ် ... အိမ်ထောင်ဦးအစပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် သံစဥ့်အပေါ် ကြိုင်ရင်မခုန်ဘူး"

သားသံစဥ်က စိတ်ကစဥ့်ကလျား ဝေဒနာရှင်ဖြစ်၍ ဒေါ်ရီ တာနွယ် ဘယ်လိုဖြောင်းဖြပြောဆိုရမှန်းပင် မသိတော့။ သားသံစဥ် ဒေါသမထွက်တာကြာပါပြီ။ မင်းကိုပျော်ရွှင်စေချင်လို့ပါ။ အခုတော့





အခြေအနေက ပိုဆိုးသွားမည်ထင်သည်။

"သားချစ်မြတ်နိုးတဲ့ မိန်းကလေးကို စိတ်ချမ်းသာအောင် ထားရမယ်လေ ... သားသံသာမှ မရှိတော့တာပဲ၊ ကြိုင်လေးကို စိတ်ဆင်းရဲအောင် အနိုင်မကျင့်ပါနဲ့သားရယ်နော် ... "

သားသံစဥ်ရဲ့ လက်လေးကို ဆုပ်ကိုင်ဖျစ်ညှစ်အားပေးလိုက်သည်။ မိမိချော့မော့နေကြပါ။ စိတ်မထင်လျှင် မထင်သလို အသက်ကိုပင် အန္တရာယ်ပြုတတ်သည်။

"စိတ်ကိုလျှော့ပါ ... ပြဿနာတွေကို မဖြစ်စေချင်ဘူးကွယ်၊ ကြိုင်လေးက သားကိုပဲခင်ပွန်းအဖြစ်သိနေတာပဲ ... ဘာတွေစိတ်ပူနေရတာလဲ"

"ဟုတ်သားပဲနော် ... ကြိုင်က သံစဥ့်တစ်ယောက်ထဲကိုပဲ သိတာပဲ"

"သားသံသာပါ ... "

"ဟား ဟား ဟား ... ဒီလောက်လေ့ကျင့်ထားတာတောင် မှားသေးတယ်၊ ကြိုင့်ရှေ့မှာ အပြောအဆို မှားသွားရင်လည်း မောင့်နာမည်က သံသာသံစဥ်လို့ ပြောလိုက်မယ်လေ"

သားသံစဥ်အား ဒေါ်ရီတာနွယ် သနားကြင်နာစွာ ကြည့်မိနေသည်။ မိမိကြောင့်ပါ။ သားသံစဥ်ရဲ့ခေါင်းကို ထိခိုက်မိပြီး အသိ



www.burmeseclassic.com

www.burmeseclassic.com



ညဏ်တွေက လွတ်ထွက်သလိုလို ဖြစ်သွားတတ်တဲ့စိတ်ကစဉ့်ကလျား ဝေဒနာရှင်လေး ဖြစ်ရသည်။

“မာမီ့သားလေးက လိမ္မာပါတယ် ... ကြိုင်လေးကို ကြမ်းကြမ်းတမ်းတမ်း မဆက်ဆံစေချင်ဘူး ... အရမ်းသနားစရာကောင်းပါတယ်”

“သံသာ ခြံထဲခဏလောက် ဆင်းချင်တယ်မာမီ ... တင်းနစ်မရိုက်ရတာ ကြာပြီလေ”

“အင်း ... ရိုက်လေ ... ဘယ်သူနဲ့ရိုက်မလဲ”

“ကြိုင်နဲ့ ... ”

“ကြိုင်လေးက ရိုက်တတ်လို့လားကွယ်”

သားသံစဉ်က တင်းနစ်ရိုက်တာကျွမ်းကျင်သည်။ သားသံသာရောပဲ အမြဲတမ်း ညီအစ်ကိုနှစ်ယောက် ရိုက်နေကျဖြစ်၏။ သားသံစဉ် စိတ်ပြေလက်ပျောက်ဖြစ်စေရန် မိမိခွင့်ပြုလိုက်သည်။

“ကြိုင့်ကိုသားသွားခေါ်မယ်နော် မာမီ”

“သွားခေါ်လေ ... မာမီကတော့ ဒေါ်ဒေါ့်ကိုအအေးတွေ စားစရာတွေ ပြင်ဆင်ခိုင်းထားမယ် ... အပန်းဖြေဖို့ ထိုင်ခုံရောပဲ”

သံစဉ့်စိတ်တွေ ပျော်သွားပြီး အပေါ်ထပ်သို့ပြေးတက်လာသည်။





“ကြိုင်ရော ... ကြိုင် ... ”

“မောင် ... ”

“အဝတ်အစားလဲ ... မောင်တို့နှစ်ယောက် ခြံထဲဆင်းပြီး တင်းနစ်ရိုက်ရအောင်”

“ကျွန်မမှ မရိုက်တတ်တာပဲ မောင်”

“မရဘူးကွာ ... ရိုက်တတ်အောင်လေ့ကျင့်ထားစမ်းပါ၊ မင်းကို မောင် သင်ပေးမယ် ... အဝတ်အစားလဲ”

“ဟင် ... ကျွန်မ ဘာဝတ်ရမှာလဲ”

“ဘောင်းဘီအတိုဝတ်”

“ကျွန်မမှာမှ မရှိတာဘဲ”

“မင်းက တကယ်ရိုးသားတာပဲ ... တုန်းလွန်းတယ်”

“ကျွန်မရဲ့မြန်မာဆန်ပြီး ရိုးသားတာလေးကိုပဲ မောင်ချစ်မြတ်နိုးတာဆို ... ”

“ငါပြောခဲ့ဖူးလို့လား ... ငါက ခေတ်မီတာကိုကြိုက်တယ်၊ ပုံတုံးကြီးကို မကြိုက်ဘူး”

ကြိုင် ဘာများမှားသွားပြန်လို့လဲ။ မောင် ဒေါသဖြစ်ပြန်ပြီ။ ငါဆိုတဲ့ အသုံးအနှုန်းမျိုးကို ရင့်ရင့်သည်းသည်း သုံးလာသဖြင့် ကြိုင် အာဒက မတက်ရဲတော့။ မောင် ပြောခဲ့ဖူးတဲ့စကားတွေကို မေ့ပြစ်



www.burmeseclassic.com

www.burmeseclassic.com



၏။ ထစ်ခနဲဆို ဒေါသကထွက်လာတတ်သေးသည်။

"ရော့ ... ဒီအဝတ်အစားတွေ ဝတ်လိုက်၊ မောင်နဲ့ကြပ်နေတယ်"

"ရှင်"

"ဘာရှင်လဲ ... ဝတ်ကြည့်လေ"

မောင့်အပြုအမူအပြောအဆိုတွေက အရူးတစ်ယောက်ကဲ့သို့ ဖြစ်နေသည်။ မောင်နှင့်မတော်တဲ့ ဘောင်းဘီအတိုလေးကို ပြစ်ပေးလိုက်၏။ ကြိုင် မဝတ်ရဲပါဘူး။ ယယ်ယယ်ကလည်း လုံလုံခြုံခြုံပဲ ဝတ်ဆင်ခဲ့သည်။ ဦးလေးအိမ်မှာ ကပ်နေရသဖြင့် ဆင်ခြင်နေထိုင်ရတာ မဟုတ်လား။

"မောင်လေ ... ကြိုင့်ကိုချစ်တာ ဘာကြောင့်လဲသိလား။ ကြိုင်ရဲ့ မြန်မာဆန်တဲ့ ဝတ်စားပြင်ဆင်မှုလေးကိုပဲ ... "

မောင် တကယ့်ကိုပြောင်းလဲသွားတာပဲ။ ချစ်သူဘဝနှင့် ပြောင်းပြန်။ ကြိုင် လက်ထပ်ခဲ့တာ ကြိုင့်ချစ်သူ မိုးသံသာမှဟုတ်ရဲ့လားဟု တွေးမိနေသည်။

"ဘာကြောင်ကြည့်နေတာလဲ ဝတ်စမ်းပါ ကြိုင် ... မင်း ဘာဖြစ်နေရတာလဲ ... ငါ့စကားတွေကို ဆန့်ကျင်ဘက်လုပ်ချင်တာလား"





"မဟုတ်ပါဘူး မောင်ရယ် ... ကျွန်မ တစ်ခါမှအဲဒီလိုမလုံ့တလုံတွေ မဝတ်ခဲ့ဘူးလို့ပါနော်"

"ရှက်ပြန်ပြီလား"

"ဝတ်ပါ့မယ် မောင် ... "

ကြိုင် ဘာမှစောဒကတက်မနေတော့ဘဲ မောင်ပေးတဲ့ ဘောင်းဘီတိုလေးကို ဝတ်လိုက်ရသည်။ ဝတ်လို့ရပေမယ့်လည်း အရမ်းတိုတက်နေသဖြင့် ကြိုင်ရှက်၏။ စပို့ရှပ်လက်ပြတ်လေးကတော့ ကြိုင် ဝတ်ရဲသည်။

"အား ... မင်းအရမ်းလှတယ်၊ တကယ့်ကို ဝင်းနှစ်အိစက်နေတာပဲ"

"မောင် ဘာတွေပြောနေတာလဲ ရှက်စရာကြီး ... ကျွန်မ တစ်ခါမှ ဝတ်ဖူးတာမဟုတ်ဘူးနော်"

"လှတယ် ... ခေတ်မှီမှီလှလှပပလေး နေစမ်းပါ ... ကြည့်စမ်း ... မောင့်မိန်းမ ဘယ်လောက်လှလဲ"

"အို"

မောင်က ဖွေ့ခနဲ ကြိုင့်ခန္ဓာကိုယ်လေးအား ပွေ့ယူမလိုက်သဖြင့် ကြိုင့်အလန့်တကြားဖြင့် အော်လိုက်မိသည်။

"မောင် ဘာလုပ်တာလဲလွှတ်ပါ ... အောက်ကိုချတော့၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ရှက်တယ်"

"ဟား ဟား ဟား ... "

ကြိုင် ရုန်းကန်ပေမယ့်လည်း မောင်က မချဘဲ ခြံထဲအထိ ခေါ်ဆောင်သွားသည်။

"မာမီ လုပ်ပါဦး ... ကြိုင် အောက်ကိုပြုတ်ကျတော့မယ် ထင်တယ် ... အမလေး ... "

ဒေါ်ရီတာနွယ်လည်း သားကိုအတင်းအကျပ်လည်း မတားရဲပေ။ စိတ်ပူပြီး ခြံထဲအထိ ပြေးဆင်းလိုက်လာခဲ့သည်။

"ဟား ဟား ဟား ... မကြောက်ပါနဲ့ကြိုင်ရယ် ... မောင်က မင်းကို အန္တရာယ်ဖြစ်အောင် လုပ်ပါ့မလား ဟား ဟား ဟား"

"သားရေ ... ကြိုင်လေးကို ချလိုက်တော့နော်"

"မာမီ လိုက်မလာပါနဲ့ ... မာမီနဲ့ဘာမှမဆိုင်ဘူး။ သားတို့ လွတ်လွတ်လပ်လပ်နေပါရစေ"

"မဟုတ်ပါဘူးကွယ် ... မဟုတ်ပါဘူး ... မာမီက စိတ်ပူလို့ ပါ"

ဒေါ်ရီတာနွယ် ခြံထဲအထိ ပြေးလိုက်မလာရဲတော့ဘဲ တိုက်ဝမှာပဲ ရပ်ကျန်ခဲ့သည်။

"ဟား ဟား ဟား ... ပျော်လိုက်တာကွာ၊ ချစ်သူလေး





ပွေ့ချီပြီး ပြေးရတာ အပျော်ဆုံးပဲ"

"ခြံထဲရောက်နေပြီပဲ ... ကျွန်မကိုအောက်ချပေးလိုက်ပါ တော့နော် ... ကျွန်မ အရမ်းကြောက်လာပြီ မောင် ... "

မောင့်ကို တောင်းတောင်းပန်ပန်ပြောမှ မောင်ကချပေး သည်။

"ချစ် မျက်နှာလေးက အရမ်းကြောက်နေပုံပဲ ... မောင့်ကို မယုံကြည်တာလားကွာ"

"နောက်ဆို ဒီလိုမလုပ်ပါနဲ့နော်မောင် ... မတော်တဆလေ"

"တော်ပြီဟာ ... ဆက်မပြောနဲ့တော့ မောင့်အပြုအမူမှန် သမျှကို ကြိုင်က ကြောက်ရွံ့ထိတ်လန့်ပြီး ငြင်းဆန်နေတော့တာပဲ"

"မဟုတ်ပါဘူး မောင်ရယ် ... မောင့်အပြုအမူတွေက တစ်ခါ တလေ ကြိုင်နဲ့စိမ်းနေသလိုပဲ"

"ဘာ"

"မောင် ဘာဖြစ်လို့ဒေါသတွေ ထွက်နေရတာလဲ ... ကျွန်မ ဘာအမှားတွေ လုပ်မိလို့လဲဟင်"

"မင်းအမှားတွေက မောင့်ကိုကြောက်နေတာပဲ ... မင်း ယောက်ျားအဖြစ် အသိအမှတ်မပြုနိုင်သေးဘူးလား ကြိုင်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲကွာ ... စကားများမနေစမ်းပါနဲ့ ... လာ ... "

မောင်က သူမလက်လေးအား ခပ်ကြမ်းကြမ်းဆွဲ၍ တင်းနစ်ကွင်းဆီ ခေါ်လာသည်။ ကြိုင် မလှုပ်ရဲ။ ရုန်းဖယ်ဖို့လည်း မောင့်ကို ကြောက်၍မကြိုးစားနိုင်။ ကြိုင် တစ်ခုခုပြောလိုက်တိုင်း မောင် ဒေါသထွက်နေတတ်သည်။ တင်းနစ်ကွင်းထဲရောက်တော့ ကြိုင့်အား တင်းနစ်ရိုက်နည်းတွေ သင်ပေး၏။ စိတ်မပါပေမယ့် ကြိုင် ကြိုးစားသင်ယူပေမယ့်လည်း မကြာခဏ အမှားအယွင်းတွေပဲ ဖြစ်နေသည်။

"တောက် ... ညံ့လိုက်တာ၊ အသုံးကိုမကျဘူး"

ကြိုင် လုံးဝ မကစားတတ်ပါဘူးဟု ကြိုတင်ပြောထားပါလျက်နှင့် ကြိုင့်အပေါ် မောင် မကျေမနပ် ဒေါသတကြီးပြောဆို ကြိမ်းမောင်းနေလေသည်။

အခန်း ( ၁၃ )

ကြိုင့် အော်ဟစ်သံကြားလိုက်၍ သံသာ စတိုခန်းတံခါးအား အသာဖွင့်ပြီး ချောင်းကြည့်လိုက်တော့ သံစဉ်က ကြိုင့်ကိုပွေ့လျက် ခြံထဲခေါ်သွားသည်။ သံစဉ်က စိတ်မမှန်သူဖြစ်၍ သံသာစိတ်ပူသွား၏။ ကြိုင် ဘောင်းဘီတိုလေးနှင့် ဘာဖြစ်လို့ခေါ်သွားရတာလဲ။ ကြိုင် မဝတ်တတ်။ ဣန္ဒြေသိက္ခာကြီးမားသူ ဖြစ်သည်။

"မာမီရေ ... လုပ်ပါဦး ... မောင့်ကိုပြောပေးပါ ... ကြိုင်ကြောက်တယ်"

"သားရေ ... ဖြည်းဖြည်းနော် ... ပြန်ချပေးလိုက်ပါကွယ်"

"မာမီနဲ့မဆိုင်ပါဘူး၊ လိုက်မလာနဲ့နော် ... ဟား ဟား ဟား"

သံစဉ် အော်ဟစ်သံရယ်မောသံတွေကို သံသာကြားနေရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကြိုင်ရယ် ... မင်း ဘယ်လိုရင်ဆိုင်ဖြတ်သန်းနေမလဲဆိုတာ မောင် တွေးတောင်မတွေးရဲတော့ပါဘူး။ ခြံထဲမှာ တင်းနစ်ရိုက်သံတွေ ကြားရသည်။

"ကြိုင်မှ မကစားတတ်တာပဲ မောင်ရယ် ... ဖြည်းဖြည်းလုပ်ပါ"

"မင်း တော်တော်အသုံးမကျတာပဲ တုံးလွန်းတယ် ... မင်း ပညာတတ်တစ်ယောက် မဟုတ်လား ... ဉာဏ်ကို သုံးစမ်းပါ"

သံစဉ်က ပညာကိုအိမ်မှာပဲ သင်ရပေမယ့် ဉာဏ်တော့ ကောင်းသည်။ တင်းနစ်ရိုက်တာလည်း ကျွမ်းကျင်၏။ သံသာတောင် အရှုံးပေးရတယ်။ ကြိုင်က မတတ်။ ရှက်လည်းရှက် ကြောက်လည်း ကြောက်ရှာနေလိမ့်မည်။ ကြိုင့်ကိုကြည့်ပြီး သနားသည်။

"ကြိုင် အရမ်းမောနေပါပြီ မောင်ရယ် ... တော်ပါတော့နော်"

"မရဘူး ... မင်းကို အမောခံနိုင်အောင် လေ့ကျင့်ပေးနေတာ"

ကြိုင့်ရဲ့ ငြင်းဆန်တောင်းပန်သံတွေကို သံသာ စိတ်မသက်မသာနှင့် ကြားနေရသည်။ ဘယ်လိုတားဆီးမလဲ။ ဝင်ရောက်တား





ဆီးပိုင်ခွင့်လည်းမရှိ။ သံသာ နာကျင်ရသည်။

"အားကစားဆိုတာ လုပ်ရတယ် သင်းရန့်ကြိုင် ... လုပ်ပါ"

"လော်လောဆယ်တော့ ဒီလောက်ပဲလုပ်ကြရအောင်ပါ မောင်ရယ်နော် ... ကျွန်မ အရမ်းမောလွန်းလို့ပါ ... "

"ဆက်လုပ်စမ်းပါ စကားမများနဲ့ ... ရိုက် ... "

"ဟုတ်ကဲ့ ... "

သံသာ ဆက်မကြားချင်တော့ဘဲ အိပ်ရာပေါ်လှဲအိပ်လိုက်သည်။ စိတ်မသက်မသာဖြစ်ရ၏။ သံစဉ်စိတ်က မှန်တာမဟုတ်။ ကြိုင် မောပန်းနွမ်းနယ်ရပုံပင်။ မောင့်ကြောင့်ပါ ... မောင့်ရဲ့ရက်စက်မှုတွေကြောင့်ပဲ စိတ်ထိခိုက်ကြေကွဲရသည်။

"အား ... "

"ဟင် ... "

ကြိုင့်အော်သံ ရူးရူးဝါးဝါးကြောင့် သံသာ ရုတ်တရက် ထထိုင်လိုက်သည်။ အပြင်သို့ လှမ်းထွက်ခဲ့မိ၏။ မာမီက တားသည်။

"သားသံသာ ... ထားလိုက်စမ်းပါ၊ ဒီအတိုင်းပဲထားလိုက်"

"မာမီ ... "

"ဘာတတ်နိုင်မှာလဲ ထားလိုက် ... "

"ကြိုင့်ကို အရမ်းနှိပ်စက်နေတာ မကောင်းဘူးထင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း ဘာဖြစ်လို့အော်ရတာလဲ”

“တင်းနစ် ဘောလုံးမှန်လို့ပါ ... သားသံသာ ဘာတတ်နိုင်မှာလဲ၊ မာမီတို့လုပ်ရပ်ကို ကြိုင်လေးမသိဖို့ လိုအပ်တယ်”

“သံစဥ် လွန်နေပြီ ... ”

“သားသံစဥ်က စိတ်မမှန်ဘူးလေ ... ကိုယ်နဲ့မဆိုင်ဘူးလို့ပဲ သဘောထားလိုက်နော် ... မာမီတောင်းပန်ပါတယ်၊ အနူးအညွတ်တောင်းပန်တာပါကွယ်”

မာမီ့မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်ဝိုင်းလာ၍ သံသာစိတ်လျှော့ပစ်လိုက်ရသည်။ သံစဥ်က စိတ်မှုမမှန်ဘူး။ ကြိုင်ဘယ်လောက်အထိ နာကျင်ခံစားနေရမလဲ။ မောင့်အမှားတွေပါ ကြိုင်ရယ် ... ခွင့်လွှတ်နားလည်ပေးဖို့ စကားလုံးတွေတောင် မောင့်ဆီမှာ မရှိတော့ဘူး။ သံစဥ် တမင်လုပ်နေတာလား။ သံစဥ်က ကြိုင့်ကို ချစ်တယ်ဆိုပြီးတော့ မနာလိုဝန်တိုစိတ်တွေနှင့် ညှင်းပန်းနှိပ်စက်နေတာပဲ ဖြစ်နိုင်သည်။

“သားသံသာ ... စိတ်တွေကိုထိန်းပါကွယ်၊ မာမီ တောင်းပန်ပါတယ် ... သားသံစဥ်ကိုထိန်းဖို့ မာမီသွားပါ့မယ်၊ လုံးဝအပြင်မထွက်ပါနဲ့ ... ”

ဒေါ်ရီတာနွယ် အခန်းအပြင်ကနေ သားသံသာအား





တောင်းပန်စကားတွေ ပြောရသည်။ မဖြစ်ဘူး ... ကြိုင်လေးကို အလွန်အမင်းနှိပ်စက်သလိုကြီး ဖြစ်နေ၏။ သားသံသာအား ဖြောင်းဖျပြောဆိုပြီး ခြံထဲဆင်းလာခဲ့သည်။

“အား ... နာလိုက်တာ၊ ခေါင်းတွေအရမ်းမူးလာပြီ ... မောင်အရမ်းလုပ်လိုက်တာပဲ၊ နဖူးပေါက်သွားပြီထင်တယ်”

ကြိုင်လေး နဖူးမှာသွေးတွေ တွေ့လိုက်ရသဖြင့် ဒေါ်ရီတာနွယ် အထိတ်တလန့် ဖြစ်သွားရကာ ကြိုင်လေးအနား အပြေးအလွှား ရောက်လာခဲ့သည်။

“ဘယ်လိုဖြစ်ရတာလဲ ကြိုင်ရယ် ... နဖူးပေါက်သွားတာထင်တယ် ... ပြစမ်းပါ ... ”

“မာမီ ပြန်ဝင်သွားပါ၊ ဒဏ်ရာက ဘာမှမဖြစ်ဘူး ... မတော်တဆဖြစ်တာပဲ”

“သားရယ် ... အရမ်းမလုပ်နဲ့လေ၊ ကြိုင့်ကိုသားချစ်တယ်မဟုတ်လား”

“ချစ်တယ် ... အရမ်းချစ်တယ်၊ ချစ်လို့ကြည်စားတာပါ မာမီ၊ ကြိုင့်အချစ်ကို စမ်းလိုက်တာ ... ”

“မဟုတ်တာကွယ်”

“မာမီ ပြန်ဝင်ပါ”



www.burmeseclassic.com

www.burmeseclassic.com



"ကြိုင်လေး ဒဏ်ရာကိုဆေးထည့်ရမယ် ... တင်းနစ်ရိုက်တာကို တော်လိုက်ပါ ..."

"တောက် ... အသုံးမကျလိုက်တာ၊ ညှံ့တယ် ... သူ့ဒဏ်ရာကိုဆေးထည့်ပေးလိုက်ပါ မာမီ ... သားအထဲဝင်တော့မယ်"

"အေး ... အေး ..."

သားသံစဉ် ထွက်သွားမှ ဒေါ်ရီတာနွယ် စိတ်သက်သာသွားသလို ကြိုင့်ကို အသေအချာကြည့်မိသည်။

"ကြိုင်လေး ..."

"ရှင် ... မာမီ ..."

"ဘယ်လိုဖြစ်ရတာလဲကွယ် ... ပြစမ်းပါ ..."

"ဘာမှမဖြစ်ပါဘူး မာမီ ... မောင်ပြောသလိုပဲ ကြိုင်က အသုံးမကျတာပါ မရှောင်တတ်ဘူး ..."

"ဖြစ်မှဖြစ်ရလေကွယ် ... မာမီ စိတ်မကောင်းဖြစ်ရတယ်"

"နည်းနည်းလေး ပေါက်သွားတာထင်တယ် ... သမီး ဆေးထည့်ပါ့မယ်"

ကြိုင် ခုထိခေါင်းက မူးနောက်ကျိရီဝေနေဆဲပင် ဖြစ်သည်။ မာမီ့ကို စိတ်မထိခိုက်စေချင်ပါဘူး။ မောင် ဘာဖြစ်မှန်းမသိ။ ကြိုင်ကိုယ်တိုင်လည်း ပြောင်းလဲသွားခဲ့တာပါပဲ။ မောင့်ကို မချစ်တော့





ဘူး။ ရင်လည်းမခုန်ဘူး ... မုန်းတီးစိတ်တွေပင် ဝင်လာသည်။

"သမီး ထလေ ... အထဲဝင်ကြရအောင်"

"ဟုတ်"

"ထနိုင်ရဲ့လားကွယ်"

"ဟုတ်ကဲ့"

မာမီကတော့ ကြိုင့်ကို သမီးတစ်ယောက်ကဲ့သို့ပင် တယုတယ ဖေးမတွဲထူမပေးနေသည်။ မောင်ရယ် ... ကြိုင့်ကို မုန်းတီးနေတာလား။ ကြိုင် ဘာလုပ်ပေးမှ မောင်ကျေနပ်နိုင်မှာလဲ။ ကြိုင့်အား မာမီက ဆေးထည့်ပေးသည်။

"တော်သေးတာပေ့ါကွယ် ... ဒဏ်ရာက သိပ်မပြင်းသေးလို့ သမီးကြိုင် အပေါ်တက်နိုင်ရဲ့လား"

"တက်နိုင်ပါတယ် မာမီ ..."

"သားသံသာ ဘာဖြစ်လို့များ စိတ်တွေအလိုမကျဖြစ်နေရတာလဲ"

"မောင် ပြောင်းလဲသွားသလို ကြိုင်ကိုယ်တိုင်လည်း စိတ်ထဲမှာ ကြောက်ရွံ့ထိတ်လန့်နေတယ် ... ကြိုင့်ကြောင့်လားပဲ၊ မောင်ကျေနပ်အောင် ကြိုင်ဘာလုပ်ပေးရမှန်းတောင် မသိတော့ပါဘူး"

"သည်းခံပေးပါ ကြိုင်ရယ် ... ချော့မော့ကြင်နာပြီး သမီး



www.burmeseclassic.com

www.burmeseclassic.com



လေးက သားသံသာဆန္ဒတွေကို အတတ်နိုင်ဆုံး မငြင်းဆန်ဘဲ အသာတကြည်လေး လက်ခံပေးစေချင်တယ်"

သားသံစဉ်ကိုတော့ ဘယ်လိုမှပြောလို့မရမှန်း ဒေါ်ရီတာ သိသည်။ ကြိုင်လေးကိုပဲ တောင်းပန်ဖြောင်းဖျရ၏။ ကြိုင်လေး စိတ်တွေက သားသံသာ မဟုတ်တာသိနေနိုင်သည်။ အမှာညီ အစ်ကိုတွေဆိုပေမယ့် အမူအကျင့်တွေက ဆန့်ကျင်ဘက်ဖြစ်နေ သည်။

"ကြိုင် အပေါ်တက်တော့မယ် မာမီ ... စိတ်မကောင်းမဖြစ် ပါနဲ့နော် ... ကြိုင် ဘာမှမဖြစ်ပါဘူး"

"မာမီ စိတ်မကောင်းလိုက်တာ သမီးရယ် ... "

ကြိုင် ထပြီး ဘာမှမဖြစ်သလိုနှင့် အပေါ်ထပ်တက်လာခဲ့မိ သည်။ ခေါင်းက မူးနေဆဲပါ။ မာမီ့ကို အားနာမိ၏။ မောင့်အပြုအမူ တွေ ပြောင်းလဲသွားတာ ကြိုင့်ကြောင့်လည်းဖြစ်နိုင်ပါတယ်။ ကြိုင် ပြင်ရမယ်။ မောင့်ကို တယုတယ ကြင်ကြင်နာနာဆက်ဆံဖို့ ကြိုင် ကိုယ်တိုင် ဝန်လေးနေသည်။

"အား ... ကျွတ် ... ကျွတ် ... "

နာလိုက်တာ ... ကြိုင့်ဘဝမှာ ဒီလိုအဖြစ်မျိုးတွေနှင့်ရင်ဆိုင် ရလိမ့်မည်ဟု မထင်မှတ်ခဲ့မိ။ ကံကောင်းခြင်းတွေနှင့် ပျော်ရွှင်ရလိမ့်





မည်ဟုပဲ ထင်ထားခဲ့သည်။ ကြိုင် အခန်းထဲရောက်တော့ မောင်က ရေချိုးခန်းထဲဝင်နေ၏။ ရေပန်းအောက်မှာများ အကြာကြီးရောက် နေပြီလားဟု ကြိုင်သွားကြည့်မလို့ ပြင်နေတုန်း မောင်ပြန်ထွက် လာသည်။

"မောင်ရယ် ... ကြိုင် စိတ်ပူသွားရတယ် ... အခုပဲ ရေချိုး ခန်းထဲ ဝင်ကြည့်တော့မလို့"

"ကြိုင်"

"ရှင်"

"မင်းက မောင့်ကိုတကယ်စိတ်ပူတာလား ... မင်းနမူးမှာ ဒဏ်ရာရအောင် လုပ်ပြစ်တဲ့မောင့်ကို လုံးဝစိတ်မဆိုးဘူးလား"

"ဟင့်အင်း"

"ချစ်လို့ပေါ့"

"မောင်ရယ် ... ကျွန်မက မောင့်ကိုဘာဖြစ်လို့ စိတ်ဆိုးရမှာ လဲ ... ကျွန်မအချစ်တွေကို မောင် ဘာဖြစ်လို့များ မယုံမကြည်ဖြစ် နေရတာလဲဟင်"

မောင့်ကို ကြည်ကြည်သာသာပဲ ဆက်ဆံဖို့ ကြိုးစားရမည် ဖြစ်သည်။ ကြိုင့်ကို မောင်ဘယ်လောက်အထိ ချစ်မြတ်နိုးလည်းဆို တာ ကြိုင်သိ၏။ ဘာဖြစ်လို့များ ကြိုင့်နှလုံးသားတွေ အားစက်



www.burmeseclassic.com

www.burmeseclassic.com



သွားရတာကိုပင် မသိနိုင်။ ရေစက်တွေပက်ဖြန်းထားတဲ့ မောင့်ခန္ဓာကိုယ်အား သဘက်လေးဖြင့် ဖွဖွလေး သုတ်ပေးမိသည်။

"မောင့်မိန်းမ အရမ်းကိုလိမ်မာနေတာပါလား ... မာမီက သွန်သင်ဆုံးမပေးလိုက်ပြီထင်တယ်"

"မောင်ကလဲလေ ... အဲဒါကြောင့် ခက်တာပေါ့၊ ကျွန်မစိတ်ဆန္ဒကြောင့်ပါနော် ... "

နဖူးဒဏ်ရာက တဆစ်ဆစ်နာကျင်နေပေမယ့် ကြိုင်အပြုံးမပျက်ရဲ။ မောင့်ရင်ခွင်ထဲမှာ တိုးဝင်ဖက်တွယ်မိသည်။

"ဒီလိုမှပေါ့ ကြိုင် ... လိမ်မာစမ်းပါ"

သံစဉ်ကတော့ ကြိုင့်ကိုမယုံမိ။ ကြိုင်ချစ်နေတာက သံသာဟုပဲ ထင်နေသည်။ တဖြည်းဖြည်းနှင့် ဒေါသထွက်လာရပြီး ကြိုင့်နဖူးအား တင်းနစ်ဘောလုံးနှင့် ရိုက်ပြစ်လိုက်၏။ အရှိန်နှေးသေးလို့ပါ။

"မောင်"

"ကြိုင်"

"ကျွန်မကိုယုံပါနော်"

"မင်းဘက်ကနေ မောင်ယုံကြည်အောင် သက်သေပြပါ။ မောင်နဲ့ဆက်ဆံရင် အသာတကြည်ဆက်ဆံပါ ... ကြိုင့်အချစ်တွေ





ကို မောင်ခုထိ ယုံကြည်တာ မဟုတ်ဘူးနော်"

မင်းဟန်ဆောင်လိမ်ညာနေတာပဲ ဖြစ်မယ်။ မင်းချစ်တာက သံသာကိုပါ။ အိပ်မက်ထဲအထိရောက်လာစရာ အကြောင်းမှမရှိတာဘဲ။ သူ့စိတ်က တစ်ခါတရံ ရုတ်တရက် ဖောက်ပြန်နေတတ်သည်။ သံသာနှင့်လျှို့ဝှက်စွာ ဆက်ဆံနေလားဟု အတွေးကဝင်ဝင်လာတတ်၏။ ကြိုင့်ဒဏ်ရာကိုကြည့်ပြီး သံစဉ် သနားကြင်နာသွားရသည်။

"မောင့်မိန်းမကို သနားလိုက်တာ ... မောင်တမင်လုပ်လိုက်တာမဟုတ်ဘူးနော် ... မတော်တဆလေးပါကွာ"

"ကြိုင့်ဒဏ်ရာကို မေ့ထားလိုက်ပါနော် ... ကျွန်မည့ံပြီး မရှောင်တတ်လို့ဖြစ်ရတာပါ"

ကြိုင် အလျှော့ပေးဆက်ဆံဖို့ပဲ ဆုံးဖြတ်ထားသည်။ မောင်က ကြိုင်ရဲ့ကျေးဇူးရှင် ကြိုင့်ဦးလေးမိသားစုအတွက်လည်း လုပ်ငန်းတွေထူထောင်ပေးထား၏။ ရှက်ကြောက်နေတဲ့ စိတ်တွေအား ဖယ်ထုတ်ပြစ်ရသည်။

"မောင် ချစ်ဇနီးလေးကို ပျော်ရွှင်စေချင်ပါတယ်ကွာ"

မောင်က သူမအား ကြင်ကြင်နာနာ ဆက်ဆံလာသည်။ ကြိုင် ဘယ်လိုမှ ပျော်ရွှင်ချမ်းမြေ့မှုကို ခံစား၍မရခဲ့။ မောင့်မျက်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



တွေက ကြိုင်နှင့်စိမ်းလွန်းနေသည်။ ကြိုင်ချစ်ရတဲ့ မိုးသံသာဟု မထင်မှတ်ခဲ့တာ ကြိုင့်စိတ်တွေကို နားမလည်နိုင်ပေ။ မောင့်အချစ် ကြမ်းကြမ်းတွေအား ခံစားမရဘဲ ဖြစ်နေသည်။

"ကြိုင်"

"မောင်"

"မောင် ကော်ဖီသောက်ချင်တယ် … ကြိုင်လေး ဖျော်ပေးပါ"

"ဟုတ်ကဲ့ … "

ကြိုင် မောင့်ရင်ခွင်ထဲကနေ ထွက်လိုက်တာနှင့် စိတ်တွေ ပျော့ရွှင်တက်ကြွလာသည်။ ထိုအချိန်တွင် ကြိုင့်ဖုန်းသံလေးမြည်လာ၏။ ကြိုင် ဖွင့်နားထောင်မယ်လုပ်တော့ မောင်က ရုတ်တရက် ထလာသည်။

"ဘယ်ကဖုန်းလဲ … မောင့်ကိုပြစမ်းပါ"

"ကျွန်မဦးလေးပါ မောင် … "

"ပြစမ်း"

မောင် ဘာဖြစ်တာလဲ။ ကြိုင့်ဖုန်းအား အတင်းအကျပ်ဆွဲယူ နားထောင်သည်။ တစ်ကြိမ်တစ်ခါမျှ မောင်စည်းကမ်းမဲ့တဲ့ အပြု အမူမျိုး မပြုလုပ်ခဲ့။ ကြိုင်ကလဲ ရုတ်တရက် သဘောမကျသလို





ဖြစ် သွား၏။ မောင့်ကို ဖုန်းမပေးဘဲ ငြင်းဆန်လိုက်သည်။

"မင်း ဘာမဟုတ်တာတွေ လုပ်နေတာလဲ … ပြောစမ်းပါ ကြိုင် … မင်းဦးလေးဆီကဆိုတာ မဖြစ်နိုင်ဘူး … "

ကြိုင် ယောင်ယမ်းပြီး ဖုန်းကိုပိတ်ပြစ်လိုက်သည်။ တကယ်လည်း ကြိုင့်ဦးလေးဆီကပါ။ ချမ်းသာကြွယ်ဝတဲ့ မိသားစုအသိုင်း အဝိုင်းထဲမှာ ကြိုင် အဆင်မပြေဖြစ်မှာ ဦးလေးကစိတ်ပူသည်။

"မင်း … မင်းဘာဖြစ်လို့ ဖုန်းပိတ်ပြစ်ရတာလဲ ကြိုင် … ပေးစမ်း ဖုန်း … "

"ကျွန်မဦးလေးဆီကပါ မောင် … မပြောချင်လို့ ဖုန်းပိတ်ထားလိုက်တာပါ။ ကော်ဖီသွားဖျော်တော့မယ်နော် … "

"ဖုန်းကိုထားခဲ့"

"ဟုတ် … "

မောင်က အတင်းတောင်းနေသဖြင့် ကြိုင် ပေးခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၄ )

"ဟဲလို ... ပြောပါ"

"မောင်မိုးသံသာလား"

"မဟုတ်ဘူး"

"ဟင် ... ဒါ တူမလေး သင်းရနံ့ကြိုင်ရဲ့ ဖုန်းမဟုတ်ဘူးလား ... ဦးလေးသောင်းပါ ... မောင်မိုးသံသာ ထင်ပါတယ်နော်"

"မဟုတ်ဘူး ... ဒါပဲ ... "

"မောင်မိုးသံသာ"

"တောက် ... "

သံစဉ် ဖုန်းပိတ်ပြစ်လိုက်သည်။ ဖုန်းက ထပ်မြည်လာ၏။ ဒေါသထွက်ပြီး ခါတ်ခဲကို ထုတ်ပြစ်လိုက်သည်။

"ဟင် ... မောင် ... ဘာဖြစ်လို့လဲ"





ကြိုင့်အသံကြားမှ သံစဉ် အသိတွေဝင်လာသည်။ မိုးသံသာဆိုတဲ့နာမည် ကြားလိုက်သဖြင့် သတိလက်လွတ်ဒေါသတွေ ထွက်ရ၏။ မဟုတ်ဘူးဟု ဒေါသနှင့် ပြောလိုက်မိသည်။

"မောင်"

"ထားလိုက်တော့"

"ဦးလေးသောင်း မဟုတ်လား ... အိမ်မှာ ဘာတွေများဖြစ်နေပြီလဲ မသိဘူး"

"မင်းလက်ထပ်ထားပြီးပြီပဲ ... ဆွေမျိုးတွေနဲ့ ရှုပ်ရှုပ်ယှက်ယှက် မလုပ်နဲ့တော့"

"အဲဒီလိုမလုပ်ပါနဲ့မောင် ... လက်မထပ်ခင်ထဲက မောင်ပဲ ကြိုင်မနဲ့သဘောတူညီမှု ရခဲ့တာလေ ... ဦးလေးသောင်းရဲ့စီးပွားရေးကို မောင်စီမံခန့်ခွဲပေးမယ်ဆို"

သံစဉ်က သံသာမဟုတ်လို့ ဘာတစ်ခုမှမသိ။ ဒီကောင် သံသာ ဘာဖြစ်လို့များ ဆွေမျိုးတွေအထိ သဘောကောင်းနေရတာလဲ။ မိုးသံသာဆိုတဲ့ နာမည်ကြားသည်နှင့် သူ့သွေးတွေက ဆူပွက်ဆချင်သည်။

"မင်းဘာဖြစ်နေတာလဲ ... နောက်ဆို ဘယ်သူနဲ့မှမဆက်သွယ်ရဘူး၊ မင်းဖုန်းအသစ် ပြောင်းပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို မလုပ်ပါနဲ့မောင်ရယ် ... ဦးလေးသောင်းက မောင်စီစဉ်ပေးတဲ့ အရောင်းအဝယ်တစ်ခု လုပ်နေတာပါ။ ဘာမှနားလည်မှာမဟုတ်လို့ပါ ... ကျွန်မတို့ တစ်ခါလောက်ဖြစ်ဖြစ် ဦးလေးသောင်းဆီ သွားသင့်ပါတယ်နော်"

ဦးလေးသောင်းတော့ စိတ်ပူနေမှာပဲ။ လုပ်ငန်းကလည်း မောင်စီစဉ်ပေးတာပါ။ ကြိုင့်ကိုလည်း အဆင်မှပြေပါ့မလားလို့ စိတ်ပူပင်သောကရောက်နေမှာ သေချာသည်။ မောင့်အပြုအမူတွေက အနိုင်ကျင့်ရာ ကျနေ၏။ ကြိုင် မနှစ်သက်မိ။ မောင့်ဘက်မှ ချစ်သူဘဝပေးထားတဲ့ကတိတွေ တစ်ခုမှမတည်ခဲ့။ တည်ငြိမ်အေးချမ်းမှုက ပျောက်ဆုံးနေသည်။

"မောင်"

"တိတ်စမ်း"

"မောင် ... ကြိုင့်ကိုလိမ်ညာလက်ထပ်ခဲ့တာလား"

"ငါက ဘယ်သူနဲ့မှ မပတ်သက်ရဘူးဆိုရင် မင်းလုံးဝပတ်သက်စရာ မလိုဘူး"

"မောင် မတရားဘူး"

"ဟုတ်တယ် ... ဘာဖြစ်လဲ ... "

"ချစ်သူဘဝနဲ့ အခု ကြိုင့်ခင်ပွန်းဘဝ လုံးဝဆန့်ကျင်ဘက်





ဖြစ်နေတယ် ... ကျွန်မချစ်ရတဲ့ မိုးသံသာမှ ဟုတ်ရဲ့လားဟင်"

"ဘာပြောတယ် ... ကျွန်မချစ်ရတဲ့ မိုးသံသာ ဟုတ်လား"

"ဟုတ်တယ်လေ ... ကျွန်မချစ်သူ မိုးသံသာနဲ့မတူတော့ဘူး"

"ဖြန်း"

"ဟင်"

"ကျွန်မချစ်သူ မိုးသံသာလို့ ထပ်မပြောနဲ့ ... "

"မောင် ရက်စက်လှချည်လားဟင်"

"မင်းက ကျေးဇူးကန်းတဲ့ မိန်းမပဲကွ ... ငါ့စကားတွေကို အမြဲတမ်း ဆန့်ကျင်နေတယ်"

"ဝုန်း"

"အိုင်း"

"မောင် ဒေါသမဖြစ်မပါနဲ့နော် ... ကျွန်မ မှားသွားပါတယ်၊ နောက်ဆို မောင်မကြိုက်တာ ဘာမှထပ်မလုပ်တော့ပါဘူး"

မောင့်မျက်ဝန်းတွေက မီးဝင်းတောက်မတတ်။ ဒေါသတွေ ထွက်ကွဲနေသဖြင့် ကြိုင် ကြောက်လာမိသည်။

"မင်းချစ်သူက မိုးသံသာဟုတ်လား ... မိုးသံသာကိုပဲ မင်းချစ်နေတာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာဖြစ်လို့လဲ မောင် … မိုးသံသာကို ကျွန်မချစ်မိတာ ဘာအပြစ်တွေ လွန်ကျူးမိလို့လဲဟင်"

"မိုးသံသာကို ချစ်နေတာကိုက အပြစ်ပဲ"

"ရှင်"

"မင်းကို ငါသတ်ပြစ်ချင်တယ် … "

"မောင်က မိုးသံသာလေ၊ ကျွန်မချစ်သူ မိုးသံသာကိုမှမချစ်ရင် ဘယ်သူ့ကိုသွားချစ်ရမှာလဲ … "

"ဖြန်း"

"အား"

"မင်း … မင်း ငါ့ကိုချစ်ရမှာကွ … ငါ့ကို … "

"ဟင် … "

"ဝုန်း"

"ဒိုင်း"

"မင်းကို ငါသတ်ပြစ်မယ်"

"မောင် … မလုပ်ပါနဲ့၊ ကျွန်မ ကြောက်လို့ပါ … မာမီရေ ကျွန်မကို လာကယ်ပါဦး … "

မောင်က ကြိုင့်ဆံပင်တွေကိုဆွဲပြီး အခန်းနံရံနှင့်တိုက်မယ်လုပ်နေ၍ ကြိုင် ရုန်းကန်ဖယ်ရှားရင်း အော်ဟစ်အကူအညီတောင်း





မိသည်။

"မာမီရေ … လာပါဦး၊ ကျွန်မ သေတော့မယ် … "

ကြိုင့်ငယ်သံပါအောင် အော်ဟစ်သံကြောင့် မာမီ ပြေးဝင်လာသည်။

"သား ဘာလုပ်တာလဲ … မလုပ်ပါနဲ့၊ တောင်းပန်ပါတယ်၊ စိတ်ကိုထိန်းပါဦး … ကြိုင်က သားချစ်တဲ့မိန်းကလေးပါ"

"ဟင်"

မာမီ့အသံကြားမှ သံစဉ် စိတ်တွေအသိဝင်လာပြီး ပုံမှန်ပြန်ဖြစ်သွားသည်။

"သား ဘယ်လိုဖြစ်ရတာလဲ … အသိရှိစမ်းပါ"

"ကြိုင်ရော … ကြိုင် … "

"ဒီမှာလေ"

ကြိုင်က နံရံမှာကပ်ပြီး ဆံပင်တွေဖွာလန်ကြဲလျက် ရှိုက်ငိုနေသည်။ သံစဉ် အသိတွေဝင်လာ၏။ သူ့အမှားကို သူသိသွားသည်။

"ကြိုင် … မောင် တောင်းပန်ပါတယ်၊ မောင် မှားသွားပါတယ် … မောင့်ကို မမုန်းလိုက်ပါနဲ့နော် … ဟင် … မင်းပါးပြင်မှာ လက်ဝါးရာတွေနဲ့ မောင် ရိုက်မိသွားလား … "

မောင့်ကို မကြည့်ချင်လောက်အောင် ကြိုင်မုန်းတီးသွားနဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရက်စက်လွန်း၏။ အပြစ်မရှိအပြစ်ရှာနေသည်ဟုလည်း ထင်သည်။

"သား ဒီမှာခဏနေခဲ့ပါ ... ကြိုင့်ကို မာမီအောက်ခဏခေါ်သွားမယ် ... သားစိတ်တွေကို ထိန်းစမ်းပါဦး ... "

ယိုင်ခွေပျော့ဖတ်နေတဲ့ ကြိုင့်ကို ဒေါ်ရီတာနွယ် ပွေ့ထူ၍ အောက်ထပ်သို့ တွဲခေါ်လာခဲ့သည်။ သားသံစဉ်ကို ဆေးတိုက်မှဖြစ်တော့မယ်။ မိသားစုဆရာဝန်နှင့် ပြရမည်ဖြစ်၏။ စိတ်တွေ ထကြွပေါက်ကွဲချင်နေသည်။

"ကြိုင်"

"ရှင်"

"မာမီ့အိပ်ခန်းထဲမှာ အနားယူလိုက်နော် ... သမီးလေးကို သနားလိုက်တာကွယ် ... သားက အချစ်ကြီးလို့ပါ"

"မာမီ"

"ပြော"

"မောင် ဘာဖြစ်တာလဲဟင် ... ချစ်သူဘဝနဲ့ လုံးဝဆန့်ကျင်ဘက်ဖြစ်နေတယ်"

"မာမီ ပြောပြီးပြီပဲ ... အချစ်ကြီးနေလို့ပါကွယ်"

"မဟုတ်သေးဘူး မာမီ ... ဦးလေးသောင်းဆီက ဖုန်းလာ





တာနဲ့ ကြိုင့်ဖုန်းကို ပေါက်ခွဲပြစ်တယ် ... မိုးသံသာဆိုတဲ့နာမည်ကြားတိုင်း မောင် ဒေါသထွက်နေသလိုပဲ"

"ကြိုင်ရယ် ... ဒီနာမည်ကြောင့် မဟုတ်ပါဘူး၊ ကြိုင်က သူ့ကို မချစ်ဘူးလို့ထင်နေတာလေ"

"ဘာတွေဖြစ်နေမှန်းတောင် မသိတော့ပါဘူး မာမီရယ် ... ကြိုင် သေပစ်ချင်တယ် ... ကြောက်တယ် ... မောင်တမင်များ ကြိုင့်ကို ညှင်းပန်းနှိပ်စက်နေတာလားပဲ"

"မာမီ တောင်းပန်ပါတယ် ... သားမှာ စိတ်တိုင်းမကျဖြစ်လာရင် ဒေါသတွေထိန်းမနိုင် သိမ်းမရပေါက်ကွဲတတ်တာမျိုးရှိတယ် မင်္ဂလာဦးညက သမီးကြောက်၍ ရှောင်ဖယ်နေတာတွေကြောင့် ဖြစ်နိုင်တယ်"

"ရှင်"

"မာမီကတော့ သားကိုသေသေချာချာမေးမြန်းမယ် ... နောက်ထပ် မဖြစ်စေရတော့ပါဘူးကွယ်နော် ... "

ကြိုင့်ရဲ့နဖူးပေါ်မှာ ဆံနွယ်တွေကို ဖယ်ရှားပွတ်သပ်ပေးရင်း ချော့မော့နှစ်သိမ့်နေမိသည်။ သားသံစဉ် ဒီလို ရုတ်တရက်ကြီး ထဖောက်လိမ့်မည်ဟု မထင်ခဲ့။ ကြိုင် သိသွားလို့မဖြစ်ဘူး။

"သမီးလေး မာမီအိပ်ခန်းထဲမှာပဲ ခဏလောက်အနားယူ



www.burmeseclassic.com

www.burmeseclassic.com



နေပါ ... မာမီ သားဆီသွားမယ်"

"ကြိုင် ပြန်သွားပါ့မယ်မာမီ ... ကြိုင့်ဘက်က အလျော့ပေးသင့်ပါတယ်၊ မောင့်သံသယတွေ ပျောက်သွားဖို့ ကြိုင်ကြိုးစားပါ့မယ်"

"လိမ္မာလိုက်တာကွယ် ... ဒီမှာ မာမီ့ဖုန်းနဲ့ကြိုင့်ဦးလေးဆီ ဖုန်းဆက်လိုက်ပါ ... မောင့်အစ်ကိုက ဖုန်းမှားကိုင်မိလို့ပါလို့ပြော၊ ကြိုင် အဆင်ပြေတယ်လို့လည်းပြော ... "

"ဟုတ်ကဲ့"

"မာမီ့အခန်းထဲကနေ ထွက်မလာနဲ့နော်ကြိုင်လေး ... သားစိတ်တွေ ပြေတဲ့အထိနေပါ ... "

"ဟုတ်ကဲ့ ... ဒါပေမဲ့လေ မာမီ ... မောင်ကလာခဲ့ရမယ်ဆိုရင် ကြိုင်လာခဲ့ပါ့မယ်၊ မောင် သတ်ချင်လည်းသတ်ပါစေ ... ကြိုင်ခံပါ့မယ်နော်"

"သမီးရယ် ... ကြိုင်လေးရယ် ... စိတ်သဘောထားဖြူစင်လိုက်တာ မာမီ့သမီးလေးအရင်းလို မာမီချစ်ပါတယ် ... ကြိုင်လေးကို မာမီအသက်ရှင်နေသရွေ့ စောင့်ရှောက်ပေးပါ့မယ်"

ဒေါ်ရီတာနွယ် အခန်းတံခါးကို အဲသေအချာပိတ်ပြီး သင်းရနံ့ကြိုင်ကို ထားခဲ့သည်။ သားသံစဉ့်အခြေအနေက မကောင်းတော့





ဘူး။ အချိန်မီ ဆေးကုသရမည်ဖြစ်သည်။ သားသံစဉ့်အခန်းထဲ ရောက်တော့ ခုတင်ပေါ်မှာ ငုတ်တုတ်လေးထိုင်နေ၏။ စိတ်တွေ တည်ငြိမ်စေရန် ကြိုးစားနေသည်။

"သား"

"မာမီ"

"မင်း သတိနဲ့ထိန်းချုပ်သင့်တယ်နော် ... ကြိုင်လေးကို သံသယဝင်နေတာပဲ သားမှားတယ်"

"သူ ... သူ မိုးသံသာကိုချစ်နေတာ မာမီ ... သံစဉ် ဘယ်လို မှခံစားလို့မရဘူး ... ဒေါသတွေက ဘယ်ကနေဘယ်လို ရောက်လာမှန်းမသိဘူး ... ကြိုင့်ကို သတ်ပစ်ချင်တယ်"

"သား ဆေးသောက်မှဖြစ်မယ်ထင်တယ် ... "

"သံစဉ် မသောက်ချင်ဘူး မာမီ ... ဘာလဲ အရူးဆေးတွေ တိုက်မှာလား ... သံစဉ့်ကို မာမီအရူးလို့ သတ်မှတ်ပြန်ပြီလား"

သားသံစဉ်ရဲ့ မျက်ဝန်းတွေက လွန်ခဲ့တဲ့သုံးလေးနှစ်ခန့်က ကြောင်စီစီ မျက်ဝန်းတွေပြန်ဖြစ်လာ၍ ဒေါ်ရီတာနွယ် စိုးရိမ်ထိတ်လန့်လာရသည်။ အချိန်မီ ထိန်းအုပ်မှဖြစ်မယ်။ သားသံစဉ့်စိတ်တွေ ပုံမှန်ပြန်ရောက်သွားပြီဟု မိမိထင်မိတာ မှားသွား၏။ သဘာဝကို ဆန့်ကျင်လုပ်ဆောင်မိခဲ့တဲ့ မိမိရဲ့အတ္တပါ။

"သားက ကြိုင့်ကိုချစ်တယ် မဟုတ်လားကွယ် ... သားချစ်-



www.burmeseclassic.com

www.burmeseclassic.com



တဲ့မိန်းကလေးကို ဘာဖြစ်လို့များ နှိပ်စက်ညှင်းပန်းချင်ရတာလဲ၊ ကြိုင်က ဘာမှမသိရှာဘူးလေ ... ကြိုင်သိတာ မိုးသံသာကိုပဲလေ”

သံစဉ် လွန်တယ်။ ကြိုင့်ကို သံသယတွေနဲ့ သဝန်ကြောင်ပြီး ရန်ရှာမိသည်။ မလုပ်သင့်ဘူး။ တစ်ခါတရံမှာ သူ့စိတ်တွေ ထိန်းချုပ်လို့မရအောင် ပေါက်ကွဲကာ ကြိုင့်ကို နှိပ်စက်ညှင်းပန်းမိသည်။

“မာမီ”

“သားရယ်”

“သံစဉ် ဆေးသောက်ပါ့မယ် ... စိတ်ငြိမ်ဆေးတွေသောက်မှဖြစ်မယ်ထင်တယ် ... ကြိုင်နဲ့သင့်သင့်မြတ်မြတ် ချစ်ချစ်ခင်ခင် နေထိုင်ချင်ပါတယ်”

“အဲဒီလိုမှပေါ့ ... သားက လိမ္မာတယ်၊ ဆေးဝါးကုသမှုခံယူရမယ်နော်”

“အင်း”

“သင်းရန့်ကြိုင်ကို ခဏလောက် မေ့ထားလိုက်ပါ ... ဆေးလေးကို အရင်ဆုံးသောက်ရမယ်နော် သား ...”

“သောက်မယ် မာမီ ... သံစဉ် စိတ်ငြိမ်မှဖြစ်မယ်၊ ကြိုင်နဲ့ဝေးရမှာကို သားသံစဉ် အရမ်းကြောက်တယ် မာမီ ...”

“သားစိတ်တွေကို ထိန်းချုပ်လိုက်ပါ ... ကြိုင်လေးမှာအပြစ်မရှိပါဘူးနော် သား ...”





ဒေါ်ရီတာနွယ် ချော့မော့ပြီး အိပ်ဆေးတွေ တိုက်လိုက်ရသည်။ သားသံစဉ် တဖြည်းဖြည်းမျက်လုံးတွေ မှေးစင်းပြီးအိပ်ပျော်သွား၏။ သားသံစဉ့်ကိုကြည့်ပြီး ဒေါ်ရီတာနွယ် စိတ်ထိခိုက်ကြေကွဲရလွန်းသဖြင့် မျက်ရည်တွေတောင် စီးကျလာသည်။

“သားသံစဉ်ရယ် ... မာမီ မခံစားနိုင်တော့ပါဘူး၊ သားကို အရူးဘဝအထိ သွတ်သွင်းထားခဲ့တာ မာမီပါ ...”

သားသံစဉ် စိတ်ကစဉ့်ကလျား ဖြစ်ပါများလာတော့ မိမိကိုယ်တိုင် လူမြင်ကွင်းကနေ ထုတ်ဖယ်ထားလိုက်သည်။ လူမသိအောင် လျှို့ဝှက်ထားခဲ့၏။ တိုက်ကြီးထဲကနေ မထွက်စေခဲ့။ ပညာသင်တာလည်း လူယုံတွေနှင့် တိုက်ကြီးထဲမှာပဲ သင်စေခဲ့သည်။ သားသံစဉ်က အလိုမကျတိုင်း မာမီကိုယ်တိုင် သံစဉ့်ကို အရူးဘဝရောက်အောင်ပို့ထားတာဟု အော်ဟစ်ဆူပူသောင်းကြမ်းတတ်သည်။

“မာမီ့ကို ခွင့်လွှတ်ပေးပါ သားရယ် ... မာမီ့အတ္တတွေအတွက် မာမီဖြေလို့မရအောင် နောင်တတွေရနေပါတယ်”

သားသံစဉ် အိပ်ပျော်သွားသည်နှင့် သားသံသာ့ကိုခေါ်၍ အလုပ်သမားတွေနှင့် အခန်းပြောင်းပြစ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

"သားသံသာ တရက် နှစ်ရက်တော့ သားသံစဉ်နေရာမှာ အစားထိုးနေရလိမ့်မယ် ထင်တယ်"

"ဗျာ"

"သားသံစဉ့်အခြေအနေက သိပ်မကောင်းဘူး … ဆေးခန်းပြရဦးမယ် … အရမ်းကြီးဖောက်သွားမှာလည်း ကြောက်ရတယ်လေ ကြိုင်လေးမရိပ်မိအောင်တော့ နေပြမှဖြစ်မယ်ကွယ် … "

သံသာ အထိတ်တလန့်ဖြစ်သွားရသည်။ တကယ်ဆို ကြိုင်က သံသာနှင့်တရားဝင် လူသိရှင်ကြား လက်ထပ်ထားခဲ့ပေမယ့် သံစဉ်ရဲ့ တရားဝင်ဇနီးမယား ဖြစ်နေ၏။ ကြိုင်က သူ့ရဲ့မရီးနေရာ ဖြစ်သည်။

"အဲဒီလိုတော့ သံသာမလုပ်နိုင်ဘူး မာမီ … ကြိုင်က သံသာ





နဲ့ လက်ထပ်ထားပေမယ့် သံစဉ့်ဇနီးပဲ"

"သံသာနဲ့ကြိုင်တို့ကမှ တရားဝင်ရုံးတော်မှာ လက်ထပ်ထားကြတာပါ … ဟန်ဆောင်နေပေးပါ၊ သားသံစဉ်နဲ့မဖြစ်ဘူး"

"သံစဉ်က … "

"ဆေးကုသနေတဲ့ ခဏလေးပါ … မတတ်နိုင်တော့ဘူးလေ မာမီတို့ဘာလုပ်မလဲ … မထူးဇာတ်ဘဲ ခင်းကြရလိမ့်မယ်၊ ကြိုင်လေးကို သနားတယ် … သိသွားလို့မဖြစ်ဘူး၊ မာမီဆန္ဒကတော့ ဖြစ်နိုင်ရင် သားသံသာပဲ နေရာမှန်ပြန်နေပါ … "

"မဟုတ်တာဘဲ မာမီ … အဓိပ္ပာယ်မရှိတာ၊ ကြိုင့်ကို ရှုံရာမသဒီတာ မဟုတ်ပေမယ့် သံစဉ်က လက်ခံမလား"

"အခြေအနေအရပဲ သားရယ် … သံစဉ့်ကို မာမီထိန်းချုပ်လိုက်ချင်တယ်"

"မဖြစ်နိုင်သေးဘူး မာမီ … စောင့်ကြည့်ရအောင်ပါ၊ ကြိုင့်အတွက် အနီးကပ်စောင့်ရှောက်ပေးရမယ် မာမီ … "

"အခြေအနေအရပဲ သားသံသာပဲ ခဏလောက်ဝင်ပေးပါ"

သားသံစဉ်က စိတ်မချရ။ ကြိုင့်ရဲ့ အသက်အန္တရာယ်ပါ စိုးရိမ်ရသည်။ ဒေါ်ရီတာနှယ် လူမဆန်တာတွေ ဘာတွေမစဉ်းစားနိုင်။ အခြေအနေအရ ကြိုင်လေးမရိပ်မိစေရန် လုပ်ရတော့မည်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကြိုင့်ဘက်က အရမ်းပဲထိခိုက်နစ်နာနေရှာပြီ သားသံသာရယ် ... မင်းရဲ့ကိုယ်ကျင့်တရားတွေကို မာမီယုံကြည်လို့ပါ"

ကြိုင်ရယ် ... မင်းနဲ့မောင်တို့အဖြစ်က ဆိုးလွန်းပါတယ်။ မောင့်အမှားတွေပါ။ ကြိုင့်ကို အနီးကပ်မောင် စောင့်ရှောက်ပေးချင်တယ်။ မလွဲသာမရှောင်သာတော့သဖြင့် သံသာလက်ခံလိုက်ရပြန်သည်။

"မာမီ အခန်းထဲမှာ ကြိုင်ရှိနေတယ် ... သားသံသာ ဝင်ခေါ်လိုက်နော်၊ ဒီမှာ သားသံစဥ်ကို မာမီထိန်းထားမယ် ... အိပ်ဆေးအရှိန်နဲ့ တစ်ပတ်လောက် အိပ်စက်ရဦးမှာပါ"

"ဟုတ်ကဲ့ပါ မာမီ ... သံသာ အတတ်နိုင်ဆုံး မာမီ့ဆန္ဒတွေကို ဖြည့်ဆည်းပေးပါ့မယ်"

"သားသံသာရယ်"

မာမီ့ကိုလည်း မငိုကျွေးစေလိုပေ။ သံသာ ငယ်စဥ်လေးထဲက မာမီ့ကို စိတ်သောကမရောက်စေချင်၍ သံစဥ် အနိုင်ကျင့်နှိပ်စက်သမျှ သည်းခံပေးခဲ့သည်။ မာမီ့အိပ်ခန်းရှေ့ သံသာ ရောက်လာ၏။ ခြေလှမ်းတွေက တုန့်ခနဲ ရပ်သွားသည်။ အထဲမှာ ကြိုင်ရှိနေတယ်။ ပြီးတော့ ... သံစဥ့်ဇနီး ရင်ထဲမှာ စူးရှနာကျင်ရ၏။ မဖြစ်





မနေ လုပ်ဆောင်ရမည့် အခြေအနေဖြစ်၍လည်း သံသာစိတ်ကို တင်းထားလျက် အခန်းထဲဝင်လိုက်သည်။

"ဟင် ... မောင် ... "

"ကြိုင် ... "

ကြိုင့်နဖူးမှာ ဒဏ်ရာတွေ့လိုက်သဖြင့် သံသာစိတ်ပူပြီး ကြိုင့်အနားရောက်သွားကာ စိုးရိမ်တကြီး ပွေ့ဖက်ထားမိသည်။

"မောင် တောင်းပန်ပါတယ် ... မောင် ဘာဖြစ်လို့များ ဒေါသတွေ ပေါက်ကွဲသွားရလဲမသိဘူး ... ကြိုင့်ကို ဒဏ်ရာရအောင်လုပ်မိတယ်ကွာ"

"ရပါတယ် မောင်ရယ် ... ကြိုင့်ဘက်ကလဲ မှားပါတယ်"

"ထနော် ကြိုင် ... မောင်တို့အခန်း ပြန်သွားကြမယ်"

"ဟုတ် ... အား ကျွတ် ကျွတ် ... "

"ဟင် ... ကြိုင် ဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ပါဘူး မောင် ... နည်းနည်းလေးနာသွားတယ်၊ ရပါတယ်နော် ... "

မောင့်ကြောင့် ကြိုင် အနှိပ်စက်ခံရတာပါ။ သနားစရာကောင်းလိုက်တဲ့ကြိုင်။ မောင် စောင့်ရှောက်ပေးပါ့မယ် ကြိုင်ရယ်။ အိပ်ခန်းထဲပြန်ရောက်လာသည်။ တစ်ခန်းလုံး ပစ္စည်းတွေပြန့်ကျဲ



www.burmeseclassic.com

www.burmeseclassic.com



နေတာကို ဒေါ်ဒေါ်ကြီးက ရှင်းလင်းပေးနေ၏။ ကြိုင်က အားနာနေသည်။

"ထားလိုက်ပါ ... ဒေါ်ဒေါ်ကြီး ကြိုင်လုပ်ပါ့မယ်"

"ကလေးမ အနားယူပါကွယ် ... အားမနာပါနဲ့ လိုအပ်တာလည်းပြောပါ ... ပြီးပါပြီ ... ဒေါ်ဒေါ်ကြီး သွားမယ်နော်"

ဒေါ်ဒေါ်ကြီးက အခြေအနေအမှန်တွေကို သိထားသူဖြစ်သည်။ ကြိုင့်ကိုလည်း သနားနေ၏။ သံသာ စိတ်ထိခိုက်ကြေကွဲစွာဖြင့် ကြိုင့်ခန္ဓာကိုယ်လေးအား ထိန်းမတ်ကာ အိပ်ရာပေါ်လှဲချပေးလိုက်သည်။

"မောင်"

"ဟင် ... ကြိုင် ... "

"ကြိုင်လေ ... ဘာဖြစ်လို့မှန်းမသိပါဘူး၊ မင်္ဂလာဦးညမှာ မောင့်ကို အရမ်းကြောက်ရွံ့ပြီး ရုန်းဖယ်ငြင်းဆန်ခဲ့မိတယ် ... ကျွန်မအမှားတွေပါ ... ကျွန်မ တောင်းပန်ပါတယ်နော်"

"တောင်းပန်စရာ မလိုပါဘူး ကြိုင်ရယ် ... မောင်လည်းမှားခဲ့တာပဲ ... ကြိုင့်ကို ဒီလောက်အထိ အကြမ်းဖက်လုပ်ဆောင်စရာမှမလိုတာဘဲ ... မောင့်ဒေါသတွေကို ထိန်းရတော့မယ်"

"မောင်ရယ်"



ကြိုင် နားမလည်နိုင်အောင်ဖြစ်ရတာက မောင်ရဲ့ပွေ့ဖက်မှုတွေကို ရင်တဒိန်းဒိန်းခုန်အောင် လှိုက်ဖိုခံစားလာရသည်။

"ကျွန်မလေ ... မောင် အရမ်းအံ့ဩမိတာက အခုရင်တွေလှိုက်ခုန်လာတယ် ... အဲဒါကလေ မောင့်ဘက်ကလည်း နူးညံ့မှုတွေနဲ့ ပြောင်းလဲလာလို့ထင်တယ်နော် ... ကျွန်မ တောင်းပန်ပါတယ်မောင်ရယ် ... ကျွန်မ လိုအပ်တာတွေကို မောင်ပြောပြပါ၊ မောင့်ကို ကျွန်မ အရမ်းချစ်တယ်ဆိုတာ မောင်ယုံပေးပါ ... "

ခက်နေတာက သူကသံစဉ် မဟုတ် သံသာဖြစ်နေသည်။ ချစ်သူကိုပင် ချစ်ပိုင်ခွင့်မရှိတဲ့ဘဝပါ။ ကြိုင်က သူ့ရင်ခွင်ထဲတိုးဝင်လာခဲ့ပေမယ့် သူ့လက်မောင်းတွေမှာ တုန့်ပြန်ပွေ့ဖက်ဖို့ ခွန်အားတွေမဲ့နေ၏။ ငြိမ်သက်နေမိသည်။

"မောင် ဘာဖြစ်လို့ ငြိမ်သက်နေရတာလဲ ... ကျွန်မကို စိတ်ဆိုးသွားတာလား၊ ဘာဖြစ်လို့လဲ မသိဘူး ... မောင့်ဘက်က တိတ်ဆိတ်ငြိမ်သက်နေပြန်တော့လည်း ကျွန်မစိတ်ပူလာရတယ်"

မောင့်မျက်နှာလေးပေါ်အနှံ့ သူမလက်လေးနှင့်ပွတ်သပ်၍ ကြိုင် တောင်းပန်စကားတွေ ပြောမိနေသည်။

"ကျွန်မကိုယ်ကျွန်မလည်း လုံးဝနားမလည်နိုင်တော့ဘူး၊ အခုချိန်မှာ ကျွန်မနှလုံးသားတွေ အရမ်းလှုပ်ခတ်နေတယ်၊ ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



သက်နေခဲ့တဲ့ နှလုံးသားတွေ ပြန်အသက်ဝင်လှုပ်ရှားလာသလိုပဲ၊ မောင် မပြောင်းလဲသွားပါနဲ့ ... ဒီအတိုင်းလေးပဲ နေပေးပါနော်"

မောင်က မင်းလက်ထပ်ခဲ့တဲ့ ချစ်သူမိုးသံသာပါ။ နှလုံးသား ချင်းသိနေတာပဲ ဖြစ်နိုင်သည်။

"မောင်"

"ဟင်"

"မောင်ကလေ ကျွန်မကို အမြဲတမ်းနမ်းခိုင်းတယ်၊ ကျွန်မက လည်းငြင်းတယ် ... ဘာဖြစ်လို့မှန်းမသိပါဘူး ... အခုတော့ မောင့် ကို ကျွန်မ နမ်းမယ်နော်"

"ကြိုင် ... မနမ်းပါနဲ့၊ ကြိုင့်မှာ ဒဏ်ရာကြီးနဲ့ပါ၊ ရတယ် ... မောင့်အနားမှာပဲ အသာလေး အနားယူနေပါ"

ကြိုင် နမ်းမှာကို သံသာအထိတ်တလန့်ဖြစ်ရသည်။ စိတ် တွေက မလုံပေ။ ကြိုင်က သူ့ရဲ့မရီး။ ကြိုင့်ကို ဖက်ထားရတာပင် သံသာ တွန့်ဆုတ်ချင်နေ၏။ ကြိုင် ရင်ခုန်နေတာ ကြိုင့်ချစ်သူအစ် ဖြစ်နေ၍ ဖြစ်သည်။

"ကျွန်မကိုလေ မောင်က ချစ်တယ်လို့အတင်းအကျပ် ပြော ခိုင်းတုန်းက ကျွန်မ လုံးဝကိုမပြောချင်ခဲ့ဘူး၊ မုန်းတယ်လို့ပဲပြော ချင်တာ ... စိတ်တွေရဲ့ပြောင်းလဲမှုက ကြောက်စရာကြီးပဲ"





မောင်က အရင်ကကဲ့သို့ ကြမ်းကြမ်းရမ်းရမ်းကြီးမချစ်တော့ နူးညံ့သိမ်မွေ့မှုတွေကြောင့် ကြိုင် ချစ်ရသည်။

"မောင် ဒီလိုလေးပဲ နူးနူးညံ့ညံ့လေး နေပေးပါနော် ... ကျွန်မ အရမ်းကြောက်လို့ပါ"

"ကြိုင် အိပ်တော့နော် ... ဒဏ်ရာနဲ့မို့ အနားယူနေပါ"

"ကြိုင့်ဒဏ်ရာက ဘာမှမဖြစ်ပါဘူး ... မာမီကပြောတယ်၊ တစ်ခါတလေ မောင့်စိတ်တွေ အလိုမကျလာရင် ဒေါသထွက်တတ် တယ်တဲ့၊ ကျွန်မလည်း မှားပါတယ် ... မင်္ဂလာဦးရက်တွေမှာ ကျွန်မ အရမ်းပဲရုက်ကြောက်နေခဲ့တယ်လေ ... မောင် ပေါက်ကွဲမှာပေါ့၊ နောက်ဆို အဲဒီလိုမဖြစ်စေရပါဘူး ... ပြီးတော့လေ ကျွန်မက မိုး သံသာကိုချစ်တယ်လို့ပြောတိုင်း ဒေါသထွက်တယ် ... မောင် ဘာဖြစ်ရတာလဲ ... ကျွန်မချစ်တာ မိုးသံသာကိုပဲလေ ... "

ကြိုင်က မိုးသံသာကိုချစ်တယ်ပြောလေ သံစဉ်က ဒေါသ ပေါက်ကွဲလေဖြစ်မှာပါ။ သံစဉ်စိတ်က ငယ်စဉ်လေးမှာပင် မကျေ နပ်ချက်တွေ စုပြုံလျှက် ဒေါသထွက်နေတတ်သည်။ သံစဉ်မှာ သံသယတွေ ရှိနေခဲ့၏။ သံစဉ်က မိုးသံသာမှ မဟုတ်တာဘဲ။

"အခု မောင့်စိတ်တွေအေးချမ်းတည်ငြိမ်နေလို့လေ ... ကျွန်မ မေးကြည့်တာပါ၊ ဦးလေးသောင်း ဖုန်းဆက်တာ ဘာဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကိုပေါက်ခွဲပြစ်ရတာလဲ ... ကျွန်မဖုန်းကိုလည်း သိမ်းပြစ်တယ်"

"ဟင်"

"အမျိုးတွေနဲ့ ပတ်သက်တာမကြိုက်ဘူးတဲ့ ... ဦးလေး သောင်းဆီ တစ်ရက်လောက်သွားသင့်ပါတယ်နော် ... လုပ်ငန်းတွေကို မောင်ပဲ အကြံပေးလုပ်စေခဲ့တာလေ"

သံစဉ် တော်တော်ဆိုးတာပဲ။ ကြိုင် နှိပ်စက်ခံနေရတာ သူသိလာရသည်။

"မောင့်စိတ်တွေ လွတ်သွားတာပါ ... ကြိုင်က ကြောက်ပြီး ငြင်းဆန်ရုန်းဖယ်နေလို့ပါ ... မောင်တို့ ဦးလေးသောင်းဆီ သွားကြမယ် ... ကြိုင့်ဒဏ်ရာပျောက်မှနော်"

"အင်း ... အဲဒီလောက် အရေးမကြီးပါဘူးမောင်၊ ကျွန်မ ဘယ်လိုပဲနေရ နေရပါ"

"ကြိုင် အိပ်တော့နော်"

"အင်း"

ကြိုင့်ကို သံသာ မထိရဲ မတို့ရဲ။ သံစဉ်ကြောင့်ပါ။ လူမဆန်တဲ့အလုပ်မျိုးကို သံသာ ထပ်ပြီးမလုပ်ချင်။ သနဲ့သနဲ့လေး နေချင်၏။ ကြိုင် အိပ်စက်ဖို့ပဲပြောသည်။

"ကြိုင့်ကို နာကျင်အောင် မောင်မလုပ်တော့ပါဘူး၊ ကြိုင်ရယ် ... မောင် ဘယ်လိုတောင်းပန်ရမလဲ ... မောင်ရက်စက်မိတာပါ"

ကြိုင့်ကို တိုးတိုးတိတ်တိတ်လေး တောင်းပန်နေမိသည်။ ရှေ့ဆက်ပြီး ဘာတွေဖြစ်လာမလဲဆိုတာလည်း သံသာ မစဉ်းစားချင်ပေ။ ချစ်သူအား အတူတူယှဉ်တွဲအိပ်စက်နေရတာပင် စိတ်တွေမလုံမလဲနှင့် ထထိုင်ချင်ခဲ့သည်။

"ကြိုင် တစ်ခုခုကို ရိပ်မိသွားလို့မဖြစ်ဘူးနော် ... သားသံသာ အတတ်နိုင်ဆုံး လျှို့ဝှက်ထားရမယ်"

မာဗိုစကားတွေကို သံသာပြန်၍ ကြားယောင်လာကာ သက်ပြင်းမောကြီးက ရင်ဝမှာ လာတစ်ဆို့နေသည်။ ကြိုင် အိပ်ပျော်သွား၏။ သံသာ့ခန္ဓာကိုယ်ကို သိုင်းဖက်ထားတဲ့ လက်တွေကို ဖယ်ရှားပစ်လိုက်သည်။

"ကြိုင်ရယ် ... မောင့်စိတ်တွေ မလုံဘူး ... ကြောက်နေတယ်ကွာ၊ ကြိုင့်ကို နမ်းဖို့တောင် မောင်သတ္တိမရှိဘူး ... သံစဉ် မိန်းမဖြစ်နေလို့ပါ"

ကြိုင့်မျက်နှာလေးက အပြစ်ကင်းမဲ့စွာ ချောမောအိစက်နေသည်။ စိတ်သဘောထား ပြည့်စုံတဲ့မိန်းကလေးပါကွာ။ သံသာချစ်မြတ်နိုးရတဲ့ ချစ်သူ။





ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မောင်နေခွင့်ရှိတာက ကြိုင့်ဘေးနားမှာ တစ်ပတ်လောက် ပဲထင်တယ် ... မောင် အတတ်နိုင်ခုံး ကြိုင့်ရဲ့ပျော်ရွှင်ချမ်းမြေ့မှုကို ဖြည့်ဆွမ်းပေးမှာပါ"

အဓိက ကြိုင့်အပေါ် ဇနီးမယားတစ်ယောက်ကဲ့သို့ သံသာ မဆက်ဆံနိုင်ခြင်းဘဲဖြစ်သည်။ အကြောင်းတစ်ခုခုပြပြီး သံသာငြင်း ဆန်ရမှာ ဘယ်လောက်အထိ မွန်းကျပ်နေရမလဲ။ စိတ်မောစွာ ထလိုက်သည်။ သူအပြင်ထွက်လာခဲ့၏။ မာမီနှင့် ဆုံသည်။

"သားသံစဉ် အိပ်နေတုန်းပဲကွယ် ... စိတ်က မူမမှန်သေး ဘူး၊ မနက်ဖြန် မိသားစုဆရာဝန် လာကြည့်မယ် ... သားသံသာရဲ့ စိတ်တွေ ဘယ်လောက်အထိ မွန်းကျပ်နာကျင်နေရှာမလဲ၊ မာမီ သနားလိုက်တာ"

"သံစဉ်အပေါ် သံသာ သစ္စာစောင့်တည်ရမှာပါ၊ သံစဉ် အမြန်ဆုံးပြန်ပြီး နေကောင်းသွားပါစေလို့ပဲ ဆုတောင်းပါတယ်"

"မလွယ်သေးဘူးထင်တယ် ... မာမီတို့အမှားပါ၊ ကြိုင်လေး ကို မျက်နှာပြဖို့တောင် မာမီ ရှက်နေတယ်"

"လုပ်ပြီးမှတော့ ဆက်ပြီးရင်ဆိုင်ရမှာပဲမာမီ ... သံစဉ်ကိုသာ ဂရုစိုက်ထားပါ"

"သားသံသာလည်း စိတ်မထိခိုက်ပါနဲ့ ... မာမီတို့ သားအမိ





တွေရဲ့ဘဝကံကြမ္မာပဲကွယ် ..."

သံစဉ်နဲ့အခြေအနေကို သံသာသွားကြည့်တော့ အိပ်စက်နေ တဲ့မျက်နှာပေါ်မှာ သောကတွေနှင့် ဝိန်ချုံးနေသည်။ သံစဉ်က အအိပ်အစားပျက်လို့မရဘူး။ စိတ်တွေတဖြည်းဖြည်းပြန်၍ဖောက် လာနေ၏။ သံစဉ်ကိုတွေ့တော့လည်း စိတ်ထိခိုက်ကြေကွဲရသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၆ )

"မိုးသံစဉ် ... မင်းဘာဖြစ်နေလဲ၊ စိတ်ကိုတည်ငြိမ်အောင် ထိန်းချုပ်ပါ ... ဆရာ့ကို မှတ်မိလား"

သံစဉ့်မျက်ဝန်းတွေ ဖျတ်ခနဲ ပွင့်သွားပြီး တစ်စုံတယောက်အား တွေ့ချင်ဇောဖြင့် ပတ်ဝန်းကျင်ကို လှည့်ပတ်ရှာဖွေနေသည်။

"မင်း ဘယ်သူ့ကိုရှာနေတာလဲ မိုးသံစဉ် ... မင်းစိတ်ထဲမှာ ဘာတွေဖြစ်နေလဲ ... ဆရာ့ကိုပြောပြပါ"

"သံစဉ် ... သံစဉ် တွေ့ချင်နေတာက ကြိုင့်ကိုပါ ... သံစဉ် ဘယ်ရောက်နေတာလဲ ကြိုင်ရော ... "

ကြိုင် ... သံစဉ့်မိန်းမ ကြိုင် ဘယ်မှာလဲ။ တွေ့မှဖြစ်မယ်။ ကြိုင်ရော ... ဒေါက်တာက ဘာဖြစ်လို့ သံစဉ့်ဆီလာရတာလဲ။ သံစဉ် နေမကောင်းပြန်ဖြစ်တာ ဖြစ်နိုင်သည်။





"မင်းစိတ်တွေကို ထိန်းချုပ်ထားနိုင်မှ ကြိုင့်ကိုတွေ့ရမယ်၊ အဲဒါကိုသိထားပါ ... မင်းစိတ်တွေထဲမှာ ဘာဖြစ်နေလဲ ပြောပါ"

"ကြိုင့်ကိုတွေ့ချင်တယ် ... မိုးသံသာကိုချစ်နေတဲ့ သင်းရနံ့ကြိုင်ကို သတ်ပစ်ချင်တယ် ... မိုးသံစဉ်ကိုမှ မချစ်တာ"

"မဟုတ်သေးဘူးလေ ... မိုးသံစဉ်ဆိုတဲ့လူကိုမှ သင်းရနံ့ကြိုင်က မသိတာ ... မိုးသံသာကိုပဲ သိတာလေ"

"အဲဒါ သံစဉ် လက်မခံနိုင်ဘူး၊ မိုးသံသာကို ဘာဖြစ်လို့ ချစ်တယ်ပြောရမှာလဲ ... "

"မိုးသံသာလေ ... မင်းကိုချစ်တယ်လို့ သင်းရနံ့ကြိုင်က ပြောနေတာပါ"

"မဟုတ်ဘူး ... သင်းရနံ့ကြိုင်ချစ်တာက မင်းကိုပါ"

"အား ... သံစဉ်ခေါင်းတွေ အရမ်းကိုက်လာပြီ ဒေါက်တာ၊ သံစဉ့်ရောဂါ ပြန်ထလာတာလား၊ ကြိုင် ဘယ်မှာလဲ ... သံစဉ် သွားရမယ် ... အမလေး ကျွတ် ... ကျွတ် ... "

"မင်းပြန်အိပ်လိုက်ဦး မိုးသံစဉ် ... မင်းခေါင်းကိုက်နေတာ မဟုတ်လား ... ဆေးထိုးပေးမယ်"

"ကျွန်တော့်ကို ဘာဖြစ်လို့ အိပ်ဆေးတွေထိုးပေးနေတာလဲ၊ ကြိုင့်ဆီသွားရမယ် ... ကျွန်တော် အိပ်နေလို့မဖြစ်ဘူး သွားမယ်



www.burmeseclassic.com

www.burmeseclassic.com



… ကျွန်တော့်ကို ဆေးမထိုးနဲ့ … ”

သံစဉ် အော်ဟစ်ရုန်းထနေစဉ်မှာပင် ဒေါက်တာက ဆေး ထိုးပြီးသွားသည်။

“မိုးသံသာနဲ့ကြိုင်တို့ ဖောက်ပြန်ကြတော့မယ် … ကြိုင်က မိုးသံသာကိုပဲ ချစ်တာတဲ့၊ အား … သံစဉ်သွားမှဖြစ်မယ်”

သံစဉ့်အသံတွေက တဖြည်းဖြည်းနှင့် တိုးတိတ်လျက် ငြိမ် သက်သွားသည်။

“ဒေါက်တာ … အခြေအနေက ဘယ်လိုလဲ”

“သင်းရနံ့ကြိုင်အနားကို ပို့လို့မဖြစ်သေးဘူး မရီတာ … စိတ် မချရဘူး”

“ဒေါက်တာရယ် ကယ်ပါဦး … ကျွန်မသားကြီး … ”

“သံစဉ့်စိတ်တွေက သံသယတွေနဲ့ မကျေနပ်ချက်တွေများ နေတယ်၊ စိတ်ကဖောက်ပြန်ချင်နေတယ် … မိုးသံသာနဲ့ကြိုင့်ကို စွပ်စွဲပုတ်ခတ်နေပြီး ကြိုင့်အသက်အန္တရာယ်ကို ရန်ပြုနိုင်တယ် … အိပ်နေမှဖြစ်မယ် … ဆေးဝါးကုသမှု ခံယူရဦးမယ် မရီတာ”

ဒေါက်တာက မိသားစုဆရာဝန်ဖြစ်နေ၍ မိမိတို့အတွင်းရေး တွေအားလုံး သိနေသည်။ သားသံစဉ် စိတ်တွေငြိမ်သက်နေတဲ့ ကာလတွေမှာ ဒေါက်တာနှင့်အဆက်အသွယ်ပြတ်ကာ ဒေါက်တာ





ကိုပင် မတိုင်ပင်မိ။

“မရီတာတို့မှားတယ် … မိုးသံစဉ်ကို ပိုပြီးနှိပ်စက်သလို ဖြစ် ရတယ် … သင်းရနံ့ကြိုင်သိသွားရင်လည်း ယုတ်မာရက်စက်တယ် လို့ သတ်မှတ်မှာ သေချာတယ်လေ”

“ဟုတ်ပါတယ် ဒေါက်တာ … တကယ်လို့ ငြင်းဆန်မယ်ဆို ရင်လည်း သားသံစဉ် စိတ်တွေ မကျေနပ်ချက်တွေနဲ့ အသက် အန္တရာယ် ဖြစ်သွားမှာလည်း စိုးရိမ်ပြီး လုပ်ပေးလိုက်မိပါတယ် ဒေါက်တာ”

“စိတ်က မူမမှန်သေးဘူး … ဆေးဝါးကုသမှု လိုအပ်တယ်၊ အကောင်းဆုံးက သင်းရနံ့ကြိုင်ကို အသိပေးပြီး နားလည်မှုယူသင့် တယ်လို့ထင်တယ်”

“မဖြစ်နိုင်ပါဘူး ဒေါက်တာ … ဒါက လူမဆန်တဲ့လုပ်ရပ် တစ်ခုဖြစ်နေလို့ ကြိုင်လေးသာသိသွားရင် ကျွန်မတို့ကို မုန်းတီးရွံရှာ သွားမှာပါ … မဖြစ်ဘူး”

ဒေါ်ရီတာနွယ် တုန်လှုပ်ချောက်ချားလာရကာ အပြင်း အထန် ငြင်းဆန်မိသည်။

“မရီတာတို့ဘက်က ကြည့်ရင်လည်း အရှမ်းအရှက်ကွဲထိခိုက် နာကျင်ရမယ့်ကိစ္စပါ … ကိုယ်က ဆရာဝန်တစ်ယောက်အနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



မိုးသံစဉ်ကို ဆေးဝါးနဲ့ပဲ ကုသပေးနိုင်မယ်လေ ... ဒီကိစ္စက လွယ်မယောင်နဲ့ခက်တယ်"

"ရီတာတို့ကို ကူညီပါဒေါက်တာ ... တောင်းပန်ပါတယ်နော်၊ ဆေးဝါးကုသမှုကို တာဝန်ယူပေးပါ ... ကျန်တာတွေကို ရီတာ စောင့်ရှောက်သွားပါ့မယ်"

"အင်းလေ ... ဖြစ်ပြီးမှတော့ ဘာတတ်နိုင်မှာလဲ၊ လုပ်နိုင်သလောက်လုပ်ရမှာပဲ ... သံစဉ်ကို အနီးကပ်စောင့်ကြည့်ထားပါ။ မိုးသံစဉ် ရင်ထဲမှာက မကျေနပ်ချက်တွေ အရမ်းများနေတယ်"

ဒေါက်တာ ပြန်သွားမှ သားသံစဉ့်အနားကပ်၍ အသေအချာကြည့်မိရင်း မျက်ရည်တွေ လိမ့်ဆင်းကျလာသည်။

"မာမီ့ကြောင့်ပါ သားသံစဉ်ရယ် ... မင်းရဲ့အနာဂတ်တွေကို မာမီ ဖျက်ဆီးပြစ်လိုက်တာပါ ... မင်းကို လူတောထဲမတိုးအောင်ပဲ မာမီပဲမှားယွင်းစွာ ဆုံးဖြတ်ပြီး သီးခြားခွဲထားလိုက်မိတာပါ"

သားသံစဉ် ခေါင်းကိုထိသွားပြီး စိတ်တွေ ဂယောက်ဂယက်ဖြစ်ထဲက မိမိထိတ်ထိတ်လန့်လန့်နှင့် မိမိသား ရူးနေသည်ဟု အပြောမခံချင်၍ ပတ်ဝန်းကျင်နှင့် အဆက်အသွယ်ဖြတ်တောက်ပစ်လိုက်၏။ နယ်ကနေ ရန်ကုန်ကိုပြောင်းရွှေ့လာခဲ့ကာ ဇာတ်မြှုပ်ထားလိုက်သည်။





"သားသံစဉ် စိတ်ချမ်းသာပျော်ရွှင်ဖို့ မာမီအစွမ်းကုန်ဖြည့်စွမ်းပေးခဲ့ပါတယ် ... မာမီ့ဂုဏ်သိက္ခာတွေ ထိခိုက်ပွန်းပဲ့သွားပါစေ၊ သားသံသာ့အပေါ် ဘယ်လောက်ပဲ မတရားပါစေ မာမီဘက်လိုက်ခဲ့တယ် ... အခုတော့ မာမီဘယ်လိုဆက်လုပ်ရတော့မလဲ သားသံစဉ်ရယ် ..."

မျက်ရည်တွေ တလိမ့်လိမ့်ကျလာရုံကလွဲပြီး ဘာမှမတတ်နိုင်။ ဆိုးဝါးလွန်းတဲ့ အခြေအနေတွေ ဖြစ်လာသည်။

"သားကြီး ဝိန်သွားတယ် ... ကြိုင့်အတွက် သားစိတ်သောကတွေ ခံစားခဲ့ရတယ် ... ချောမောခန့်ညားတဲ့ သားသံစဉ်ရဲ့ရုပ်သွင်က အိုမင်းရင့်ရော်သွားသလိုပဲ"

သားသံစဉ်ရဲ့မျက်နှာလေးကို ထိတွေ့ပွတ်သပ်လျက် တတွတ်တွတ်ပြောဆို တောင်းပန်နေမိသည်။ စိတ်ထိခိုက်ကြေကွဲရ၏။ မိမိခင်ပွန်းရ ကံကောင်းခဲ့ပေမယ့် စောစီးစွာကွယ်လွန်သွားခဲ့၍ မိမိတစ်ယောက်ထဲ သားအမွှာနှစ်ယောက်အား ကျွေးမွေးစောင့်ရှောက်လာခဲ့ရသည်။

"မာမီ စိတ်ထိခိုက်ကြေကွဲရပါတယ် သားသံစဉ်ရယ် _ မာမီ့အမှားတွေကြောင့် သားသံသာလည်း အရမ်းခံစားထိခိုက်ရတယ်"

www.burmeseclassic.com



ဘာမှမတတ်နိုင်တော့။ သားသံစဉ့်စိတ်တွေ ငြိမ်သက်ကောင်းမွန်လာပြီပဲဟုတွေးပြီး မလုပ်သင့် မလုပ်ထိုက်တဲ့အလုပ်တွေကို မိုက်မိုက်မဲမဲ လုပ်မိနေသည်။

"ကြိုင့်ကို သားသံစဉ် ချစ်မြတ်နိုးတယ်ဆိုရင် သားသံစဉ်ပဲ ပိုင်ဆိုင်စေရပ့ါမယ် ... သားစိတ်တွေ တည်ငြိမ်ပါစေ၊ လူကောင်းပကတိပြန်ပြီး ကောင်းမွန်ကျန်းမာလာပါစေလို့ မာမိဆုတောင်းပေးပါတယ်"

မိခင်မေတ္တာ အပြည့်အဝနှင့် သားသံစဉ်ကို ကျွေးမွေးပြုစုစောင့်ရှောက်ပေးလာခဲ့တာပါ။

"မာမိ"

"ဟင် ... သားသံသာ"

"သွားအိပ်ပါတော့ ... သံစဉ်လည်း အိပ်နေတာပဲ၊ မာမို့ကျန်းမာရေးကိုပဲ ဂရုစိုက်စေချင်ပါတယ်"

"မာမိအရမ်းစိတ်ထိခိုက်ရတယ် သားရယ် ... ဘဝတစ်လျှောက် စိတ်သောကတွေ ရင်မှာပွေ့ပိုက်ဖြတ်သန်းလာခဲ့ရတယ်၊ ဆုံးဖြတ်ချက်တွေလည်း မှားခဲ့ပါတယ်"

"ပြီးတာတွေကို မေ့ပစ်လိုက်ပါမာမိ ... သင်းရန့်ကြိုင် သိသွားရင်လည်း သံသာတို့ရင်ဆိုင်ကြရမှာပါပဲ ... စိတ်မပူပါနဲ့"





"သားသံစဉ်ကို ကြည့်လိုက်ပါဦးသားရယ် ... ဘယ်လောက်အထိ ပိန်ချုံးသွားလဲ ... သနားစရာကောင်းလိုက်တာ"

ဒေါ်ရီတာနွယ့် ရင်တွေက သားသံသာအတွက်လည်း ပူပင်ရသည်။ ကြိုင်နှင့်အဆင်မပြေပ့ါမလား။ သားသံသာချစ်သူ တရားဝင်လက်ထပ်ထားတဲ့ ဇနီးကို မိုးသံစဉ်လက်ထဲသို့ အပ်လိုက်ရသည်။

"ကြိုင်နဲ့ရော အဆင်ပြေရဲ့လား"

"ပြေပါတယ် မာမိ ... ကြိုင့်နှလုံးသားတွေက သိနေတယ်မာမိ ... ဒါကြောင့် ပြဿနာတွေတက်တာပါ"

"မာမိ သိပါတယ် ... သားသံစဉ့်စိတ်ကို ဖြည့်ဆွမ်းပေးလိုက်တာ သဘာဝတရားကို ဆန့်ကျင်ခဲ့လို့ သားသံစဉ်စိတ်ဝေဒနာတွေ ပြန်ခံစားရတာပါကွယ်"

သံသာ မာမို့အနားကနေ ပြန်ထွက်လာခဲ့သည်။ ကြိုင့်ဘေးနားမှာ အိပ်စက်ဖို့အတွက် သံသာဝန်လေးလွန်းနေဆဲပင်။ ဘာပဲဖြစ်ဖြစ် ကြိုင်က သံစဉ့်ဇနီးပဲ အိပ်ခန်းထဲဝင်လာတော့ ကြိုင် နိုးနေသည်။

"မောင် ဘယ်ထွက်သွားရတာလဲ ... မအိပ်သေးဘူးလား"

"မာမို့ဆီ ခဏသွားတာပါ"

"မာမိ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းခေါင်းမူးလို့တဲ့ ... အခု ဆေးသောက်လိုက်လို့ သက်သာသွားပါပြီ"

"ကြိုင် သွားတွေ့ဖို့ လိုသေးလား မောင်"

"မလိုပါဘူး ... ကြိုင် အိပ်တော့နော်"

"မောင်"

"ဟင်"

"မာမီကို ကြိုင်သွားကြည့်ဖို့ လိုအပ်သေးလား"

"မလိုပါဘူး ... မာမီ အိပ်ပျော်နေပါပြီ၊ အိပ်ဆေးသောက်တာလေ"

"မောင်ရော အိပ်လေ ... "

ကြိုင့်လက်လေးတွေက သံသာ့ခန္ဓာကိုယ်အား သိုင်းဖက်လာသည်။

"တွေ့လား ... ကျွန်မရင်တွေ အရမ်းခုန်နေတယ်၊ ချစ်သူဘဝက မိုးသံသာကို အခုမှ ရှာဖွေတွေ့ရှိလာရသလိုပဲလေ"

"ကြိုင်ရယ်"

ကြိုင့်ကို ချစ်မြတ်နိုးစွာ ရစ်သိုင်းပွေ့ဖက်နမ်းရှိုက်လိုပေမယ့် ဘဝက ခြားနားနေသည်ဟု ထင်သည်။

အခန်း ( ၁၇ )

သံစဉ် မျက်ဝန်းတွေ ဖျတ်ခနဲ ပွင့်လာပြီး ထထိုင်လိုက်သည်။ နိုးထလာသည်နှင့် သံစဉ်သတိရမိတာက ကြိုင့်ကိုပါ။ သူ့ဘာဖြစ်လို့ ကြိုင်နှင့်အတူတူရှိမနေရတာလဲ။ သံသာရော မာမီက နိုင်ငံခြားကို ထွက်သွားပြီဆိုတာကို သံစဉ် မယုံမကြည်ဖြစ်နေမိ၏။ သံသာနဲ့ ကြိုင် သူ့ကွယ်ရာမှာ ဖောက်ပြန်နေကြတာလား။ မဖြစ်ဘူး ... သံစဉ် သွားရမယ်။ ကြိုင့်ကို အလွန်အမင်း တွေ့ချင်လာပြီး ထလိုက်စဉ် ... ခေါင်းထဲမှာ မိုက်ခနဲ မူးဝေယိုင်နဲ့သွားရသည်။

"အား ... ကျွတ် ... ကျွတ် ... ခေါင်းတွေမူးလိုက်တာ၊ မာမီရော အမလေး ... "

သံစဉ် ကုန်းရုန်းထပြီး အပြင်ထွက်လာခဲ့သည်။ ကြိုင်က ဘယ်မှာလဲ။ သံစဉ့်စိတ်ထဲမှာ ဒီနေရာကို ရောက်ဖူးသလိုလို



www.burmeseclassic.com

www.burmeseclassic.com



မရောက်ဘူးသလိုလိုနှင့် ဝေ့ဝဲနေသည်။

“ဘယ်ကိုသွားရမှာလဲ … ကြိုင်နဲ့အတူတူ အိပ်ခဲ့တဲ့အခန်းကဘယ်မှာလဲ … မာမီရေ … မာမီ … ”

သားသံစဉ် အော်သံကြောင့် ဒေါ်ရီတာနွယ် ပြေးထွက်လာခဲ့ရသည်။ သားသံစဉ်က အောက်ထပ်သို့ဆင်းတဲ့ လှေကားထိပ်မှာဖြစ်၏။ ကြိုင် တွေ့သွားရင်တော့ မလွယ်ဘူး။ သားသံစဉ့်စိတ်တွေက မမှန်သေးပါဘူး။

“ဘယ်ကိုသွားမလို့လဲ သားရယ် … အခန်းထဲပြန်ဝင်နော်”

“မဝင်ဘူး မာမီ … ကြိုင့်ကိုတွေ့ချင်လို့ပါ … ကျွန်တော့်ဇနီးကြိုင်လေ ဘယ်မှာလဲ … သားအရမ်းတွေ့ချင်နေတယ်၊ သားနဲ့ကြိုင်နေတဲ့အခန်း ဘယ်မှာလဲ … ပြပေးပါ … သားစိတ်က လုံးဝမမှတ်မိတော့ဘူး”

“သားက နေမကောင်းသေးဘူးလေ၊ ခဏလေးပဲဖြစ်ဖြစ်နေပါဦးသားရယ် … ”

“မနေနိုင်တော့ဘူး … သားက ကြိုင့်ကိုလွမ်းနေပြီ၊ ကြိုင်ဘယ်မှာရှိနေတာလဲ”

ဒေါ်ရီတာနွယ် ဘယ်လိုဖြေရှင်းရမှန်းပင် မသိတော့။ သားသံသာနှင့်ကြိုင်တို့က ကြိုင့်ဦးလေးသောင်းကို သွားတွေ့နေကြ





သည်။ တိုက်ထဲမှာ မရှိဘူး။

“ကြိုင့်ကို သံစဉ် အရမ်းသတိရနေတယ်၊ တွေ့ချင်တယ် … သံစဉ့်စိတ်တွေကို ထိန်းချုပ်ပါ့မယ်၊ အကြမ်းအတမ်းတွေ မဆက်ဆံတော့ပါဘူးနော်”

“မရသေးဘူးလေ … သားမှ နေမကောင်းသေးတာဘဲ၊ မာမီက သားကို ရုတ်တရက်ခရီးထွက်သွားတယ်လို့ ပြောထားတာပါ”

“မဖြစ်ဘူးမာမီ … ကြိုင့်ကိုတွေ့ရမှဖြစ်မယ်၊ အရမ်းတွေ့ချင်နေလို့ပါ … သံစဉ် မရူးပါဘူး၊ လူကောင်းပါ … မာမီက အရူးလို့သတ်မှတ်နေတာ”

“သားသံစဉ်ရယ် … ”

“ကြိုင် ဘယ်မှာလဲ … ကြိုင့်ကို သံစဉ် ပိုင်တယ်နော်၊ သံစဉ် မရူးဘူး … ကြိုင့်ကို ဖွက်မထားပါနဲ့မာမီ … ”

သံစဉ့်ကို မာမီပဲ အရူးလို့သတ်မှတ်ထားတာဆိုတဲ့ စကားလုံးတွေက ဒေါ်ရီတာနွယ်ရဲ့ နှလုံးသားဆီ ပြင်းထန်စွာ စူးနစ်တိုးဝင်သွားသည်။ နာကျင်ရ၏။ စိတ်ထိခိုက်ကြေကွဲရလွန်းသည်။

“ညကျမှ ကြိုင်နဲ့တွေ့ရအောင်နော်သား … ဘာဖြစ်လို့လဲဆိုတော့လေ … သားရိုက်လိုက်လို့ ကြိုင့်နဖူးမှာ ဒဏ်ရာရထားတယ်လေ … ဆေးကုနေရတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ကြိုင်နဲ့ညကျမှ တွေ့ရအောင်နော် သား ... ကြိုင် အနားယူနေပါစေ"

"ဒါဆိုလည်း ပြီးရောလေ ... ညကျမှတွေ့တော့မယ်၊ သံစဉ်နဲ့ကြိုင်တို့ အိပ်တဲ့အခန်းကို လုံးဝမမှတ်မိတော့ဘူး မာမီ လိုက်ပို့ပေးပါ"

"အေးပါကွယ် ... မာမီလိုက်ပို့ပေးပါ့မယ် ... သားစိတ်ချမ်းသာအောင်နေနော်"

"သား ကြိုင့်ကိုအရမ်းလွမ်းနေလို့ပါ ... တွေ့မှဖြစ်မယ်နော် မာမီ ... ကြိုင်က သံစဉ့်မိန်းမပဲ ... "

"ဟုတ်ပါတယ် သားရယ် ... သံစဉ့်မိန်းမပါ ... ညကျရင် တွေ့ရစေပါ့မယ်"

"အင်း"

သားသံစဉ်ကို ချော့မော့ပြီး အိပ်ခန်းထဲ ပြန်ဝင်စေသည်။

"မာမီ"

"ပြောလေ သားသံစဉ်"

"သံစဉ် မရူးဘူးနော်"

"အင်းပါ ... မာမီသိပါတယ်"





"ကြိုင့်ကို သံစဉ်ပဲ ပိုင်ဆိုင်ပါရစေ"

"ကြိုင်က သံစဉ်ရဲ့မိန်းမပဲလေ ... သားကျန်းမာအောင်နေနော် ... မာမီ့စကားကို နားထောင်ပါ"

"ဟုတ်ကဲ့"

သားသံစဉ်ရဲ့ မျက်ဝန်းတွေက တဖြည်းဖြည်းမှေးစင်းသွားသည်။ ဒေါ်ရီတာနွယ် သနားလိုက်တာ။ သားသံစဉ်ရဲ့စိတ်တွေ ပုံမှန် မဟုတ်သေးတာတော့ သေချာ၏။ ခဏကြာတော့ အိပ်ပျော်သွားသည်။

"သားသံစဉ်ရယ် ... မာမီက ဘယ်တုန်းကမှ သားကိုအရူးလို့ သတ်မှတ်ထားတာ မဟုတ်ပါဘူး ... ဒါပေမဲ့လဲလေ သားသံစဉ်ကို အရူးတစ်ယောက်လို ထားခဲ့မိတယ်"

သားသံစဉ်အား မိမိအရူးတစ်ယောက်လို ထားခဲ့သည်။ အိမ်တွင်းမှာပဲ လူမသိအောင် ဖွက်ထားခဲ့၏။ သားသံစဉ်ရဲ့အတွင်းစိတ်မှာ မကျေနပ်ချက်တွေ ကိန်းအောင်းနေခဲ့သည်။

"ကြိုင်နဲ့ ဘယ်လိုတွေ့ပေးရမလဲ ... သားသံသာနှင့်ညအိပ်စက်တာလည်း သားသံစဉ် သိသွားရင် ပိုပြီးစိတ်ဖောက်ပြန်လာနိုင်တယ်"

ဒေါ်ရီတာနွယ် စိတ်ထိခိုက်ကြေကွဲနေရသည်။ သားသံစဉ့်



www.burmeseclassic.com

www.burmeseclassic.com



အခန်းအား အပြင်မှ သော့ခတ်ထားလိုက်၏။ အပြင်ထွက်လာလို့ မဖြစ်ဘူး။ ကြိုင်လေးတို့ ပြန်လာတော့မည် ဖြစ်သည်။

"မမရီတာ"

"ဟင် ... ဒေါ်ဒေါ်ကြီး"

"ကျွန်မ အကြံပေးချင်ပါတယ်"

"ပြောလေ"

"သားကြီးကို ကြိုင်နဲ့ပြန်ဆုံပေးလို့ မဖြစ်ဘူးထင်တယ်၊ ကြိုင်ရိပ်မိသွားရင် ပြဿနာတွေ ထပ်ဖြစ်နိုင်ပါတယ်"

"ဟုတ်ပါတယ် ... ဒေါ်ဒေါ်ကြီးရယ် ... ညနေတောင် ကြိုင်နဲ့တွေ့ပေးဖို့ တောင်းဆိုနေပါတယ်"

"သားသံစဉ်ကို စိတ်ကျန်းမာရေးဆေးရုံကြီးမှာတက်ပြီး သေသေချာချာ ဂရုတစိုက် ကုသပေးစေချင်ပါတယ်"

"မဖြစ်ဘူး ... မဖြစ်ပါဘူးအေ ... စိတ်မချဘူး၊ လူတွေသိသွားလို့လည်း မဖြစ်ဘူး"

"ဒါဆို မမရီတာက ဒီအတိုင်းထားမလို့လား ... "

ဒေါ်ရီတာနှယ် ဆက်ပြီးမဆွေးနွေးတော့ဘဲ ပြန်ထွက်လာခဲ့သည်။ ဒေါ်ဒေါ်ကြီးပြောတာမှန်ပေမယ့် မိမိလက်မခံနိုင်။ ဘယ်မှာမှ မထားနိုင်ပါဘူး။ သားသံစဉ်က သူ့ကို အရူးတစ်ယောက်လို





သတ်မှတ်ထားတယ်လို့ အမြဲတမ်းစွပ်စွဲနေတာပါ။ မိမိတို့မိသားစုဆရာဝန်ကလည်း ကြိုင်နှင့်ထပ်တွေ့ပေးဖို့ မသင့်တော်သေးဘူးဟု အကြံဉာဏ်ပေးထားသည်။ စိတ်ညစ်တယ်။ တစ်ခါတရံ မိမိပဲ သေပြစ်ချင်သည်။

"မာမီ"

"ဟင် ... သားသံသာတို့ ပြန်ရောက်လာကြပြီလား"

"ဟုတ်ကဲ့ မာမီ ... "

"သမီးကြိုင်ရဲ့ ဦးလေးရော အဆင်ပြေကြရဲ့လားကွယ်"

"တော်သေးပါတယ် မာမီရယ် ... မောင်ရောက်သွားလို့ပေါ့၊ ဦးလေးသောင်းလည်း ဘာလုပ်ရမှန်းမသိ ဖြစ်နေတာပါ ... အခု အဆင်ပြေသွားပါပြီ"

"သမီးကြိုင် ... သွားနှင့်နော်၊ သားသံသာနဲ့မာမီ စကားနဲ့နဲ ပြောစရာရှိလို့ပါ ... သမီးကြိုင်နဲ့ မဆိုင်တဲ့ကိစ္စနော်"

"ရပါတယ် မာမီရယ် ... ကြိုင့်ကို အခုလောက်အထိ စောင့်ရှောက်ပေးထားတာ ကြိုင် နားလည်ပါတယ်"

မတတ်နိုင်တော့ဘူး။ သားသံသာနှင့် တိုင်ပင်စရာရှိသည်။ ကြိုင်က သူမတို့အိပ်ခန်းထဲ ဝင်သွား၏။ မိမိစိတ်တွေ ရှုပ်လို့သေတော့မယ်။ သားသံသာရှေ့မှာ အရုပ်ကြိုးပြတ် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မာမီ ဘာဖြစ်လို့လဲ"

"သံစဥ်က ကြိုင်နဲ့တွေ့ဖို့ တောင်းဆိုနေတယ် ... ဒီည ကြိုင်နဲ့အတူ ပြန်အိပ်မယ်တဲ့ ... "

"မဖြစ်နိုင်ဘူးထင်တယ် မာမီ ... သံစဥ် အရမ်းစိတ်တွေဖောက်ပြန်လာတယ် ... ဆေးကုသဖို့အချိန်ပေးစေချင်တယ်"

"ဘယ်လိုလုပ်ကြမလဲ"

သံသာကိုယ်တိုင် ကြိုင့်အတွက် စိတ်မချဖြစ်ရသည်။

"မိုးသံသာဆိုတဲ့ နာမည်ကြားလိုက်တာနဲ့ သံစဥ်အရမ်းပေါက်ကွဲပြီး ဦးလေးသောင်းကိုတောင် အော်ဟစ်ပြစ်တယ်၊ သံသာမနဲတောင်းပန်စကားတွေ ပြောရတယ်"

"မာမီတို့ ဘယ်လိုလုပ်ကြမလဲ ... ပြဿနာက အကြီးကြီးဖြစ်နေတယ်"

"သံသာကတော့ သံစဥ့်ကို ကြိုင်နဲ့ေတွ့ပေးလို့ မဖြစ်သေးဘူးထင်တယ် မာမီ ... အန္တရာယ်ရှိနေတယ်၊ ... ကြိုင့်အသက်အန္တရာယ်ကိုပါ သံသာတောင် ငယ်ငယ်လေးထဲက စိတ်အလိုမကျရင်ပေါက်ကွဲတတ်တယ်လို့ ပြောထားရတယ်"

မင်္ဂလာဦးညမှာ ကြိုင့်စိတ်တွေမွန်းကြပ်ပြီး မောင့်ကိုပြင်းပယ်လိုတဲ့ဆန္ဒကြောင့် မောင် ပေါက်ကွဲမှာပါတဲ့။ ကြိုင့်အတွက်





လည်း သံသာ နာကျင်ရသည်။ အဖြစ်မှန်တွေကိုသာ သိသွားရင် သံသာ့ကို မုန်းတီးနာကြည်းရွံရှာသွားမှာ သေချာနေ၏။ မာမီ့ကိုလည်း သနားသည်။

"မာမီက ဘာဖြစ်စေချင်တာလဲ ... သံစဥ့်ဆန္ဒအတိုင်း ဖြည့်ဆည်းပေးရမယ်ဆိုရင်လည်း သံသာ ဘာမှမပြောချင်တော့ပါဘူး"

"သားသံစဥ့်ဆန္ဒဆိုရင်လည်း မဖြစ်သေးပါဘူး ... အခုပုံစံက တကယ့်ကို စိတ်ဝေဒနာရှင်ပုံစံမျိုး ဖြစ်နေတယ်"

"သံသာတို့မှားသွားတယ် မာမီ ... သံစဥ့်ရဲ့ သဘာဝလွန်တဲ့ တောင်းဆိုမှုကို မလိုက်လျောသင့်ပါဘူး"

"အင်းလေ ... ဖြစ်သွားပြီးပြီပဲ အရေးကြီးတာက ကြိုင်လေး မသိဖို့ ... "

ဒေါ်ရီတာန္တယ်ပဲ သေပြစ်ချင်လာသည်။ သားသံစဥ့်အခြေအနေက ဝေဒနာတွေ ဖိစီးနေပုံပေါ်လွင်နေ၏။ ယခင်ကကဲ့သို့ ချောမောခန့်ညားမှုတွေ ပျောက်ဆုံးသွားသည်။

"မဖြစ်သေးဘူး သားသံသာ ... မာမီအပြတ်သားဆုံးပဲ လုပ်မယ် ... သားသံစဥ်ကို လွှတ်ထားလို့မရတော့ဘူး၊ ကြိုင်လေးကို ငဲ့ညှာထောက်ထားရတော့မယ် ... မာမီတို့ ဒီအတိုင်းပဲ ဆုံးဖြတ်ကြရအောင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အခြေအနေကို စောင့်ကြည့်ကြတာပေါ့ မာမီ ... သံစဉ်ပုံစံကလည်း စိတ်ဝေဒနာတွေ ခံစားနေပုံဖြစ်နေသေးတယ်"

"မာမီတို့ အတွက်ကြီးကြတာပါ ... မလုပ်သင့်တာကို လုပ်ခဲ့မိကြတယ် ... လူမဆန်လိုက်တာ"

သံသာကိုယ်တိုင်လည်း နောင်တတွေရပြီး ကြိုင်သိသွားရင် သံသာ မခံစားနိုင်တော့။ မာမီစိတ်တွေ ဘယ်လောက်အထိနာကျင်နေမလဲ။ အပူမီးတွေ လောင်မြိုက်နေရှာမလဲ။ မာမီ့အတွက်လည်း စိတ်ပူနေရသည်။

"မောင်"

"ဟင်"

"ဘာဖြစ်လို့လဲဟင် ... ကြိုင်မသိသင့်ဘူးဆိုရင်လည်း မပြောပါနဲ့၊ ကျွန်မလေ ... မောင့်စိတ်တွေ ကျဉ်းကြပ်ပြီး ဒေါသထွက်မှာအကြောက်ဆုံးပဲ ... မောင့်ကို ပျော်ရွှင်စေချင်ပါတယ်"

"ကြိုင်ရယ်"

မင်းတွေ့ကြုံဆက်ဆံပေါင်းသင်းခဲ့ရတာက စိတ်ရောဂါဝေဒနာရှင် မိုးသံစဉ်ပါ။ ကြိုင့်ကို သနားမိသည်။ ဒါပေမဲ့လည်း ကြိုင့်အား ပွေ့ဖက်နမ်းရှိုက်ဖို့ သံသာစိတ်မသန်။

"မောင် ပျော်ရွှင်မယ်ဆိုရင် ကြိုင့်ဘဝကြီးတစ်ခုလုံးကိုရော





ကြိုင့်အသက်ကိုပါ ပေးဆပ်ချင်ပါတယ် ... မင်္ဂလာဦးရက်တွေမှာ ကြိုင့်စိတ်တွေက ဘာဖြစ်လို့များ အရှက်အကြောက်ကြီးပြီး မောင့်ရဲ့ အချစ်တွေကို လက်မခံနိုင်ရတာလည်းဆိုတာ ကြိုင်လုံးဝစဉ်းစားလို့မရသေးဘူး။ ကျွန်မရင်ခုန်သံတွေ အခုမှ တဒိန်းဒိန်းခုန်လာတယ်၊ အချစ်ကို ကြမ်းကြမ်းတမ်းတမ်းကြီး မခံစားတတ်တာ ထင်တယ်နော် ... ကျွန်မ မောင့်ကိုအရမ်းချစ်တယ်၊ မင်္ဂလာဦးရက်တွေကလေ မောင့်ကိုချစ်တယ်လို့ပြောဖို့ အရမ်းဝန်လေးနေခဲ့တယ် ... မောင် ဒေါသထွက်မယ်ဆိုလည်း ထွက်ချင်စရာ ... "

ကြိုင့်လက်လေးတွေက သံသာ့ခန္ဓာကိုယ်အားသိုင်းရစ်ဖက်လာသည်။ သံသာ မလှုပ်ရဲ။ ချစ်သူကို တုန့်ပြန်ပွေ့ဖက်ဖို့ပင် သံသာကြောက်ရွံ့တုန်လှုပ်နေသည်။

"မောင်ရယ် ... ဘာဖြစ်လို့များ ... ဒီလောက်အထိပြောင်းလဲသွားရတာလဲဟင့် ... ပြောစမ်းပါ ... ကျွန်မမှာ အပြစ်တွေလိုအပ်ချက်တွေ ရှိနေရင်လည်း မောင်ပြောပြပါ ... မောင် ဒီလိုကြီးအေးစက်နေတော့လည်း ကျွန်မ အရမ်းကြောက်လာတယ် ... ကျွန်မ မှားပါတယ် ... မင်္ဂလာဦးညတွေက ကျွန်မအရှက်အကြောက်တွေ ကြီးသွားလို့ပါနော်"

"ကြိုင့်မှာ အပြစ်မရှိပါဘူးကွာ ... စိတ်မကောင်းမဖြစ်ပါနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



မောင့်အမှားတွေပါ ... ကြိုင်လေး အိပ်တော့နော်"

"ကျွန်မမိုးသံသာကို မောင့်ကိုအရမ်းချစ်ပါတယ်"

သံသာ့နှလုံးသားတွေ တောင့်တင်းအေးစက်သွားသည်။ မထူးတော့ ... ချစ်သူ ကြိုင့်ခန္ဓာကိုယ်လေးအား တင်းကြပ်စွာ ပွေ့ဖက်ထားမိ၏။ ဒါပေမဲ့ ဇနီးမယားတစ်ယောက်ကဲ့သို့တော့ သစ္စာစောင့်တည်လျှက် မဆက်ဆံခဲ့ပေ။ နှစ်ယောက်လုံးရဲ့ ရင်ခုန်သံတွေက တဒိန်းဒိန်းခုန်လျှက်။

အခန်း ( ၁၈ )

"ကြိုင် ဘယ်မှာလဲ ... မောင့်မိန်းမ သင်းရနံ့ကြိုင် ... မင်း မောင့်ဘေးနားမှာ ဘာဖြစ်လို့ ရှိမနေရတာလဲ"

သံစဉ် ထလိုက်သည်။

သူ့အတွေ့ချင်ဆုံးက မိန်းမဖြစ်သူ ကြိုင်ပဲ။

ဘာဖြစ်လို့များ သူ့အနားမှာ ရှိမနေရတာလဲ။

တွေ့ချင်တဲ့ ဆန္ဒတွေ ပြင်းပြစွာ ဖြစ်ပေါ်နေသည်။

"ကြိုင် ... ကြိုင်ရေ ... မင်းဘယ်မှာလဲ၊ မောင့်ဆီကိုလာခဲ့ပါ ... ကြိုင်ရေ ... "

သံစဉ် အိပ်နေရာမှထပြီး အခန်းအပြင်သို့ ထွက်လာခဲ့သည်။

သံစဉ် ဘယ်ရောက်နေတာလဲ။

ကြိုင့်ကိုပဲ သတိရနေပြီး သူဘယ်အခန်းကိုသွားရမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိတော့။

မမှတ်မိဘူး။

မာမီရော ပတ်ဝန်းကျင်ကလည်း မှောင်မဲနေ၏။

သူ မှတ်မိနေတာက သူ့နာမည်သံစဉ် ဆိုတာနှင့် သူ့မိန်းမ သင်းရနံ့ကြိုင်ကိုပဲ ဖြစ်နေ၏။

သံစဉ် အမှောင်ထဲမှာစမ်း၍ လျှောက်လှမ်းနေသည်။

"အား ... "

ခြေချော်ပြီး လှေကားအတိုင်း ပြုတ်ကျသွားသည်။

"သားသံစဉ် ... အမလေး ... ဘယ်လိုဖြစ်ရတာလဲ ... ဒေါ်ဒေါ်ကြီးရေ လာပါဦး ... မောင်ပုရေ ... လာကြပါဦး ... သားသံစဉ် ပြုတ်ကျလို့ ခေါင်းပေါက်သွားပြီ"

ဒေါ်ရီတာနွယ် အော်သံကြားလိုက်သဖြင့် အိပ်ခန်းထဲကနေ ပြေးထွက်လာပြီး မီးတွေဖွင့်လိုက်ရာ လှေကားရင်းမှာ သားသံစဉ် ခွေခွေလေးလဲကျနေ၍ အသံခပ်အုပ်အုပ်ဖြင့် ဒေါ်ဒေါ်ကြီးနှင့်ဒရိုင် ဘာမောင်ပုတို့အား နှိုးလိုက်သည်။

"သားသံစဉ်မှာ သွေးတွေ ... အမလေး လုပ်ကြပါဦး ... သင်းရနံ့ကြိုင် မသိခင် အခန်းထဲပြန်သွားရအောင်ပါ ... ဒေါ်ဒေါ်ကြီး လှေကားခြေရင်းကို သန့်ရှင်းရေးမြန်မြန်လုပ်ပါ"





"ဟုတ်ကဲ့ မမရီတာ ... "

မိမိလူယုံတွေနှင့် သားသံစဉ်အား အပေါ်ထပ်လှျို့ဝှက် အခန်းထဲ ပြန်သွင်းလိုက်ရသည်။

"ဟူး ... တော်ပါသေးရဲ့၊ သင်းရနံ့ကြိုင် မနိုးလာလို့ ... "

သားသံစဉ် အိပ်ခန်းထဲပြန်ရောက်မှ မိမိစိတ်မောသက်သာ သွားရသည်။

အသံလုံအခန်းတွေဖြစ်နေ၍ ရုတ်တရက်အပြင်မှ အသံ တွေကို မကြားရပေ။

သားသံစဉ်က သတိလစ်နေသဖြင့် မိမိစိတ်ပူရပြန်သည်။

"မမရီတာ ... အရမ်းကြီးစိတ်မပူပါနဲ့၊ သံစဉ် ဘာမှမဖြစ်ပါ ဘူး ... ခေါင်နည်းနည်းပေါက်သွားတာပါ"

"သား ... သားသံစဉ် သတိလစ်နေတယ် ... ဆရာဝန် အမြန်ဖုန်းဆက်လိုက်ပါ မောင်ပု ... ဆက်လေ ... "

"ဟုတ်ကဲ့"

မိသားစုဆရာဝန်ထံသို့ မောင်ပုအား ဖုန်းဆက်ခိုင်းရသည်။

မိမိ ခြေတုန်လက်တုန်ဖြစ်နေ၏။

သားသံစဉ် ...

သူ့ကိုယ်သူ သေကြောင်းကြံစည်တာလားပဲ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူမိသည်။

မိသားစုဆရာဝန် ရောက်လာပြီး ကြည့်၏။

ဘာမှ မဖြစ်ပါဘူးဆိုမှ စိတ်အေးသွားရသည်။

"သံစဉ့်ကို နည်းနည်းလေးဂရုစိုက်ပြီး ကြည့်ထားပေးပါ ... သူ့အခန်းတံခါးကို ဘာဖြစ်လို့ ဖွင့်ထားရတာလဲ"

"ကျွန်မ မှားတာပါ ... မေ့ပြီး တံခါးဖွင့်ထားမိတယ်၊ သားသံစဉ် စိတ်တွေအရမ်းဖောက်ပြန်နေပြီလား ဒေါက်တာ"

"အခုဆေးထိုးပေးထားတယ်၊ အခုလောလောဆယ်တော့ သူ့ဇနီးနဲ့ တွေ့ပေးလို့မဖြစ်ဘူး ... အိပ်ဆေးထိုးထားရမှာပဲ၊ အခြေအနေကို စောင့်ကြည့်မယ် ... မနက်ဖြန်တစ်ခေါက် ထပ်လာပါ့မယ်"

"ကျေးဇူးပါပဲ ဒေါက်တာရယ် ... သားသံစဉ့်ကို စောင့်ရှောက်ပေးပါ"

"သံစဉ့်ဆန္ဒကို လိုက်လျောပြီး မိန်းမပေးစားလိုက်တာကိုက မှားသွားတယ် ... ငြိမ်သက်နေတဲ့ သံစဉ့်စိတ်ခံစားမှုတွေကို နှိုးဆွပေးသလို ဖြစ်သွားတာပဲလေ"

"ကျွန်မ အမှားတွေပါပဲ ... ကျွန်မ နောင်တရနေပါတယ်"

ဒေါ်ရီတာနွယ် ဂုဏ်သိက္ခာကို ရှေ့တန်းတင်ပြီး သားသံစဉ်ကို စိတ်ရောဂါဝေဒနာရှင်အဖြစ် တိုက်ထဲမှာပဲထားပြီး ဆေးကုကြိတ်





ကုသမိခြင်းဖြစ်သည်။

ဒေါက်တာ ပြန်သွား၏။

သားသံစဉ်ကတော့ မေ့လျော့နေဆဲ ဖြစ်သည်။

"သားသံစဉ်ရယ် ... မာမီ တောင်းပန်ပါတယ်၊ သားသံစဉ် ချစ်မြတ်နိုးရတဲ့ မိန်းကလေးနဲ့အတူတူနေရရင် ပျော်ရွှင်မှုရမယ်ထင်မိလို့ပါကွယ်"

သားသံစဉ်ရော သားသံသာရော ချောမောခန့်ညားကြတဲ့ ယောက်ျားတွေပါ။

အခုတော့ ...

မာမီ့သားသံစဉ်ရဲ့ ခန့်ညားမှုတွေပါ ပျက်ယွင်းသွားရတယ်။

မာမီ စိတ်မကောင်းပါဘူး သားသံစဉ်ရယ်။ မိမိကိုယ်တိုင် သားသံစဉ်ကို စောင့်နေရင်း သားအိပ်ရာဘေး မှာ ဒရင်းဘတ်နှင့် အိပ်ပျော်သွားရသည်။ အချိန်တွေ ဘယ်လောက် အထိ ကြာသွားသည်မသိ။ နေမြင့်မှ မိမိနိုးလာတော့ သားသံစဉ် လည်း သတိရနေသည်။

"မာမီ ... ဘာဖြစ်လို့ သံစဉ်အခန်းထဲမှာ လာအိပ်နေရတာလဲဟင်"

"သား ... သားသံစဉ် နိုးလာပြီလား ... အမလေး သားသတိ



www.burmeseclassic.com

www.burmeseclassic.com



ရလာတာလား"

"အင်း … သံစဉ် ဘာဖြစ်လို့လဲ … ခေါင်းမှာလဲ ပတ်တီးနဲ့"

"သား ညကအပြင်ထွက်သွားလို့ လှေကားထိပ်ကနေ ပြုတ်ကျသွားတယ်လေ"

"ဟုတ်လား"

သံစဉ် ဘာကိုမှ မမှတ်မိတော့ဘူး။ ခေါင်းထဲမှာ ကြည်ကြည်လင်လင်နှင့် အရင်က သူ့စိတ်ဝေဒနာတွေ ခံစားရတာတွေကိုပဲ သတိရနေသည်။

"မာမီ"

"ဟင်"

"သံသာရော"

ဒေါ်ရီတာနွယ်က သင်းရနံ့ကြိုင်ကိုပဲ မေးမယ်ထင်ထားတာပါ။ သံသာရောတဲ့။ မိမိသားသံစဉ် ပုံမှန်အနေအထား ပြန်ရောက်လာတာမျိုးလည်း ဖြစ်နိုင်သည်။

"သံသာ့ကို တွေ့ချင်တယ် … သံစဉ့်စိတ်တွေ ကြည်လင်နေတယ် … ခေါင်းကိုထိသွားလို့ အတိတ်ကအကြောင်းအရာတွေကို ပြန်မှတ်မိသွားတာလား"

"ဟုတ်လားသားသံစဉ်ရယ် … မာမီ ဝမ်းသာလိုက်တာ





စိတ်ကို လွတ်ထွက်မသွားအောင် ထိန်းချုပ်ပါ … သားကိုကျန်းမာနေစေချင်တယ်"

သင်းရနံ့ကြိုင်အကြောင်းကိုတော့ သားမှတ်မိပုံမရ။ မျက်လုံးတွေ ကြည်လင်ပြီး တည်ငြိမ်နေသည်။ ဒေါ်ရီတာနွယ် ပျော်ရွှင်မိ၏။ သားသံစဉ် ခေါင်းကိုထိသွားလို့ သတိတွေ ပြန်ဝင်လာတာပဲ ထင်သည်။

"သံသာရော မာမီ …"

"ရှိတယ်လေ မာမီသွားခေါ်ပေးမယ်လေ"

"အင်း … သားအရမ်းတွေ့ချင်တယ်"

"မာမီ သွားခေါ်ပေးမယ် … သားအပြင်ကို ထွက်မလာနဲ့ … အခန်းထဲမှာပဲနေ …"

"ဟုတ်"

သံစဉ့်စိတ်တွေ ငြိမ်သက်ပြီး သံသာနှင့်တွေ့ချင်သည်။ မာမို့ကိုလည်း သနားတယ်။ သံစဉ့်အတွက် ဘယ်လောက်အထိ ခံစားရရှာလဲ။ သံသာ့ကိုရော မာမို့ကိုရော စိတ်အနှောက်အယှက်တွေ … ပေးတော့ဘူးဟု သံစဉ် ဆုံးဖြတ်လိုက်သည်။

"မာမီ သတိတွေအားလုံး သံစဉ်ရနေပါပြီ … သံစဉ့်စိတ်တွေကို ထိန်းချုပ်ထားပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ဝေဒနာတွေကို နိုင်ငံခြားမှာ ဆေးသွားကုဖို့ သံစဉ် ဆုံးဖြတ်လိုက်သည်။ မာမီက ဂုဏ်သိက္ခာကြောင့် သူ့ကို အိမ်ထဲမှာ ပဲထားခဲ့တာ အမြဲတမ်းတွေး၍ ပေါက်ကွဲနေတတ်သည်။

"သံစဉ် မှားပါတယ် မာမီ ... အနာဂတ်တွေ မှဲ့သွားတာလဲ သံစဉ့်ကံကြမ္မာပါ ... မာမီက တမင်သားသံစဉ်ကို မုန်းတီးပြီးလုပ်ခဲ့ တာမှ မဟုတ်တာ"

သံစဉ့်ဒေါသတွေ သံစဉ်ရဲ့မကောင်းမြင်တတ်တဲ့ အစွဲတွေကို ထိန်းချုပ်ပြီး လူ့လောကကြီးထဲမှာ လူကောင်းတစ်ယောက် အဖြစ် နေထိုင်ဖို့ပဲ စဉ်းစားထားသည်။

"သံစဉ်"

"ဟာ ... သံသာ"

သံသာ့ကိုတွေ့လိုက်တော့ သံစဉ်အတိုင်းအဆမရှိ ပျော်ရွှင် သွားရကာ ဝမ်းသာအားရ ဖက်ထားလိုက်မိသည်။

"သံသာ ... နောက်ဆိုရင်လေ မင်းကိုစိတ်အနှောက်အယှက် မပေးတော့ပါဘူးကွာနော် ... သံစဉ့်စိတ်တွေ အရမ်းကြည်လင်နေ တယ် ... မာမီနဲ့သံသာ့အပေါ် အနိုင်ကျင့်မိုလ်ကျတာတွေ သံစဉ် မလုပ်တော့ဘူး"

"တကယ်လား သံစဉ် ... ဒါဆို သံသာတို့မိသားစုဝင်တွေ





အရမ်းပျော်ရွှင်ရလိမ့်မယ် ထင်တယ်"

"သံသာ"

"မင်းချစ်သူနဲ့ လက်ထပ်မယ်ဆို"

သံစဉ့်စကားကြောင့် သံသာ့ရင်တွေ ထိတ်ခနဲတုန်လှုပ်သွား ရသည်။

"လက်ထပ်ပါ ... သံစဉ် မနှောက်ယှက်တော့ဘူး၊ သံသာ့ဆီ ကနေ ဘာပစ္စည်းမှ မတရားအနိုင်ကျင့် မတောင်းဆိုတော့ပါဘူးကွာ နော် ..."

ကြိုင်နှင့်သူ အတူတူ အိပ်စက်ခဲ့တယ်ဆိုတာကို သံစဉ်လုံးဝ မမှတ်မိတော့။ အခုမှ သံသာ ဘယ်လိုလုပ်ရမလဲ။

"သံသာ"

"ဟင်"

"သံစဉ် နိုင်ငံခြားမှာ ဆေးသွားကုမယ် ... တကယ်တော့ သံစဉ့်ဘဝကို သံသာနဲ့ယှဉ်ယှဉ်ပြီး မကျေမနပ်ဖြစ်ရလွန်းလို့ ပေါက် ကွဲခဲ့တာပါ ... သံစဉ်က အကြီးပဲ ထိန်းချုပ်သင့်တယ်၊ သံစဉ့်စိတ် တွေ လွတ်လွတ်သွားတာ သံစဉ့်စိတ်တွေ အလွန်အကျူးခံစားနေ တာလည်းပါပါတယ်"

သံစဉ့်စကားတွေကိုကြားရတော့ သံသာအရမ်းပဲ ဝမ်း



www.burmeseclassic.com

www.burmeseclassic.com



မြောက်ဝမ်းသာဖြစ်ရသည်။ သံစဉ် စိတ်တွေပုံမှန်ဖြစ်သွားပြီ ထင်သည်။ ကြိုင့်ကို ဘယ်လိုလုပ်ရမလဲ။ သံစဉ်က လုံးဝမမှတ်မိတော့။ အဖြစ်မှန်တွေကို ပြောပြသင့်သည်ဟု ထင်မိ၏။ သံစဉ် ဘာဖြစ်သွားမလဲ။ ကြိုင်ကရော ... ထပ်ပြီး သံစဉ့်စိတ်ကို မပူလောင်စေချင်တော့ပေ။

"သံစဉ်"

"ပြော"

"တချို့ကိစ္စတွေကို သံစဉ်တကယ်ပဲ မမှတ်မိတော့တာလား"

"အင်း ... ဘာတွေဖြစ်ခဲ့လဲ သံသာ ... "

"ဘာမှမဖြစ်ပါဘူး ... အရေးလည်းမကြီးပါဘူး၊ သံသာ့ချစ်သူနဲ့လက်ထပ်မယ့်ကိစ္စတချို့ပေါ့"

"မမှတ်မိတော့ဘူး ... သံသာချစ်သူနဲ့လက်ထပ်တော့လေ။ သံစဉ် နိုင်ငံခြားမှာ ဆေးသွားကုပြီး ပြန်လာရင်တော့ အစ်ကိုအဖြစ် မိတ်ဆက်ပေးနော် သံသာ"

သံသာအဖြစ်မှန်တွေကို သံစဉ်သိအောင် ပြောမပြချင်တော့ပေ။ ထပ်ပြီး စိတ်ကစဉ့်ကလျားဖြစ်သွားမှာ စိုးရိမ်၍ဖြစ်သည်။ တစ်ခါမှားသွားပြီးပြီပဲ။ သံစဉ့်ပုံစံကလည်း ရောဂါဝေဒနာရှင်ရုပ်မျိုး





ပေါက်နေ၏။ သံစဉ် စိတ်တည်ငြိမ်လာတာပဲ စိတ်ချမ်းသာရသည်။

"သံစဉ် အနားယူတော့မယ်သံသာ ... သံစဉ့်စိတ်တွေ အတော်လေး တည်ငြိမ်နေပါပြီ ... ထပ်ပြီး မဖောက်အောင်ကြိုးစားမယ်ကွာ"

"ဝမ်းသာလိုက်တာ သံစဉ်ရာ ... မာမီရော သံသာရောက သံစဉ့်ဆန္ဒတွေကိုပဲ အမိကထားပါတယ်၊ မင်းကိုပျော်ရွှင်စေချင်ကြတယ် ... ဒီအတိုင်းလေးပဲ နေပေးပါ သံစဉ်ရာနော် ... "

"အင်းပါ"

သံသာ ပြန်ထွက်သွားသည်။ သံစဉ့်စိတ်တွေက အမှန်တကယ်ပဲ တည်ငြိမ်နေ၏။ သံသာရာ ... မင်းကို သံစဉ်ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ မတရားအနိုင်မကျင့်တော့ပါဘူး။ သံစဉ်လေ ... မင်းချစ်သူ သင်းရနံ့ကြိုင်ကို သံစဉ် အနိုင်ကျင့်တောင်းဆိုပြီး မယားအဖြစ်ပေါင်းသင်းခဲ့တာတွေကို နောင်တရနေတယ်။ ဘယ်လိုလုပ်မေ့ပြစ်နိုင်မှာလဲ သံသာရာ။ သိပ်မှတ်မိတာပေါ့ ... သင်းရနံ့ကြိုင်ကိုလည်း သံစဉ် ချစ်မြတ်နိုးနေရဆဲပါပဲ။ အခု သံစဉ့်စိတ်တွေ ပုံမှန်ဖြစ်သွားပါပြီ။ သံသာ့ကို အနိုင်ယူလို၍ သံစဉ်မလုပ်သင့်တာကို တောင်းဆိုခဲ့မိသည်။

"သံစဉ်လေ ... သံသာ့အပေါ် အမြဲတမ်း မနာလိုစိတ်ကိုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အနိုင်ကျင့်လိုခဲ့တယ်၊ မင်းတန်ဖိုးထားတဲ့ ပစ္စည်းကိုမှ သံစဉ်အရ ယူချင်ခဲ့တယ် … သံစဉ့်စိတ်တွေကို သံစဉ်မထိန်းချုပ်နိုင်ခဲ့လို့ မာမီက စိတ်ကစဉ့်ကလျား ရောဂါဝေဒနာရှင်အဖြစ် သတ်မှတ်လိုက်တာပဲ”

သူ့ကို တမင်လွှတ်ချတယ်။ မာမိက သံသာ့ကိုပဲချစ်တာဟု အယူအဆလွဲပြီး မာမီနှင့်သံသာတို့အား စိတ်အနှောက်အယှက်ဖြစ်စေရန် အမြဲတမ်း ပေါက်ကွဲပြရင်း တဖြည်းဖြည်း ရူးသွပ်သွားခဲ့ရခြင်းဖြစ်သည်။

“ကြိုင့်ကို သံစဉ် ချစ်ပါတယ် … ဇနီးအဖြစ် ပေါင်းသင်းဆက်ဆံခဲ့မိတာလည်း အရမ်းအားနာပြီး လူယုတ်မာတစ်ယောက်အဖြစ် မောင် သတ်မှတ်ပါတယ်ကြိုင် … ”

ကြိုင်က သံစဉ့်ကို လုံးဝမချစ်မနှစ်သက်ခဲ့။ ထိုအချက်ကိုလည်း သံစဉ် ဒေါသတွေပေါက်ကွဲနေရသည်။ ဒါကြောင့်ပဲ ကြိုင့်ကို နှိပ်စက်တာပါ။ သံသာက သံစဉ့်ဆန္ဒဆိုရင် အသက်ပေးရမယ်ဆိုရင်တောင် ဖြည့်ဆည်းပေးမယ့်သူပါ။ သံစဉ် နောင်တတွေ အကြီးအကျယ်ရသွားခဲ့သည်။

“ကြိုင့်ကို မေ့ပြစ်လိုက်တော့မယ် … သံသာ့လက်ထဲပြန်အပ်လိုက်တာက လူသားဆန်ပါတယ်”





ကြိုင်ချစ်နေတာက မိုးသံသာကိုပါ။ မိုးသံစဉ်ကို မဟုတ်ပေ။ ကြိုင်က မိုးသံသာအပေါ် သစ္စာရှိလွန်းခဲ့သည်။ သံစဉ် အဝေးဆုံးကို ထွက်သွားဖို့ပဲ ဆုံးဖြတ်လိုက်၏။ သူဆေးကုသရမယ်။ သံသာ့အတွက် သူအကောင်းဆုံး ဖြည့်ဆည်းပေးလိုက်တာပါ။ မာမီနဲ့နိုင်ငံခြားကို ထွက်သွားတော့မည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၉ )

သံသာ စိတ်တွေပေါ့ပါးသွက်လက်နေသည်။ ဘာဖြစ်လို့လဲ ဆိုတော့ သံစဥ့်ကြောင့်ပဲ ဖြစ်နေ၏။ တကယ့်ကို လူကောင်းပကတိ ကဲ့သို့ တည်ငြိမ်နေတဲ့သံစဥ် ... အထူးသဖြင့် ကြိုင်နှင့်ပတ်သက် တာတွေကို သတိမရတော့၍ဖြစ်သည်။

"သံသာ့ကို စိတ်အနှောက်အယှက်ဖြစ်အောင် အနိုင်ကျင့် တာမျိုးတွေ သံစဥ် လုံးဝမလုပ်တော့ပါဘူး ... သံသာချစ်သူနဲ့ အေး အေးဆေးဆေး လက်ထပ်ပါ"

သံစဥ် ဆေးကုသမယ်ဆိုရင်လည်း မာမီ ဝမ်းသာမည်ဖြစ် သည်။

"သံစဥ်ရယ် ... ဒီအတိုင်းလေးပဲ တစ်သက်လုံးနေပေးပါလား ကွာ ... သံစဥ်က ဉာဏ်ရည်ပြည့်သူပါ၊ တစ်နေ့နေ့မှာ သံစဥ်က





သံသာရဲ့အမွှာညီအစ်ကိုပါလို့ ကြိုင်နဲ့မိတ်ဆက်ပေးပါ့မယ်"

ကြိုင့်ကို သံသာ ဇနီးမယားအဖြစ် ဆက်ဆံဖို့တော့ တွန့် ဆုတ်နေဆဲပင်။ သံစဥ်ကို အထပ်ထပ် မေးခဲ့ပေမယ့် ကြိုင့် အကြောင်း သတိမရတော့။ မင်းချစ်သူကို တောင်းဆိုတာ ရုပ်သိမ်း တယ်တဲ့။ မင်းစိတ်ရှင်းရှင်းနဲ့ ချစ်သူနဲ့ ပေါင်းဖက်ပါတဲ့။ ရေချိုးခန်း ထဲဝင်ပြီး ကိုယ်လက်သန့်စင်နေတဲ့ ကြိုင်က သံသာ့အနားပြန် ရောက်လာသည်။

"မောင်"

"ကြိုင် ... "

"မောင့်ကိုကြည့်ရတာ အတွေးတွေလွန်နေသလိုပဲ ... ဘာဖြစ်လို့လဲဟင် ... ကြိုင့်ကို မောင့်အပြုအမူတွေက အေးစက် နေသလိုပဲ"

"မဟုတ်ပါဘူး ကြိုင် ... မာမီ့ကျန်းမာရေးကြောင့်ပါ၊ မောင့် ချစ်ဇနီးလေး ကြိုင်ကြောင့် မဟုတ်ပါဘူးကွာ"

သံစဥ့်ဇနီးဆိုပေမယ့် သံသာနှင့်တရားဝင်လက်ထပ်ထား သော ချစ်သူဖြစ်နေသည်။ စိတ်ပူမိ၏။ သံစဥ်ကိုယ်တိုင်က ခွင့်ပြု နေပြီပဲ၊ ချစ်သူကို ပွေ့ဖက်လိုက်သည်။

"ကြိုင်ရယ် ... မောင်လေ နှလုံးသားတွေ တဆတ်ဆတ်



www.burmeseclassic.com

www.burmeseclassic.com



တုန်တဲ့အထိ ကြိုင့်ကိုချစ်မြတ်နိုးရတာပါ"

"ကျွန်မ အရမ်းစိတ်ပူတယ်မောင်ရယ် ... ကျွန်မအပေါ် မောင်စိတ်ကုန်စိတ်ပျက်သွားမှာကိုပါ ... မောင်လေ အရမ်းကို ပြောင်းလဲသွားတယ် ... ကျွန်မကို ဇနီးတစ်ယောက်လို မဆက်ဆံလို့ပါ ... မောင့်အနမ်းတွေကို ကျွန်မ မျှော်လင့်နေမိပါတယ်"

ကြိုင်က သံသာ့ရင်ခွင်ထဲ တိုးဝင်လာပြီး သူမလက်လေးတွေက သံသာ့ရင်ဘတ်ပေါ် ပွတ်သပ်လှုပ်ရှားနေရင်း သူ့အင်္ကျီကြယ်သီးတွေကို ဖြုတ်နေသဖြင့် သူအထိတ်တလန့်ဖြင့် ကြိုင့်လက်တွေကို ရုတ်တရက် ဆွဲယူဖယ်ရှားပြစ်မိသည်။ ဘာဖြစ်လို့လဲဆိုတော့ သံစဉ်နဲ့သံသာ့မှာ ကွဲပြားတဲ့အမှတ်အသားတစ်ခုက ရင်ဝတွင်မှဲ့နက်ကြီးက သိသိသာသာရှိနေခြင်းဖြစ်သည်။

"မောင် ဘာဖြစ်လို့လဲဟင် ... ကျွန်မ ဘာအမှားလုပ်မိလို့လဲ"

သံသာ ကြယ်သီးတွေကို ပြန်တပ်လိုက်သည်။ ကြိုင်ရိပ်မိသွားနိုင်မလား။ သူ စိတ်ပူလွန်းကဲတာမျိုးလည်း ဖြစ်နိုင်သည်။

"ကြိုင် ဘာမှမဖြစ်ပါဘူး ... မောင့်စိတ်တွေက တစ်ခါတလေ ဘာမဟုတ်တာလေးနဲ့ထပြီး ပေါက်ကွဲချင်တယ်"

"ကျွန်မကို မောင်က မကျေနပ်နေတာလား။ မင်္ဂလာဦးည





တွေက ကျွန်မရှက်သွားလို့ပါ"

သံသာ စိတ်ကိုထိန်းချုပ်ထားလိုက်သည်။ ကြိုင့်ကိုသနားသွားရ၏။ ရင်ခုန်သံတွေက တူညီစွာ စီးချက်လိုက်နေသလိုပင်။ တကယ်ပဲ မောင် သတ္တိမရှိဘူးဖြစ်နေတယ်ကြိုင်ရယ် ... သံသာ့စိတ်တွေကိုက မလုံတာပါ။

"မောင်ရယ် ... ကျွန်မကိုနမ်းပါ ... မောင့်အချစ်တွေကို တမ်းတမ်းတတ မွတ်မွတ်သိပ်သိပ်ကြီးပဲ ကျွန်မ ဘာဖြစ်လို့မှန်းမသိဘဲ ကျွန်မ တောင်းတနေရတာလဲဟင်"

ကြိုင့်စိတ်ထဲကပဲ ပြောနေမိသည်။ မျက်ဝန်းတွေထဲမှ မျက်ရည်တွေပြည့်လျှံကျချင်လာ၏။ မောင် အပြောင်းအလဲတွေမြန်လွန်းသည်။ ကြမ်းကြမ်းရမ်းရမ်းနှင့် ကြိုင့်အပေါ် ဒေါသတွေပေါက်ကွဲလျက် ... အခုတော့လည်း မောင့်ဆက်ဆံမှုက အေးစက်စက်။ သူမ တစ်ဘက်သို့လှည့်အိပ်နေလိုက်သည်။

"ကြိုင်"

ကြိုင် မထူးတော့။ မောင်က ကြိုင့်ကိုဆင်းရဲနွမ်းပါးသူအဖြစ် အနိုင်ကျင့်နေတာလားဟင်။ ကြိုင် ဘာမှမပြောတော့ဘဲ ငြိမ်သက်နေမိသည်။

"ကြိုင်ရယ် ... မောင့်နှလုံးသားတွေက ကြိုင့်ကိုအရမ်းချစ်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်ကွယ် ... အရမ်းကိုပဲ ချစ်မြတ်နိုးမိလို့ပါ"

"မောင့်ကို ကျွန်မ ဘယ်လိုမှ စိတ်ဆိုးအပြစ်တင်တာမျိုးတွေ မရှိပါဘူး ... ကျွန်မ ဝမ်းနည်းတာတစ်ခုပါပဲ ... "

"ဝမ်းမနည်းပါနဲ့ ကြိုင် ... နောက်ဆိုရင်လေ မောင်တို့အိမ်ထောင်ရေးက ပျော်ရွှင်ချမ်းမြေ့မှုတွေနဲ့ ပြည့်စုံရမှာပါ"

ကြိုင့်ခန္ဓာကိုယ်လေးအား သံသာဘယ်လိုမှ ထိန်းချုပ်ထားနိုင်စွမ်းမရှိတော့ဘဲ။ သူ့လက်တွေနှင့် သိုင်းဖက်ထားလိုက်သည်။ ကြိုင်က သံသာ့ဘက်လှည့်လာ၏။ သံစဉ်က ခွင့်ပြုထားပြီးပြီပဲ။ ကြိုင့်မျက်နှာလေးကို အနီးကပ်အုပ်မိုးထားပြီး အနမ်းပွင့်လေးခြွေလိုက်မိသည်။

"မောင်ရယ်"

"ကြိုင့်ကိုချစ်တယ်"

မောင် ဘာမှမစဉ်းစားချင်တော့ဘူး။ ကြိုင့်ခန္ဓာကိုယ်လေးအား မလွှတ်တမ်းပွေ့ဖက်၍ သူ့စိတ်ဆန္ဒတွေအတိုင်း အချစ်တွေနှင့် မှတ်သိပ်ပြင်းပြလျှက်။ မထင်မှတ်ဘဲ တုန်လှုပ်ချောက်ချားသွားရသူက ကြိုင်ပဲဖြစ်သည်။ မောင့်ရင်ခွင်ထဲကနေ ဆတ်ခနဲ ရုန်းထွက်လိုက်ပြီး ခုတင်အောက် ဆင်းပစ်လိုက်သည်။

"ကြိုင် ... ဘာဖြစ်လို့လဲ"





"ရှင် ... ရှင် ဘယ်သူလဲ ... ကျွန်မယောကျ်ား မိုးသံသာမဟုတ်ဘူး။ ကျွန်မယောကျ်ား မိုးသံသာမှာ မွဲ့အနက်ကြီးရင်ဝမှာရှိတယ် ... ရှင်က ကျွန်မယောကျ်ား မဟုတ်ဘူး"

မောင်နှင့်ခွဲခြားလို့မရအောင် တူနေတဲ့လူတစ်ယောက်ပါ။ သူကဘယ်သူလဲ။ ကြိုင် အံ့သြထိတ်လန့်လျှက် အသံတွေက တုန်ယင်နေသည်။

"ရှင် ... ရှင်"

"ကြိုင်"

"ဘာကြိုင်လဲ ... ရှင် ... ရှင်က ကျွန်မယောကျ်ားမဟုတ်တာ အသေအချာပဲ ... ကျွန်မချစ်သူ မိုးသံသာ မဟုတ်ဘူး"

"မောင်က မိုးသံသာပါ ကြိုင် ... ဒါပေမဲ့လေ ... "

"ရှင် ဘာတွေလိမ်ညာပြောဆိုမလို့လဲ ... ကျွန်မကို အရူးလုပ်ဖို့ မကြိုးစားနဲ့နော်"

"မောင် ရှင်းပြတာတွေကို နားထောင်ပေးပါကြိုင် ... တောင်းပန်ပါတယ် ... ခဏလေးပါ ... "

"ဟင့်အင်း ... ရှင့်ကို ကျွန်မ လုံးဝအယုံအကြည်မရှိဘူးနော် အနားမကပ်လာနဲ့ ... "

ကြိုင် ကြောက်ကြောက်ရွံ့ရွံ့နှင့် အပြင်ဘက်သို့ပြေးထွက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ဘာတွေလဲ ... ဒီလူက ကျွန်မချစ်သူ မိုးသံသာတဲ့။ ကြိုင်နှင့်အတူ မင်္ဂလာဦးညတွေကို ဖြတ်သန်းလာတဲ့လူကရော မောင့်ရင်ဝမှာ မှဲ့အနက်ကြီးတစ်လုံးရှိနေတာကို ကြိုင်အသေအချာ သိနေသည်။

"ကြိုင် ... ခဏလောက်နေပါဦး၊ မောင် ရှင်းပြတာတွေကို နားထောင်ပေးပါ ကြိုင်ရယ် နော် ... "

"လိုက်မလာနဲ့နော် ... ရှင့်ကို မယုံဘူး"

"ကြိုင်"

"မာမိရေ ... မာမိ ... "

ကြိုင် ... မာမီ့အိပ်ခန်းရှိရာသို့ ပြေးထွက်လာခဲ့သည်။ ဘာကို မှ ကြိုင်နားမလည်နိုင်တော့ဘူး။ သူမ ခြေဦးတည်ရာပြေးထွက်လာ စဉ် လမ်းမှတစ်စုံတစ်ယောက်နှင့် ဝင်တိုက်မိသည်။

"အင့်"

"ဟင်"

လူတစ်ယောက်ရဲ့ရင်ခွင်ထဲ လဲပြိုကျသွားပြီး ထိုလူက ထိန်း မတ်ပေးရင်း မီးတွေလင်းသွားသည်။

"ဟင် ... ရှင် ... ရှင် ... "

"ကြိုင် ... "





"ဟင်"

ကြိုင့်ချစ်သူ မိုးသံသာများလား။ လူနှစ်ယောက်က ရုပ်ချင်း ခွဲမရအောင် တူညီနေကြသည်။

"ကိုယ်က မိုးသံစဉ်ပါ ကြိုင်"

"ဟင် ... ဒါဆို ရှင်က ... ရှင်က ... "

"ဟုတ်ပါတယ် ... မင်းရဲ့ချစ်သူက မိုးသံသာပါ"

"ဒါ ... ဒါဆို ... "

"ကြိုင်နဲ့လက်ထပ်ခဲ့တာကလဲ မိုးသံသာပါပဲ ... ကြိုင်နဲ့အတူ တူ မင်္ဂလာဦးညတွေကို ဖြတ်သန်းလာခဲ့တာက မိုးသံစဉ်ပါ"

"အမလေး ... "

ကြိုင် ကြားလိုက်ရတဲ့စကားတွေအတွက် ဘယ်လိုမှခံစား နိုင်စွမ်းမရှိတော့ဘဲ ကြမ်းပြင်ပေါ် ပုံလျက်သား ခွေလဲကျသွား သည်။

"ကြိုင် ... သတိထားပါ ကြိုင် ... "

သံစဉ်က သူ့လက်တွေနဲ့ထိန်းပြီး ပွေ့ထားသည်။ သံသာ လည်း ကြိုင့်အနားသို့ ရောက်လာ၏။ မာမီလည်း ရောက်လာပြီး ကြိုင့်ကို သံသာပွေ့ယူ၍ အိပ်ခန်းထဲပြန်ယူလာသည်။ မာမီနှင့်သံစဉ် လည်း လိုက်လာကြ၏။ ကြိုင့်ကို ခုတင်ပေါ်တင်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သံသာ ... တကယ်တော့ သံစဉ်အားလုံးကို မှတ်မိနေပါ တယ် ... ဒါပေမဲ့ သံသာ့ချစ်သူကို သံသာ့လက်ထဲ ပြန်အပ်ချင်လို့ မေ့ချင်ယောင် ဆောင်ခဲ့တာပါ"

"ဟင်"

"မင်းတို့အိမ်ထောင်ရေးကို အဆင်ပြေချင်တာလေ ... သံစဉ် အတွက်ကြီးခဲ့ပါတယ် ... မာမီနဲ့ သံသာ့အပေါ် အညိုးအတေးတွေ ကြီးခဲ့တာပါ"

"မာမို့အပြစ်တွေလည်း ပါပါတယ်သားသံစဉ်ရယ် ... မာမီ ကိုယ်တိုင်က အယူအဆတွေဆုံးဖြတ်ချက်တွေ မှားယွင်းလွဲချော်ခဲ့ တာပါ"

"သံစဉ်လေး ငယ်ငယ်လေးထဲက မာမီတမင်လုပ်လိုက်တာ လို့ထင်ခဲ့တယ် ... အမြဲတမ်း အလိုမကျမှုတွေ မကျေမနပ်ဖြစ်မှုတွေ က အတွက်တွေဖြစ်ရတယ် ... ဒေါသတွေပေါက်ကွဲရတယ်၊ သတိ လက်လွတ်ဖြစ်ရတယ် ... နောက်ဆုံး သံသာ့ချစ်သူကို အနိုင်ကျင့် ရယူခဲ့တယ် ... သားမယားအဖြစ် ပေါင်းသင်းနိုပ်စက်ခဲ့မိတယ်"

"တော်ပါတော့ သားသံစဉ်ရယ် ... မာမီ မကြားချင်တော့ ဘူး၊ မာမီလည်း သားသံစဉ်ကို ပျော်ရွှင်စေချင်လို့ပါ ... မလုပ်သင့် မလုပ်ထိုက်တဲ့အလုပ်တွေကို လုပ်ခဲ့ပါတယ်"





သံသာကတော့ သူ့ဆံပင်တွေကို လက်နှင့်ထိုးဖွရင်းဆောက် တည်ရာမရအောင် ကြေကွဲရသည်။ ကြိုင် သတိရလာလျှင် ဘယ်လို ရင်ဆိုင်ဖြေရှင်းရမလဲ။ ကြိုင်က ခွင့်လွှတ်ပေးမှာ မဟုတ်တာသေ ချာသည်။

"သံစဉ် တောင်းပန်ပါတယ် ... သံသာ အားလုံးကိုမေ့ဖြစ် လိုက်ကြရအောင် ... သံစဉ် ထွက်သွားမယ်၊ သင်းရနံ့ကြိုင် လက်ခံ လာအောင်လည်း တောင်းပန်ချင်တယ်"

"သားသံသာ စိတ်ကိုတည်ငြိမ်အောင်ထားပါ ... မာမီ ရှင်းပါ့ မယ်"

"ကြိုင့်မှာ အပြစ်မရှိပါဘူး မာမီ ... ကြိုင့်ဘဝကြီးတစ်ခုလုံး ကို ဖောက်ထိုးမိုးမျှော်ဖြစ်အောင် သံသာတို့လုပ်ခဲ့တာပါ"

"ကြိုင်လေးကို သတိရတဲ့အထိ မာမီကြည့်ထားမယ်၊ သံသာ ထွက်သွားတော့ ... ပြဿနာတွေအားလုံးကို မာမီရှင်းပါ့မယ်"

"သံသာပဲ ရင်ဆိုင်မယ်မာမီ ... ကြိုင်ပေးတဲ့အပြစ်ဒဏ်ကို သံသာခံယူမယ် ... မာမီရော သံစဉ်ရော ဝင်မပါနဲ့တော့ဗျာ ... "

သံသာ့တောင်းဆိုမှုတွေကို သံစဉ် လက်ခံသည်။ သံစဉ် လုံးဝ ပတ်သက်မှုမရှိစေရန် ကြိုးစားနေထိုင်မည်ဖြစ်၏။ သံစဉ့်စိတ်တွေ တည်ငြိမ်မှုရှိနေပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မာမီ ဝင်မပါပါနဲ့တော့ ... ကြိုင်နဲ့သံသာတို့ပဲ ညှိနှိုင်းဆွေးနွေးတိုင်ပင်ဆုံးဖြတ်ကြပါစေ ... သံစဉ်တို့နိုင်ငံခြားမှာ ဆေးကုသဖို့ပဲ မာမီစီစဉ်ပါ"

"အေးပါသားရယ် ... မာမီ စီစဉ်ပါ့မယ် ... မာမို့သားတွေရဲ့ဘဝ တည်ငြိမ်အေးချမ်းစေချင်ပါတယ်"

ကြိုင်ရယ် ... မောင့်နှလုံးသားတွေထဲက ကြိုင့်ကိုမြင်မြင်ခြင်းပဲ ချစ်မြတ်နိုးခဲ့မိသွားရပါတယ်။ အဲဒီအချိန်က မောင့်စိတ်တွေသတိလက်လွတ်ဖြစ်သွားတယ်။ ဒေါသတွေပေါက်ကွဲလွှင့်ထွက်နေတဲ့အချိန် ဖြစ်နေလို့ပါ။ အချိန်ကစပြီး ကြိုင့်ကို အပြီးအပိုင်မောင့်နှလုံးသားတွေထဲကနေ ထုတ်ဖယ်ထားလိုက်ပါပြီ။ ကြိုင်က သတိလစ်မိန်းမောနေသည်။

"ကြိုင်က အပြစ်ကင်းပါတယ် ... မောင်တို့မိသားစုအပြစ်တွေပါ ကြိုင် ... အနူးအညွတ် တောင်းပန်ပါတယ်"

စိတ်ထဲကနေ ကြိုင့်ကို အနူးအညွတ် တောင်းပန်ပြီး သံစဉ်ချာခနဲ လှည့်ထွက်လာခဲ့သည်။ ရင်ထဲမှာ နာကျင်ကြေကွဲမှုတွေနှင့်ပြည့်နှက်နေ၏။ မောင်ဆိုတဲ့ အသုံးအနှုန်းကိုလည်း နောက်ဆုံးသုံးစွဲခဲ့မိခြင်းပါ ကြိုင်။ သံသာ့အတွက် အကောင်းဆုံးတစ်ခုလောက်တော့ လုပ်ဆောင်ပေးချင်သည်။ သူ့အတွက်တွေကိုလည်း အပြီးအပိုင်





စွန့်လွှတ်လိုက်ဖို့ ဆုံးဖြတ်ထားလိုက်၏။ ကျွန်မချစ်သူ မိုးသံသာဟု ပြောလေတိုင်း သံစဉ် ပေါက်ကွဲရလျက် ကြိုင့်အား ထိခိုက်နာကျင်စေရန် ဒေါသတွေနှင့် နှိပ်စက်နေခဲ့သည်။

"မောင့်စိတ်တွေ လွှတ်ထွက်မသွားအောင် ထိန်းချုပ်ရမယ် ကြိုင် ... ရိုးသားဖြူစင်တဲ့ သင်းရနံ့ကြိုင်ရဲ့ဘဝလေးကို ထိခိုက်နာကျင်စေအောင် မောင် ဘယ်တော့မှမလုပ်ဖို့ ဆုံးဖြတ်ထားလိုက်ပါပြီ"

မောင်ဆိုတဲ့ အသုံးအနှုန်းကို စွန့်ပြစ်လိုက်ရတဲ့ နာကျင်ကြေကွဲမှုတွေက အတိုင်းအဆမရှိတော့။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၀ )

"ကြိုင်"

"ဟင် ... ရှင် ... ရှင် ... ဘယ်သူလဲ မိုးသံသာလား မိုးသံစဉ်လား"

ကြိုင် သတိရလာတော့ သူမမျက်နှာပေါ် အုပ်မိုးနေသော မျက်နှာတစ်ခုကို မြင်လိုက်တာနှင့် အထိတ်တလန့် ထပြီးထိုင်မိသည်။

"မောင်ပါ မိုးသံသာ ... မောင် ရှင်းပြတာကို ကြိုင် နားထောင်ပြီးမှ ဆုံးဖြတ်ပါကြိုင် ... ဘယ်လိုအပြစ်ဒဏ်မျိုးပဲဖြစ်ဖြစ် မောင် ခံယူပါ့မယ်"

ကြိုင့်စိတ်တွေ တုန်လှုပ်ချောက်ချားနေပြီး အရှက်ကြီးရှက်နေမိသည်။





ဘယ်လိုလုပ်ရမလဲ။

ကြိုင်နှင့်လက်ထပ်တာက မိုးသံသာ။ ကြိုင့်ခင်ပွန်းအဖြစ် ပေါင်းသင်းဆက်ဆံရတာက မိုးသံစဉ်တဲ့။

ရုပ်ချင်းခွဲမရအောင် တူနေကြ၏။

အမှတ်တစ်ခုကြောင့် ကြိုင်ခွဲနိုင်ခြင်း ဖြစ်သည်။

"တကယ်တော့ မိုးသံစဉ်နဲ့မိုးသံသာက အမွှာညီအစ်ကိုပါ ကြိုင် ... သံစဉ် ငယ်ငယ်က မာမီလက်ပေါ်ကနေ ပြုတ်ကျပြီး ခေါင်းကို ထိသွားတယ် ... တစ်ခါတလေ ဒေါသကြီးရင် သူ့ကိုယ်သူ သေကြောင်းကြံစည်တဲ့အထိ ကြံစည်တတ်တယ်"

သံသာ့မိသားစုနှင့်ပတ်သက်တာတွေကို အသေအချာရှင်းပြလိုက်သည်။

ချစ်သူက မုန်းတီးရွံ့ရှာတဲ့မျက်ဝန်းတွေနှင့် ခါးခါးသီးသီး ကြည့်နေတာကို သံသာ မခံစားနိုင်ပေ။

လူယုတ်မာတွေဟု ပြင်းထန်သော စွဲချက်တွေတင်မှာ သေချာနေသည်။

"မောင်တို့ မှားပါတယ်ကြိုင် ... သံစဉ့်အတွက်ပဲ အတွေးကြီးကြီးနဲ့ ကြည့်မိပါတယ် ... အဲဒီအတွက် မောင်တို့ကို ကြိုင်တွေးလောက်တဲ့အပြစ်တွေပေးပါ ... မောင်တို့မိသားစု ခံယူဖို့အသင့်



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ"

"ကျွန်မ ဒီကနေထွက်သွားခွင့်ပြုပါ ... ကျွန်မဘဝကို ကျေနပ်စွာနဲ့ ထွက်သွားမှာပါ ... ရှင်တို့က ငွေကြေးချမ်းသာကြွယ်ဝ တာပဲလေ ... ဘာလုပ်လုပ် တင့်တယ်ပါတယ်"

"ကြိုင်"

"ကျွန်မ ကျေးဇူးတင်ပါတယ်၊ ရှင်တို့ကိုလည်း အပြစ်မတင်ပါဘူး ... မလွှဲသာမရှောင်သာလို့ပဲ လုပ်ရတာပါဆိုတဲ့အကြောင်းပြချက်ကို လက်ခံပါတယ် ... အပြစ်မတင်ပါဘူး ... "

"ကြိုင်ရယ် မောင်တောင်းပန်ပါတယ် ... ထွက်မသွားပါနဲ့ မောင့်ကို မပေါင်းချင်ရင်လည်းနေပါ ... နှစ်ဘယ်လောက်ပဲ စောင့်ရပါစေ သေတဲ့အထိ မောင် စောင့်ပါ့မယ်"

"ကျွန်မ ဆက်မနေနိုင်ပါဘူး၊ ရှင့်ကိုလည်း ကွာရှင်းပါ့မယ်၊ ကျွန်မဦးလေးကို ထူထောင်ပေးထားတဲ့ အရင်းအနှီးတွေအတွက်လည်း ကျွန်မ ပေးပါ့မယ်"

"အဲဒီလို မပြောပါနဲ့ ကြိုင်ရယ် ... မင်းကိုပေးတာတွေက မောင့်ဇနီး မောင့်စီးပွားရေးအတွက် ကြိုင်တစ်ဝက် ပိုင်ဆင်တဲ့ သဘောပါ"

မောင်တို့မိသားစုအား ကြိုင်အပြစ်တင်စကား မပြောချင်





ပေ။

မလွှဲသာမရှောင်သာလို့ဟု အကြောင်းပြချက်ကလည်း မှန်ကန်ပါသည်။

ဒါပေမဲ့ ... ကြိုင် ရှက်သည်။ ဘယ်လိုမျက်နှာပြရမလဲ။

မိုးသံစဉ်က ကြိုင့်ခင်ပွန်း။

ကြိုင်နှင့်တရားဝင် လက်ထပ်ထားတာက မိုးသံသာပါ။

တွေးမိတိုင်း ရှက်နေမိ၏။

ကြိုင် ကွာရှင်းမယ်။

ဘယ်လောက်ပဲ ချမ်းသာကြွယ်ဝနေပါစေ ကြိုင် မမက်မော။

ညီအစ်ကို နှစ်ယောက်ကိုလည်း တစ်ပြိုင်နက် မပေါင်းသင်းလိုပေ။

"ကိုမိုးသံသာနဲ့ တရားဝင်လက်ထပ်ထားတာ မှန်ပေမယ့် ဒီလိုအဖြစ်မျိုးကို ကျွန်မ လက်မခံနိုင်ပါဘူး ... ကျွန်မ ရှက်လို့သေပါတော့မယ် ... မာမီ့ကိုလည်း သနားပါတယ်၊ ကျွန်မကို ထွက်သွားခွင့်ပြုပေးပါ"

"စဉ်းစားပါဦး ကြိုင် ... မောင့်ကို မမုန်းပါနဲ့၊ ကွာရှင်းခွင့်ပေး မဖြစ်ဘူး ... မောင် မကွာရှင်းပေးနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဆက်မနေချင်ဘူး၊ ကွာရှင်းတာ မကွာရှင်းတာ အရေးမကြီးပါဘူး ... ကျွန်မ ထွက်သွားတော့မယ်"

သူမ ထလိုက်သည်။

ခေါင်းထဲမှ မိုက်ခနဲဖြစ်သွားကာ ပြန်ထိုင်လိုက်ရ၏။

မောင်က ကြိုင့်အား စိုးရိမ်တကြီး ဖေးမဖို့ပြင်လိုက်သဖြင့် ကြိုင် ရှောင်ပြစ်လိုက်သည်။

"ရပါတယ် ... ကျွန်မ အသားကို မထိပါနဲ့၊ ဘယ်လိုမှတော့ မအောင်းမေ့ပါနဲ့ ကိုမိုးသံသာ ... "

"ကြိုင်ရယ်"

ရှင်တို့မိသားစုကို ကျွန်မ ကြောက်ပါတယ်ဆိုတဲ့စကားကို ပြောမထွက်ပေ။

စိတ်ဝေဒနာရှင်တစ်ယောက်နဲ့မှ အတူတူအိပ်စက်ခွင့်ပြုခဲ့ရတာ ရက်စက်လွန်းသည်။

ကိုမိုးသံစဉ်ရဲ့ ကြောက်စရာကောင်းလောက်အောင် နှိပ်စက်မှုတွေကို ပြန်တွေးမိတိုင်း ထိတ်လန့်တုန်လှုပ်နေဆဲပင်။

"ကြိုင့် ကျန်းမာရေးမကောင်းသေးပါဘူး ... ခဏလောက်ပဲ ဖြစ်ဖြစ်နေပါ၊ ဆရာဝန်ပြရမယ် ... ကျန်းမာရေးကောင်းသွားမှ ကြိုင် ဆုံးဖြတ်ပါ ... "





"ဒါဆို ကျွန်မအိပ်ခန်းထဲကနေ ထွက်ပေးပါ ... "

"ကောင်းပါပြီ ကြိုင် ... မောင် ထွက်သွားပေးပါ့မယ်၊ ကြိုင် အေးအေးချမ်းချမ်းနေပါ"

ကြိုင့်ကျန်းမာရေးကြောင့် မတ်တတ်ပင် မရပ်နိုင်ဘဲဖြစ်နေသည်။

ဦးလေးသောင်းရဲ့ စီးပွားရေးကလည်း အောင်မြင်စပြုနေ၏။

ကြိုင် ဘယ်လိုဆုံးဖြတ်ရမလဲ။

ဦးလေးသောင်း သိသွားရင်လည်း ဒေါသထွက်မှာ သေချာသည်။

"မောင် သိပါတယ် ... သံစဉ်ရဲ့နှိပ်စက်မှုကြောင့် ကြိုင် ဘယ်လောက်အထိ စိတ်သောကတွေရောက်ရလဲဆိုတာလေ"

"ကျွန်မ အရာအားလုံးကို မေ့ပစ်ချင်ပါတယ်၊ မေ့လည်းမေ့ ဖြစ်လိုက်ပါပြီ ... အခုအချိန်မှာ ကျွန်မတစ်ယောက်ထဲ နေခွင့်ပြုပါ"

ကြိုင် ပူပင်ရတာက ကိုမိုးသံစဉ်နဲ့ကိုယ်ဝန်ရှိနေရင် ဘယ်လို လုပ်ရမလဲ။

ကြောက်စိတ်တွေ ဝင်လာသည်ကို မိုးသံသာကတော့ သူမ အား ဇနီးမယားတစ်ယောက်အဖြစ် မဆက်ဆံခဲ့။



www.burmeseclassic.com

www.burmeseclassic.com



မောင့်ရဲ့ ကိုယ်ကျင့်တရားကိုတော့ ကြိုင် လေးစားမိ၏။

မာမီကလည်း ကြိုင့်အပေါ် သမီးတစ်ယောက်ကဲ့သို့ ကောင်းမွန်စွာ ဆက်ဆံခဲ့သည်။

"ကျွန်မကို ဆင်ပေးထားတဲ့ စိန်တွေ ရွှေတွေအားလုံး မာမီ့လက်ထဲ ပြန်အပ်ပေးပါနော်"

"အဲဒီလိုမလုပ်ပါနဲ့ ကြိုင် ... မာမီ အရမ်းစိတ်မကောင်းဖြစ်သွားလိမ့်မယ် ... အခုတောင် မာမီ အရမ်းမျက်နှာပူ အားနာနေပါတယ်"

"ပြန်ပေးပေးပါ ... ကျွန်မ ဒီကနေထွက်သွားတော့မယ့်အကြောင်း မာမီ့ကို ပြောပြပေးပါ ... "

"ကြိုင့်သဘောဆန္ဒအတိုင်းပါပဲ ... ကြိုင် အနားယူတော့နော်၊ ဆရာဝန် ညနေလာလိမ့်မယ် ... ကြိုင် စိတ်အေးချမ်းသာနေပါ"

မိုးသံသာ အခန်းအပြင်သို့ ထွက်လာခဲ့သည်။

ကြိုင့်ဘက်မှ အရမ်းကြီး မပေါက်ကွဲလို့တော်ပါသေးရဲ့။

မာမီရှိနေတဲ့ ဧည့်ခန်းထဲ ရောက်လာတော့ သံစဉ်လည်း ရှိနေသည်။

"သားသံသာ ... အခြေအနေက ဘယ်လိုလဲကွယ် ... မာမီ





တော့ အရမ်းအားနာနေတယ်၊ ကြိုင်လေးနဲ့ ဘယ်လိုမျက်နှာချင်းဆိုင်ရမှန်းတောင် မသိတော့ပါဘူး"

"လောလောဆယ်တော့ ကြိုင် အားမရှိသေးဘူး မာမီ ... ထတောင်မထနိုင်သေးပါဘူး ... ဆေးကုသဖို့ သံသာအတင်းတောင်းပန်ထားရပါတယ် ... သံသာတို့မိသားစုကို အပြစ်မတင်ပေမယ့် ဒီကနေထွက်သွားမယ်တဲ့၊ ဒီလိုအခြေအနေမျိုးကို လုံးဝလက်မခံနိုင်ဘူးတဲ့ ... မာမီ့ဆီလည်း လက်ဝတ်ရတနာတွေ ပြန်အပ်ခိုင်းပါတယ်"

"ဟင်"

"အရာအားလုံးက သံစဉ့်ကြောင့်ဖြစ်ရတာပါ၊ မာမီမတတ်နိုင်တော့ဘူးလေ ... မကြာခင်ပဲ သံစဉ် နိုင်ငံခြားကိုထွက်မယ်၊ မာမီနဲ့လေ ဟိုမှာ အပြီးအပိုင်နေတော့မယ် ... "

"ဟုတ်တယ်သားသံသာ ... မာမီတို့ထွက်သွားမှာပါ၊ သားနဲ့ကြိုင်တို့ကိုတော့ အဆင်ပြေစေချင်တယ် ... မာမီနဲ့သားသံစဉ်တို့ဘယ်လိုအကြောင်းမျိုးနဲ့မှလာပြီး မနှောက်ယှက်ပါဘူး ... မာမီပိုင်ဆိုင်သမျှ စည်းစိမ်တွေလည်း သားသံသာနဲ့သမီးကြိုင်ကို ပေးပါ့မယ်"

"ထားလိုက်ပါတော့ မာမီ ... ကြိုင်ကလည်း သံသာ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုအကြောင်းမျိုးနဲ့မှ လက်ခံမှာ မဟုတ်တော့ဘူး ... ကြိုင့်စိတ်တွေ တည်ငြိမ်ဖို့အချိန်တွေ အများကြီးယူရလိမ့်မယ်ထင်ပါတယ်"

"အင်းပါလေ ... အချိန်စောင့်ရမှာပဲ ... ကြိုင်လေး သဘောပါပဲ၊ မာမီတို့အပြစ်တွေပဲ ... ကြိုင်လေးအပေါ် လူမဆန်ဘူး"

သံစဉ်ကိုယ်တိုင် သူ့အမှားအတွက် ကြိုင့်ဆီကိုဘယ်လိုပြန်ပေးဆပ်ရမလဲဆိုတာ စဉ်းစားနေမိသည်။

သံစဉ့်ကြောင့်ပါ။

သူ့အတ္တတွေကြောင့်ပဲ မိသားစုဝင်တွေ နှစ်ပေါင်းများစွာ စိတ်သောကတွေ ရောက်နေကြရသည်။

သံစဉ် တွေးမိတိုင်း နောင်တရနေသည်။

"ကဲပါ ... သားတို့လဲ အနားယူကြတော့ ... သားသံသာအတွက် အိပ်ခန်းသီးသန့်ပြင်ပေးမယ်၊ နောက်မှ တဖြည်းဖြည်းချင်း ညှိနှိုင်းကြမယ် ... အဓိက သားသံစဉ်ပဲ ... စိတ်ကိုကြံ့ခိုင်အောင် ကြိုးစားပါသားရယ်နော် ... "

"သံစဉ့်အတွက်လည်း စိတ်ချပါမာမီ ... သံစဉ့်ကြောင့် မိသားစုဝင်တွေ စိတ်သောက မရောက်စေရတော့ပါဘူး၊ သံစဉ့်ကြောင့်လည်း ဘယ်သူမှ စိတ်သောကမရောက်ကြပါနဲ့ ... အားလုံး





အတွက် ပေးဆပ်ပါရစေ မာမီ ... "

သံစဉ် ပြန်ထွက်လာခဲ့သည်။

သူ့အိပ်ခန်းထဲ ပြန်ဝင်လာခဲ့သည်။

မိသားစုဘဝတွေကို လှလှပပအကွက်ဆင် ဖျက်စီးခဲ့တာ သံစဉ်ကိုယ်တိုင်ပဲ ဖြစ်နေ၏။

စိတ်ထိခိုက်ကြေကွဲရသည်။

"ကြိုင်ရယ် ... မောင်လေ ကြိုင့်ကို ချစ်နေဆဲပဲ ... မောင်မေ့ပြစ်လို့ မရဘူး၊ ဒါပေမဲ့ ... ကြိုင့်ဘဝလေးကို မောင့်ကြောင့် မထိခိုက် မနစ်နာစေချင်တော့ပါဘူး ... "

ကြိုင့်ကို တွေ့မြင်ချင်တဲ့ဆန္ဒတွေကို သံစဉ်ထိန်းချုပ်နေရသည်။

"ကြိုင့်ကို မောင်ပေးဆပ်ရမယ်၊ မောင့်ဘဝထဲ ကြိုင်ဝင်လို့ မဖြစ်နိုင်ဘူးဆိုတာ မောင်သိတယ် ... မာမီရော သံသာရော အားလုံး နစ်နာထိခိုက်နေရတယ်"

သံစဉ် အော်ဟစ်ငိုပြစ်ချင်နေသည်။

သံသာနဲ့ကြိုင်တို့ရဲ့ ပျော်ရွှင်ချမ်းမြေ့ဖွယ် အိမ်ထောင်စုလေးက သံစဉ့်ကြောင့် မီးတောက်တွေ ဝါးမျိုမှုအောက်မှာ ဖျက်ဆီးပျောက်ကွယ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင့်လိုကောင်က လူ့လောကကြီးထဲမှာ ရှိမနေသင့်တော့ဘူးထင်တယ် ကြိုင် ... "

သံစဉ် အတွေးတွေနှင့် ရှုပ်ထွေးစွာ ခုတင်ပေါ်မှာ ငုတ်တုတ်ထိုင်နေမိသည်။

စိတ်တွေပေါက်ကွဲလွင့်ထွက်မသွားစေရန် ထိန်းချုပ်နေရ၏။

တဖြည်းဖြည်းနှင့် အချိန်တွေကုန်ဆုံးသွားခဲ့ပြီး ကြိုင့်ကိုတွေ့ချင်တဲ့ဆန္ဒတွေ ပြင်းပြင်းပြပြ ထွက်ပေါ်လာသဖြင့် နောက်ဆုံးအနေနှင့် ကြိုင့်ကို သွားနှုတ်ဆက်ဖို့ စိတ်ကူးရသွားသဖြင့် ကြိုင်ရှိနေတဲ့ အခန်းကို ရောက်လာခဲ့သည်။

"ကြိုင် ... ခဏလေးပါ။ မောင့်ကို ခဏလေးတွေ့ခွင့်ပေးပါကွာ"

ကြိုင့်အိပ်ခန်းက အတွင်းမှ တံခါးပိတ်ထား၍ သံစဉ်အသံပေးလိုက်သည်။

"ကြိုင် ... ကြိုင် ... "

"ရှင် ... ဘယ်သူလဲ"

"မိုးသံစဉ်ပါ ... မောင်ခဏလေး တွေ့ချင်လို့ပါ။ လာပြီးနှုတ်ဆက်တာပါ။ ကြိုင့်ကိုတောင်းပန်ချင်ပါတယ်"

"ကျွန်မ ဘယ်သူနဲ့မှ မတွေ့ချင်ပါဘူး။ ရှင့်ကိုအကြောက်ဆုံး





ပဲ ... "

"မောင် တွေ့ချင်တဲ့ဆန္ဒလေးတစ်ခုပဲ ရှိပါတယ်ကြိုင်ရယ်၊ တံခါးဖွင့်ပေးပါ"

"မဖွင့်ပေးနိုင်ပါဘူး ကိုမိုးသံစဉ် ... ဘယ်သူ့ကိုမှလည်း ကျွန်မ အပြစ်မတင်ပါဘူး ... တောင်းပန်စရာလည်း မလိုဘူးလို့ထင်ပါတယ် ထွက်သွားပါ ... "

မိုးသံစဉ် ဖြစ်နေ၍ ကြိုင် အလွန်အမင်းကြောက်ရွံ့ထိတ်လန့်နေမိသည်။

ကြိုင် ထွက်သွားချင်ပါပြီ။

လူကအားအင်ချိနဲ့နေ၍ ဖြစ်၏။

ညနေက ဆရာဝန်လာကြည့်ပြီး ကြိုင့်မှာ ကိုယ်ဝန်မရှိကြောင်းနှင့် အားနည်းလွန်းနေသဖြင့် အနားယူရန် မှာကြားထားခဲ့သည်။

ကိုယ်ဝန်မရှိဘူးဆို၍ ကြိုင် စိတ်သက်သာရာရခဲ့၏။

အခု မိုးသံစဉ် ရောက်လာပြန်သည်။

"မောင် ထွက်သွားမှာပါ ကြိုင်ရယ် ... မင်းအနားကနေအပြီးအပိုင် ထွက်သွားတော့မှာပါ ... မျက်နှာလေးကို ခဏလေးကြည့်ချင် နှုတ်ဆက်ချင်တာပါ ... မောင်က ကြိုင်နဲ့နောက်ဆုံးတွေ့



www.burmeseclassic.com

www.burmeseclassic.com



ချင်းပါကွာ”

“ကျွန်မ လုံးဝမတွေ့နိုင်ဘူး။ အကောင်းဆုံးက ရှင် ကျွန်မနဲ့ အဝေးဆုံးကို ထွက်သွားပေးဖို့ပဲ ... ကျွန်မကို ဘယ်လိုအကြောင်း ပြချက်မျိုးနဲ့မှ လာပြီးထပ်မပတ်သက်ပါနဲ့တော့ ... ကျွန်မ ကိုယ့်ကိုယ်ကို သတ်သေပြစ်လိုက်မှာနော်”

“အဲဒီလိုမလုပ်ပါနဲ့ကြိုင် ... မင်းက ဖြူစင်ပါတယ်၊ အပြစ်ဆိုလို့ မြူမှုန်လေးမျှတောင် လွန်ကျူးခဲ့တာမှ မဟုတ်တာ ... ဒါဆိုလဲ မောင်ထွက်သွားပါတော့မယ် ... တစ်ခု မှာထားခဲ့ချင်တာက မိုးသံသာကို မမုန်းပါနဲ့ ... လူယုတ်မာအမွှာအစ်ကိုကြောင့် မိုးသံသာ မလုပ်သင့်တာတွေကို လုပ်မိသွားရတာပါကြိုင် ... ကျေးဇူးပြုပြီး မိုးသံသာကို လက်ခံပေးပါ ... ဘာပဲဖြစ်ဖြစ်လေ ခင်ပွန်းတစ်ယောက်ပါ ... ကြိုင့်ကိုလည်း အရမ်းချစ်မြတ်နိုး တန်ဖိုးထားရှာပါတယ်”

“မကြားချင်ဘူး ... ရှင် ဘာမှဆက်မပြောပါနဲ့တော့၊ ထွက်သွားပေးပါ ... ကျွန်မအနားကနေ အဝေးဆုံးကိုသွားပါ၊ ရှင့်အသံကို ကျွန်မ လုံးဝမကြားပါရစေနဲ့ ... ”

“အိုကေ ... မင်းဆန္ဒတွေအတိုင်းပဲ ဖြစ်စေရပါ့မယ်၊ မောင် နှုတ်ဆက်ပါတယ် ... ကြိုင်ပျော်ရွှင်နိုင်ပါစေ ... ”





သံစဉ် ပြုံးပြစ်လိုက်သည်။

လူကိုယ်တိုင် မတွေ့ရသော်လည်း ကြိုင့်အသံလေးကို ကြားလိုက်ရ၍ ကျေနပ်ပျော်ရွှင်ရ၏။

စိတ်ချပါ ကြိုင်ရယ် ...

ကြိုင့်ဆန္ဒတွေအတိုင်း ဖြစ်စေရပါ့မယ်။

အလင်းရောင် ကင်းမဲ့နေတဲ့ တိုက်ကြီးထဲကနေ မိုးသံစဉ် တစ်လှမ်းခြင်း လှမ်းထွက်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၁ )

မိုးသံသာရဲ့ဘဝတွေက ကြမ္မာဆိုးတွေဝိုင်းရံလျှက် နက်ရှိုင်းတဲ့ ချောက်ကမ်းပါးကြီးထဲ ပြုတ်ကျသွားသလို သွေးနှလုံးသားတွေထဲမှာ ပြင်းထန်လွန်းတဲ့ လောကဒဏ်ရဲ့ ရိုက်ပုတ်မှုဒဏ်ရာဒဏ်ချက်တွေနှင့် ပြည့်နှက်ခဲ့ရလေသည်။ ချစ်ဇနီး သင်းရနံ့ကြိုင်က သူ့အနားကနေ ထွက်သွားပြီး ကွာရှင်းခွင့်ရရန် ကြိုးစားနေခဲ့၏။ သူ့အ အစ်ကို မိုးသံစဉ်တစ်ယောက် ခြံထဲမှာရှိတဲ့ရေကူးကန်ထဲမှာ ရေနစ်သေဆုံးနေတာ တွေ့လိုက်ရသည်။

"မာမီ ထင်နေတယ် ... သားသံစဉ် ဒီလိုကြံစည်တော့မယ်ဆိုတာ ... သားသံစဉ်မရှိမှ လောကကြီးအေးချမ်းသွားမယ်ထင်သလားပဲ ... မာမီတို့အတွက် အကောင်းဆုံးတစ်ခု လုပ်ပေးသွားတယ်လေ"





မာမီက သံစဉ့်ကို သံယောဇဉ်အတွယ်ဆုံးပါ။ ဖြေလို့မရနိုင်အောင် အပူမီးတွေ လောင်မြိုက်နေရသည်။

"သားသံစဉ်ရယ် ... မာမီ မှဖြေနိုင်တော့ဘူး၊ သားသံစဉ်ဒီလိုလုပ်မယ်ဆိုတာ မာမီကြိုသိထားပေမယ့် အကာအကွယ်မပေးနိုင်ခဲ့ဘူး"

သံစဉ် အသုဘသို့ ကြိုင်ရောက်မလာခဲ့ပေ။ သံသာ ထောက်ပံ့ပေးထားတဲ့ ဦးလေးသောင်းရဲ့ အရင်းအနှီးငွေကြေးတွေကို ပြန်၍ပေးခဲ့သည်။ မာနကြီးတဲ့ ကြိုင်။

"ဦးလေးသောင်းကတော့ ဘယ်သူ့ကိုမှ အပြစ်မတင်ချင်တော့ပါဘူး မောင်မိုးသံသာ ... သူ့မလေးဘက်က ကြည့်ရင်လည်း နားကြည်းစရာပဲ၊ ဒါကြောင့် ... ဦးလေးသောင်း အရင်းအနှီးတွေပြန်ပေးရတာပါ။ လုပ်ငန်းက လည်ပတ်လို့ရပါတယ် စိတ်မပူပါနဲ့ ... "

သံသာ လက်ခံလိုက်ရသည်။ ကြိုင့်ကိုလည်း ကွာရှင်းပေးလိုက်၏။ ကြိုင် စိတ်လွတ်ကိုယ်လွတ် ပျော်ရွှင်နိုင်ရေးပါ။ ကြိုင့်ကိုနောက်ဆုံးအထိ တောင်းပန်ခဲ့သေးသည်။

"မောင်တို့ မကွာရှင်းဘဲ ဒီအတိုင်းလေးပဲ နေကြရအောင်လား ကြိုင်ရယ် ... မောင့်ကို နားလည်ခွင့်လွှတ်ပေးနိုင်တဲ့အချိန်အထိလေ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ကျွန်မဘက်ကနေ ဘယ်အချိန်မှ ခွင့်လွှတ်နိုင်မှာမဟုတ်လို့ပါ ကိုမိုးသံသာ ... မျှော်လင့်မနေပါနဲ့တော့၊ ထပ်ပြီးတော့လည်း မပတ်သက်ပါရစေနဲ့ ... "

ကြိုင် ပြတ်သားစွာ ပြောခဲ့သည်။ သံသာ ဆုံးဖြတ်လိုက်၏။ ကြိုင် လွတ်လပ်စွာနေပါစေ။ သူ့ တရားရုံးမှာ တရားဝင်ကွာရှင်းပေးခဲ့သည်။

"ကျွန်မကြောင့် ရှင့်အစ်ကို အသက်ဆုံးရှုံးသွားရတဲ့အတွက် စိတ်မကောင်းပါဘူး ကိုမိုးသံသာ ... ကျွန်မတို့ လမ်းခွဲအဆုံးသတ်လိုက်ကြတာက အကောင်းဆုံးရွေးချယ်မှုပါ"

"ကြိုင်ရယ် ... "

"မာမီ့ကိုလည်း မမုန်းပါဘူး၊ ကျေးဇူးလည်း တင်နေမှာပါ။ ကျွန်မတို့ ဘယ်လိုအကြောင်းပြချက်နဲ့မှ ထပ်ပြီးမပတ်သက်ဘဲနေကြရအောင်ပါ"

သံသာ အရှုံးတပိုင်း ဆောက်တည်ရာမရခဲ့။ သူ့ဘက်က စတင်မှားယွင်းခဲ့တာပဲ။ ကြိုင်က အပြစ်ကင်းခဲ့သည်။ အဓော်ကား ခံခဲ့ရ၏။ မောင့်ကို မုန်းတီးနာကြည်းမနေပါနဲ့ ကြိုင်။ မောင့်နှလုံးသားတွေ မခံမရပ်နိုင်အောင် နာကျင်ခံစားနေရလို့ပါကွာ။ မာမီနှင့် တိုင်ပင်၍ နိုင်ငံခြားမှာ အပြီးအပိုင် သွားရောက်နေထိုင်ဖို့ ပြောခဲ့





သည်။

"မာမီတော့ မလိုက်ဘူး သားသံသာ ... မာမီ အသက်ရှင်နေသရွေ့ သားသံစဉ် နောက်ဆုံးခေါင်းချသွားတဲ့ အိမ်မှာပဲနေမယ်"

"မာမီ့ကိုလည်း စိတ်ဖိစီးမှုတွေ မရှိစေချင်ဘူး၊ အားလုံးမေ့ဖြစ်လိုက်ကြရအောင်ပါ"

"ဟင့်အင်း ... မာမီ လုံးဝထွက်မသွားဘူး၊ သားသံစဉ်အတွက် မာမီဆောင့်ရှောက်ပေးရဦးမယ် ... မာမီ့ကြောင့် သားသံစဉ် အနာဂတ်တွေ ပျက်စီးရတာပါ ... မာမီက အရှုံးလို့သတ်မှတ်ခဲ့တယ်၊ အိမ်တွင်းမှာပဲထားခဲ့တာ ... အမှားညီအစ်ကိုကိုတောင် သီးခြားဆက်ဆံခဲ့တယ်"

ဒေါ်ရီတာနွယ် ဘယ်လိုမှသည်းမခံနိုင်ပေ။ သားသံစဉ် အရှုံးမဟုတ်ပါဘူး။ မိမိက သတ်မှတ်ခဲ့တာပါ။

"မာမီ ဘယ်လိုလုပ် မေ့နိုင်မလဲ ... သားသံစဉ်က နည်းနည်းလေး ဖြစ်ရတာကို မာမီက ... "

"တော်ပါတော့ မာမီ ... ဆက်မပြောပါနဲ့၊ သံသာ မကြားရက်လို့ပါ"

"တကယ်တော့ သားသံစဉ် စိတ်ဝေဒနာခံစားရတာပါ၊ မာမီ့ကို မကျေနပ်ခဲ့တာ ပေါက်ကွဲနေရှာတာ ... "



www.burmeseclassic.com

www.burmeseclassic.com



ခေါင်း နည်းနည်းပါးပါးလေး ထိခဲ့တာကို မိမိကိုယ်တိုင်က ဂုဏ်သိက္ခာအရ အရှုံးလေးတစ်ယောက် မွေးခဲ့တယ်ဆိုတာ သိမ်ငယ်စိတ်တွေနှင့် အတ္တကြီးကြီးနှင့် သားသံစဉ်အား လူမြင်ကွင်းကနေ ဖျောက်ဖျက်ထားခဲ့သည်။

"မာမီ ဘယ်လိုဖြေရမလဲ ... သားသံသာ သွားပါ၊ မာမီခွင့်ပြုတယ် ... မာမီ့ကြောင့်ပဲ သားသံသာ ဘယ်လောက်အထိ အပူမီးတွေ တောက်လောင်ရလဲဆိုတာ မာမီမသိဘဲနေမလား ... ကြိုင်လေးကလည်း သားသံသာကို ချစ်ရှာပါတယ် ... တစ်နေ့နေ့တော့ မာမီသေဆုံးသွားတဲ့ နောက်ပိုင်းပေါ့လေ ... သားတို့နှစ်ယောက် ပေါင်းဆုံကြမှာပါ"

"မာမီမရှိတဲ့နောက်ဆိုတဲ့ စကားတွေမပြောပါနဲ့မာမီ ... သံသာ့ဘဝမှာ မာမီရှိမှဖြစ်မှာနော် ... သံစဉ့်ကို ဆုံးရှုံးပြီးပြီ၊ မာမီ့ကို ထပ်ပြီး မဆုံးရှုံးပါရစေနဲ့ ... သား တောင်းပန်ပါတယ်ဗျာ၊ မာမီ အသက်ရှည်ရှည်နေပေးပါ ... သားအတွက် မာမီရှိမှဖြစ်မယ်"

သံစဉ် လူ့လောကကြီးထဲကနေ ထွက်သွားတာ သံသာနဲ့ ကြိုင့်အတွက်ပါ။ သံစဉ့်စိတ်တွေ ပုံမှန်ပြန်ဖြစ်နေပြီပဲ။ မာမီ့လိုပဲ သံသာကိုယ်တိုင် မဖြေနိုင်ဘဲ ဖြစ်နေသေးသည်။

"အေးပါ သားသံသာရယ် ... မာမီ အသက်ရှည်ရှည်လေး





နေပေးမှာပါ ... သားသံသာကို တစ်ယောက်ထဲမထားခဲ့နိုင်သေးပါဘူး"

သားသံသာ တစ်ယောက်ထဲ စိတ်သောကအပူမီးတွေ ပိုင်းပတ်လျှက် မထားနိုင်သေး။ မိမိစောင့်ရှောက်ပေးရဦးမည်။ စိတ်ပြေလက်ပျောက် နိုင်ငံခြားကို ထွက်သွားခွင့်ပြုသည်။

"မာမီ့ကို နောက်ဆံမတင်းပါနဲ့ သားသံသာရယ် ... မေ့ပြစ်သင့်တာ မေ့ပြစ်ပါ ... သားသံသာက လူ့လောကကြီးထဲမှာ ဖြတ်သန်းဖို့ အချိန်တွေရှိပါသေးတယ်"

သနားစရာကောင်းလိုက်တဲ့ သားသံသာ။ မိသားစုအတွက် ငယ်စဉ်လေးထဲက အနစ်နာခံတတ်သူ။ ဒေါ်ရီတာနွယ် ... မျက်ရည်မကျမိစေရန် ကြိုးစားရသည်။

"မာမီ ... "

"သားရယ် ... "

"သံသာ အပြီးအပိုင်ထွက်သွားတာမျိုးတော့ မဟုတ်ပါဘူး။ မာမီ့ဆီ ပြန်လာခဲ့မှာပါ ... လူ့လောကကြီးထဲမှာ သံယောဇဉ်တွယ်စရာဆိုလို့ ဒီသားအမိနှစ်ယောက်ထဲ ရှိတာပါ"

သားသံသာက မိခင်အား ကန်တော့၍ နိုင်ငံခြားသို့ စီးပွားရေးလုပ်ငန်းတွေအတွက် ထွက်သွားသည်။ လေယာဉ်ကွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့ပြီးအပြန်တွင် သားရှေ့မှာ ဟန်ဆောင်နေရမှုတွေမရှိ၍ အသက်ရှူလို့ပင် မဝအောင် မောပန်းနွမ်းနယ်ရသည်။

"မမရီတာ ... ဆရာဝန်ခေါ်လိုက်မယ်နော်၊ အရမ်းမောနေလားဟင် ..."

"အင်း"

မောလိုက်တာ ... ရင်ထဲမှာစို့နစ်နေသည်။ သားသံသာကို မိမိစိတ်ပူနေသည်။ မာမီ့ကို လူ့လောကကြီးထဲမှာရှိနေစေချင်တာ မဟုတ်လား။ အသက်ရှူရတာ ဘာဖြစ်လို့များ ဒီလောက်အထိ မောပန်းနွမ်းနယ်ရတာလဲ။ ဆရာဝန် ရောက်လာသည်။

"သားသံသာ ထွက်သွားတာနဲ့ စိတ်မောနေတာ မဟုတ်လား ... စိတ်ကို လျှော့ပါ ... သံသာ့အတွက် ဒေါ်ရီတာနွယ်ရှိဖို့လိုအပ်တယ်နော်"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

"ဆေးခန်းမှာ ကျန်းမာရေးစစ်ဆေးမှုတွေ လုပ်ရမယ်၊ မပျော်နဲ့နော် ... နှလုံးခုန်သံက မမှန်ဘူးဖြစ်နေတယ်၊ အရမ်းလည်းအားနည်းနေတယ်၊ ဆေးခန်းကို ချက်ချင်းသွားပြပါ"

မိသားစုဆရာဝန်ရဲ့ ညွှန်ကြားချက်နှင့် နှလုံးရောဂါ အထူးကုဆရာဝန်ကြီးနှင့် ပြရသည်။ နှလုံးသွေးကြောတွေ ပိတ်နေပြီး အားလည်းနည်းနေ၏။ သားသံသာကို ပြောမပြတော့။ နိုင်ငံခြားမှာ စိတ်တွေ တည်ငြိမ်အေးချမ်းတဲ့အထိ နေပါစေ။

"သားသံသာရယ် ... မာမီ အသက်ရှင်ပေးမှာပါ၊ ကြိုင်လေးကိုလည်း သားသံသာနဲ့ အဆင်ပြေချင်ပါတယ်၊ မာမီ တောင်းပန်ချင်ပါတယ် ..."

ဒေါ်ရီတာနွယ် အတမ်းတဆုံးက သင်းရနံ့ကြိုင်ရဲ့ ခွင့်လွှတ်မှုကိုပါပဲ။ တစ်နေ့တခြား ဆေးကုသနေတဲ့ကြားမှ နှလုံးက မသက်သာဘဲ မောသထက်မောလာသည်။

"မမရီတာရယ် ... ဘာပဲဖြစ်ဖြစ် သားသံသာကို အကြောင်းကြားပေးပါ ... အမေကို ပြုစုချင်မှာပဲလေ"

"အကြောင်းမကြားတော့ပါဘူး ဒေါ်ဒေါ်ကြီးရယ် ... မမရီတာ သေရင်လည်း သားသံသာကို ပြန်အလာမခိုင်းနဲ့တော့ တစ်ခုပဲရှိတာက ကြိုင်လေးနဲ့တွေ့ချင်တယ် ... ကြိုင်လေးရဲ့ ခွင့်လွှတ်မှုကိုပဲ မာမီအလိုလားအတောင်းတဆုံးပဲ ဖြစ်နေတယ်"

ဒေါ်ရီတာနွယ် အတွေးကြီးခဲ့တာပါ။ နှလုံးသားတွေ ထိခိုက်ခံစားရတာ နှစ်တွေကြာခဲ့ပြီပဲ။ သားသံသာကို အသိမပေးဖို့ တားမြစ်ထားသည်။ မိတ်ကြိတ်ခံစားရင်း နလန်ထူနိုင်အောင် ကြိုးစားရင်း ကြိုင်လေးနှင့် တွေ့ဆုံဖို့ ကြိုးစားနေခဲ့၏။ ရောဂါကလည်း







www.burmeseclassic.com

www.burmeseclassic.com



ဖြည်းကျွမ်းလာပြီထင်သည်။

"မာမီ"

"ဟင် ... အမလေး ကြိုင်လေး ... မာမီ အရမ်းတွေ့ချင်နေခဲ့တာ ... ကြိုင်လေး ရောက်လာတယ်နော်"

ဝေဒနာတွေကို ခံစားရင်း မိမိအရမ်းမျှော်လင့်နေတဲ့ သင်းရနံ့ကြိုင်အား တွေ့လိုက်ရသဖြင့် အတိုင်းအဆမရှိ ပျော်ရွှင်ရသည်။

"သမီးလေးကြိုင် ... သမီးလေးရယ် ... "

"စိတ်တွေကို တည်ငြိမ်အောင် ကြိုးစားပါ မာမီရယ် ... မောင့်အတွက် မာမီရှိနေမှဖြစ်မှာလေ"

"ဟင် ... မောင်တဲ့လား ... အမလေး မာမီကြားရတာ နားဝင်ချိုလိုက်တာနော် ... မာမီ သေပျော်ပါပြီ၊ သမီးကြိုင်လေး ခွင့်လွှတ်လို့လေ ... "

မောင်တို့မိသားစုလည်း ထိခိုက်နစ်နာမှုတွေ များလွန်းသည်။ ကြိုင်ဆက်ပြီး မာနတွေနှင့် တင်းခံမနေနိုင်တော့ပါဘူး။ မာမီ့ ကျန်းမာရေးက ကြိုင် စောင့်ရှောက်မှုဖြစ်တော့မယ်ဆိုတာ အသိတရားဖြင့် ကြိုင် ရောက်ရှိလာခြင်း ဖြစ်သည်။

"ကြိုင်"

"ရှင် မာမီ ... "





"မာမီ့သားကိုလေ လက်ခံပေးပါ ... လို့မှာပြီး အနစ်နာခံတတ်တဲ့ မိုးသံသာပါ သမီးရယ် ... မာမီ့ကို ကတိပေးပါ၊ သားသံသာနဲ့ ပြန်ပေါင်းပါ့မယ်လို့ ... "

"ဟုတ်ကဲ့ ... ကြိုင်လည်း မောင်နဲ့အဝေးဆုံးမှာ မနေနိုင်ပါဘူး မာမီရယ် ... ကတိပေးပါတယ်၊ မောင့်ကို အကြောင်းကြားရအောင်ပါ အမြန်ဆုံးပြန်လာပါလို့ ... "

"ဟုတ်တယ် ... ဟုတ်တယ် ... အကြောင်းကြားရမယ်၊ အမြန်ဆုံး အကြောင်းကြားလိုက်နော် သမီးကြိုင် ... "

မောလိုက်တာ ... အပျော်တွေက ရင်ဝမှာဆို့တက်နေသလိုပင်။ သားသံသာ ဘယ်လောက်ပျော်လိုက်မလဲ။ မိမိ သေပျော်ပါပြီ။

"မာမီ ... မာမီ သတိထားပါဦးနော် ... မာမီ အသက်ရှင်ကျန်းမာအောင် နေပါ့မယ်လို့ ကြိုင့်ကို ကတိပေးစမ်းပါ၊ မိသားစုလေး ပြန်လည်သင့်မြတ်ပျော်ရွှင်စွာ နေထိုင်ကြမယ်လေ ... "

သမီးကြိုင် ပြောနေတဲ့ အသံကို မိမိပီသစွာ ကြားရပြီး ခေါင်းသွားပြန်သည်။ မောလိုက်တာအသက်ရှူလို့ မဝတော့ဘူး။ ကြိုင်လေးကို မာမီ ကတိမပေးနိုင်တော့ဘူးထင်တယ်။ သမီးကြိုင်လေးပဲ ကတိတည်ပေးပါနော်။ မာမီ သွားရတော့မယ်ထင်တယ်။ နှုတ်ဆက်ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မာမီ ... မာမီ ခေါ်ကြီးရေ လာပါဦး ... မာမီ ငြိမ်သွားပြီ ခေါ်လို့လည်း မရတော့ဘူး ... မာမီ ... "

အလုပ်သမား အခေါ်ကြီးရော ခြံစောင့်ကြီးရော ဒရိုင်ဘာရော အားလုံးပြေးတက်လာတော့ မာမီ အသက်ရှူ လုံးဝရပ်ဆိုင်းသွားပြီဖြစ်သည်။

"မာမီရယ် ... ကြိုင့်ကို အပြစ်ဖြစ်အောင်လုပ်ထားခဲ့တာလားဟင် ... မောင့်ရင်ထဲက နာကျင်မှုတွေ လျှော့ပါးသွားမလားဆိုပြီး ကြိုင် လာခဲ့တာပါနော် ... "

မာမီ အသက်မရှိတော့ဘူးဆိုတာကို မိသားစုဆရာဝန်ကြီးက အတည်ပြုသည်။ ကြိုင် ရောက်လာတာနှင့် မာမီ စိတ်ချလက်ချ လူ့လောကကြီးထဲကနေ ထွက်ခွာသွားတာပဲ ဖြစ်နိုင်၏။ မာမို့အလောင်းကို ရေခဲတိုက်ပို့ကြသည်။

"ကြိုင်လေး ... ပြန်မသွားပါနဲ့နော်၊ မနက်ဖြန်မှာ မိုးသံသာ ရောက်လာမယ်၊ အမေ့အတွက် အပူသောကတွေ လောင်မြိုက်နေမှာပါ ... မောင်မိုးသံသာအနားမှာ နေပေးပါကွယ်"

အားလုံးက ဝိုင်း၍တောင်းဆိုကြသည်။ ကြိုင်လည်း မောင့်အနားမှာပဲ ထာဝရနေဖို့ ဆုံးဖြတ်ထားပြီးသား ဖြစ်န၏။ ဒါပေမဲ့လည်း မောင်နှင့်ရုတ်တရက်ကြီး မျက်နှာချင်း မဆိုင်ရဲသဖြင့် မာမို့





ရုပ်အလောင်းအား သင်္ဂြိုလ်ပြီးတဲ့အထိ သူမ အဝေးမှာပဲနေထိုင်ခဲ့သည်။ မာမို့ရုပ်အလောင်းအား ဂူသွင်းသင်္ဂြိုလ်ရာ နောက်ဆုံး မောင်တစ်ယောက်ထဲ မာမို့အုတ်ဂူလေးနားမှာ မှောင်စပျိုးတဲ့အထိ ရှိနေသေး၍ ကြိုင့်ခြေလှမ်းတွေက တဖြည်းဖြည်းနှင့် မောင့်အနားသို့ တိုးကပ်လာခဲ့မိသည်။

"မောင်"

"ဟင် ... ကြိုင် ... "

"ပြန်ကြရအောင်ပါ မောင်ရယ်နော် ... ဘာပဲဖြစ်ဖြစ် မာမီကလေ မောင့်ကိုပျော်ရွှင်နေစေချင်မှာပါ ... မောင်အရမ်းကြီးကြေကွဲနေတာတွေ မြင်ချင်မှာ မဟုတ်ပါဘူးနော်"

ကြိုင်က သံသာ့ကို ခွင့်လွှတ်နားလည်လက်ခံပြီဆိုတဲ့ သတင်းကို သံသာရပြီးသားပါ။ မာမီလည်း ပျော်ရွှင်ကျေနပ်သွားခဲ့သည်တဲ့။

"မောင် ဝမ်းနည်းကြေကွဲမနေပါနဲ့တော့နော် ... မာမို့ဆန္ဒတွေအတိုင်း ကြိုင်တို့အနာဂတ်မှာ အကောင်းဆုံးတွေ အပျော်ရွှင်ဆုံးတွေဖြစ်အောင် ကြိုးစားတည်ဆောက်ကြမယ်လေ"

"ကြိုင်ရယ်"

မောင့်လက်တွေက ဆန့်တန်းလာပြီး သူမခန္ဓာကိုယ်လေး



www.burmeseclassic.com

www.burmeseclassic.com



အား သိမ်းကြုံးဖက်လိုက်သဖြင့် ကြိုင် အထိတ်တလန့်ဖြစ်သွားရသည်။ ရုတ်ရုတ်နှင့် အတင်းရုန်းဖယ်ပြစ်နေမိ၏။ မောင်က အသာလေး ငြိမ်နေစမ်းပါကြိုင်ရယ်။ မာမီက မောင်နဲ့ကြိုင့်ကို ဒီလိုအနေအထားမျိုး မြင်တွေ့ချင်မှာပါတဲ့။ ကြိုင်လည်း ရုန်းမနေတော့။ မောင်နှင့်ကြိုင် တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာပွေ့ဖက်ထားကြရင်း မာမို့ကို နှုတ်ဆက်ကန်တော့ကြလေသည်။

"မောင်နဲ့ကျွန်မ မခွဲခွာကြစတမ်း … မာမို့ရှေ့မှာ ကတိသစ္စာပြုကြမယ်လေ … "

ရှင်မြတ်နိုး

BURMESE CLASSIC

www.burmeseclassic.com